# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိဋကတ်(ဓမ္မပဒ-၂၁၇)


၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက် | ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၇ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၁)၊ အမှတ် (၃၀၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်း များဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်

နေပြည်တော် ဩဂုတ် ၆

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။

စာမျက်နှာ ၆ ကော်လံ ၁ ❑

## နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၁) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့တွေ့ဆုံဆွေးနွေးပြီး သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုး



ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁) စဝ်ခေးတိုင်းတို့ ဆွေးနွေးညှိနှိုင်းချက်များအရ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးကြစဉ်။

နေပြည်တော် ဩဂုတ် ၆

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၁)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်

စာမျက်နှာ ၃ ကော်လံ ၁ ❂

## ယနေ့ ဖတ်စရာ


လာအိုနိုင်ငံ၌ ငွေကြေးဖောင်းပွမှု ဇူလိုင်လတွင် ၂၅ ဒသမ ၆ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ — နိုင်ငံတကာသတင်း စာ -၁၃

ကိုယ်ကျိုးစီးပွား ပြိုင်ဆိုင်မှုတွေ တုံ့ပြန်နိုင်ဖို့ဆိုရင် — ဆောင်းပါး စာ -၁၆

ပြည်ပဈေးကွက်ရှိလာ၍ ပလောမြို့နယ်၌ ဝဉကို စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်သူ ပိုမိုများပြားလာ — စိုက်၊ မွေး၊ စီးပွား စာ -၂၁




## မိခင်နို့ချိုတိုက်ဖို့ရာ၊ ဝိုင်းဝန်းပံ့ပိုးပညာပေးကာ၊ ယနေ့မှစအရှိန်မြှင့်ပါ

နှစ်စဉ်ဩဂုတ်လသည် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုများ ဆောင်ရွက်သည့်လဖြစ်သည်။ ဩဂုတ်လ၏ ပထမပတ်သည် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်ဖြစ်ပြီး ဒုတိယပတ်သည် ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖြစ်သည်။ တတိယပတ်သည် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖြစ်ပြီး စတုတ္ထပတ်သည် အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေး ရက်သတ္တပတ်ဖြစ်သည်။

ရင်သွေးငယ်များကို မိခင်နို့တိုက်ကျွေးခြင်းက ကလေးမှာရော မိခင်မှာပါ အကျိုးကျေးဇူးများ ရရှိစေနိုင်သည့်အတွက် မွေးကင်းစမှစ၍ ကလေးအသက် ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးရန် ကျန်းမာရေးပညာရှင်များက အကြံပြုထားကြသည်။ ကလေးခြောက်လသားအရွယ်မှစ၍ ဖြည့်စွက်စာများ စတင်ကျွေးနိုင်ပြီး ကလေးနှစ်နှစ်သားအထိ မိခင်နို့ကို ဆက်လက်တိုက်ကျွေးနိုင်ကြောင်း၊ မိခင်နို့တိုက်ကျွေးခြင်းဖြင့် ကလေးအတွက် ကျန်းမာရေးအကျိုးကျေးဇူးများ ရရှိစေနိုင်သည်။ ကလေးအဖို့ မိခင်နို့သည် အကောင်းဆုံးအာဟာရဖြစ်သည်။ နို့ဦးရည်နှင့် မိခင်နို့က ကလေးငယ်ကို ရောဂါမဖြစ်ပွားစေရန် ကာကွယ်ပေးနိုင်သည့် တန်ဖိုးအရှိဆုံးသော ဆေးဝါးပင်ဖြစ်သည်ဟု အဆိုရှိသည်။ မိခင်နို့သည် ရင်သွေးငယ်အတွက် လုံလောက်သော စွမ်းအင်၊ အဆီဓာတ်၊ သကြားဓာတ်၊ ဗီတာမင်နှင့် သတ္တုဓာတ်တို့ပါဝင်ပြီး မိခင်နို့တိုက်သည့် ကလေးငယ်မှာ ဝမ်းလျှောခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကူးစက်ခြင်းနှင့် နာတာရှည်ရောဂါများ အန္တရာယ်တို့မှ လျော့ချနိုင်သည်။ မိခင်နို့ကို မကြာမကြာ၊ အချိန်ကြာကြာ တိုက်ကျွေးခြင်းဖြင့် မိခင်နှင့် ရင်သွေးတို့အကြား သံယောဇဉ်တွယ်တာမှု ခိုင်မာစေပြီး နို့ထွက်လည်း များစေသည်ဟု အကြံပြုထားသည်။

နို့တိုက်မိခင်အနေဖြင့် အာဟာရပြည့်ဝရန် လိုအပ်သည့်အတွက် အစာပို၍စားရန် လိုအပ်ပြီး ငန်လွန်းသည့် အစားအစာမှလွဲ၍ အစာမရှောင်ရန် တိုက်တွန်းထားသည်။ မိခင်နို့တွင် ကလေးအတွက် လိုအပ်သော အာဟာရများပြည့်စုံရန်နှင့် လုံလောက်သော ပမာဏရရှိစေရန် ကစီဓာတ်နှင့် အဆီဓာတ်များပါဝင်သော အင်အားဖြစ်စေသည့် အစာအုပ်စု၊ အသားဓာတ်များပါဝင်သော ခန္ဓာကိုယ်ကြီးထွားစေသည့် အစာအုပ်စု၊ ဗီတာမင်ဓာတ်၊ သတ္တုဓာတ်နှင့် ရေဓာတ်တို့ပါဝင်သော ရောဂါကာကွယ်စေသည့် အစာအုပ်စုတို့ကို နေ့စဉ်စားသုံးသည့်အခါတိုင်း အုပ်စုသုံးစုလုံးပါအောင် စားသုံးရန်ဖြစ်သည်။ အာဟာရမျှတစွာ ရရှိအောင် စားသုံးခြင်းသည် ငွေကုန်ကြေးကျများရန် မဟုတ်ဘဲ အစားအစာအုပ်စုများနှင့် အာဟာရဓာတ်များနှင့် စပ်လျဉ်း၍ အသိသုတရှိရန်သာ လိုအပ်သည်။

ယခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်ဆောင်ပုဒ်မှာ **"Step Up for Breastfeeding, Educate and Support"** "မိခင်နို့ချိုတိုက်ဖို့ရာ၊ ဝိုင်းဝန်းပံ့ပိုးပညာပေးကာ၊ ယနေ့မှစအရှိန်မြှင့်ပါ" ဟူ၍ ဖြစ်သည်။ မိခင်နို့တိုက်ကျွေးခြင်းသည် ရင်သွေးအတွက်၊ မိခင်အတွက်နှင့် ၎င်းတို့၏ မိသားစုအတွက်ပါ အကျိုးများသည့်အလျောက် ပညာပေးရေးလုပ်ငန်းများနှင့်အတူ ကူညီပံ့ပိုးမှုများ မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေး နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှု အနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက် (၁၆) နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **"ပန်းခင်း"**စီမံချက်ဖြင့် ရုံးတွင်ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများကို (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင် လည်းကောင်း၊ တည်းခိုနေထိုင်ရာ နေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်) ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်)ကို (၁-၄-၂၀၂၂) နေ့ (၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အစား ထောက်ခံစာများကို ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်း အသိပေးအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## ဧရာဝတီတိုင်းဒေသကြီး သစ်တောဦးစီးဌာန၏ ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် မြန်အောင်၌ကျင်းပ

မြန်အောင် ဩဂုတ် ၆

ဧရာဝတီတိုင်း ဒေသကြီး သစ်တောဦးစီးဌာန၏ ၂၀၂၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက်ပိုင်းက မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကြိုးဝိုင်း အကွက်အမှတ် (၅၂) ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ် ၇၆/၅ အနီး၌ ကျင်းပသည်။



သစ်ပင်စိုက်ပျိုး ပွဲတော်တွင် မြန်အောင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၅၀၀ ကျော်တို့က ကံ့ကော် ၁၀ ပင်၊ ကျွန်းပင် ၁၃၀၊ ပျဉ်းကတိုးပင် ၅၀၊ မဇ္ဈိဩဂပင် ၅၀၊ မန်ကျည်းပင် ၅၀၀၊ မဟော်ဂနီပင် ၁၀၀၊ ယမနေ ၂၅ ပင်၊ ပိတောက်ပင် ၅၀၊ ကုတ်ဟဲပင် ၁၀၀၊ တောင်သရက်ပင် ၅၀၊ ကညင်ပင် ၅၀ တို့ကို စုပေါင်းစိုက်ပျိုးသည်။ **(အပေါ်ပုံ)**

မြန်အောင်ခရိုင်အတွင်း ၂၀၂၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ မြို့နယ် အဆင့် ငါးပွဲ၊ ခရိုင်အဆင့်တစ်ပွဲ စုစုပေါင်း ခြောက်ပွဲ ပျိုးပင်ပေါင်း ၄၇၃၀ စိုက်ပျိုးပြီးစီးကြောင်းနှင့် ၂၀၂၂ ခုနှစ် မိုးရာသီတွင် နိုင်ငံပိုင်သစ်တော စိုက်ခင်း ဧက ၁၀၀၀ မှ ၈၇၅၅၀၀၊ သဘာဝ တောတန်ဖိုးမြှင့် ဧက ၅၀၀ မှ ၃၅၀၀၀၊ စိုက်ခင်းဟောင်း ပြန်လည်ပြုစု ထိန်းသိမ်းခြင်း ၁၂၆၁ ဧကမှ ၆၈၀၈၄၀၊ ဒေသပိုင်ပြည်သူအစုအဖွဲ့ပိုင် သစ်တော တည်ထောင်ခြင်း ၄၅၉ ဧကမှ ၆၈၈၅၀၊ ပုဂ္ဂလိကစိုက်ခင်း တည်ထောင်ခြင်း ၁၁၅ ဧကမှ ၆၉၃၀၀၊ လူထုဖြန့်ပျိုးပင်များ ဖြန့်ဝေစိုက်ပျိုးခြင်း ၄၁၀၀၀၀ စိုက်ပျိုးပြီး ဖြစ်ကြောင်း မြန်အောင်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိဦးသန်းဌွေးထံမှ သိရသည်။

ဝင်းဗိုလ်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ တတိယအကြိမ်မြောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို သရက်လိန်ကျေးရွာအနီး ပန်းတောင်း-တောင်ကုတ်ကားလမ်းဘေး ဝဲ/ယာ တို့တွင် ဩဂုတ် ၆ ရက်က ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သူရနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ စုပေါင်းစိုက်ပျိုးကြစဉ်။

အောင်မြင့်(ပန်းတောင်း)



နိုင်ငံတော်၏ ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေး ပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၁) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံ ဆွေးနွေးစဉ်။

❂ *ရှေ့ဖုံးမှ*

ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁) စဝ်ခေးတိုင်း၊ ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်၊ ဗဟိုကော်မတီဝင် စဝ်နော်လိတ်တို့ တက်ရောက်ကြသည်။

**အတည်ပြုလက်မှတ်ရေးထိုး**

ဒုတိယနေ့တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံရေးပါတီများအစုအဖွဲ့က ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ခုနှစ်မှ ပြင်ဆင်လိုသည့် အချက်များနှင့်စပ်လျဉ်း၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၏ သဘောထားများကို ညှိနှိုင်းရေး ကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများအား နှစ်ဖက်ဆွေးနွေးညှိနှိုင်းကြပြီး ၃ ရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးကြသည်။

**လက်ဆောင်ပစ္စည်းများ ပေးအပ်**

ယင်းနောက် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) မှ ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်နှင့် နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားများ ပြောကြားခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားစာအုပ်၊ မှတ်တမ်းစာအုပ်များ၊ ခေတ်နှင့်အညီ ပြန်လည်ပြုစုထားသည့် မြန်မာ့စွယ်စုံကျမ်း (အတွဲ-၁)နှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁) စဝ်ခေးတိုင်းတို့ ဆွေးနွေးညှိနှိုင်းချက်များအရ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုး လဲလှယ်ကြစဉ်။



# မြန်မာနိုင်ငံစက်မှုလက်မှုသမိုင်းအား အချက်အလက်မှန်မှန်ကန်ကန်ဖြင့် အမြန်ဆုံးထုတ်ဝေနိုင်ရေးအတွက် ပွင့်ပွင့်လင်းလင်းဆွေးနွေး

**နေပြည်တော် ဩဂုတ် ၆**

မြန်မာနိုင်ငံ စက်မှုလက်မှုသမိုင်းပြုစုရေး ဦးစီးကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၇) မိုင်ရှိ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာန၌ ကျင်းပသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက မြန်မာနိုင်ငံ စက်မှုလက်မှုသမိုင်းနှင့် ပတ်သက်၍ မျိုးဆက်သစ်လူငယ်များ၊ ဖတ်ရှုလေ့လာပြီး သိပ္ပံ၊ အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားလာစေရန် ရည်ရွယ်ပြုစုနေခြင်းဖြစ်ကြောင်း၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်သည့်အခါ၊ ဖွံ့ဖြိုးပြီးလုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့်အခါ၊ စက်မှုကဏ္ဍနှင့်ပတ်သက်၍ မျိုးဆက်သစ်လူငယ်များ လေ့လာသည့်အခါတို့တွင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့် အခြေခံများ၊ နည်းပညာများ ဆောင်ရွက်သည့် လုပ်ငန်းစဉ်များ ပါဝင်သောကျောထောက်နောက်ခံပြုနိုင်မည့် သိပ္ပံ၊ အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာ စာတမ်းကြီးတစ်ခုဖြစ်အောင် အားလုံးကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အစည်းအဝေးသို့ တက်ရောက်လာသူများအနေဖြင့် မြန်မာနိုင်ငံ စက်မှုလက်မှုသမိုင်းအား အချက်အလက် မှန်မှန်ကန်ကန်ဖြင့် အမြန်ဆုံးထုတ်ဝေနိုင်ရေးအတွက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန် မှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံ စက်မှုလက်မှုသမိုင်းပြုစုရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က မြန်မာနိုင်ငံ စက်မှုလက်မှုသမိုင်းတွင် ပါဝင်သင့်သည့်အချက်များ၊ ကဏ္ဍများကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လုပ်ငန်းခွင်သို့ ဝင်ရောက်မည့် အရာထမ်းလောင်း အခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်း အရာထမ်းများကို မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းရှိ လျှပ်စစ်ဓာတ်ခွဲခန်းနှင့် လျှပ်စစ်ကျွမ်းကျင်မှု သင်တန်းခန်းမ၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် အရာထမ်းအင်ဂျင်နီယာ ဝန်ထမ်းများအား နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော လုပ်ငန်းခွင်သို့ ဝင်ရောက်ရာတွင် ဖြေဆိုရမည့် Fundamental Engineering (FE) စာမေးပွဲနှင့် ပတ်သက်သည့် သိသင့်သိထိုက်သော အချက်များအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းပို့ချသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အရာထမ်းလောင်း အခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ် (၈) တွင် သင်တန်းသူ စံပြထူးချွန်ဆုနှင့် သင်တန်းသူ စာပေထူးချွန်ဆုရ အရာထမ်း နှစ်ဦးကို ဂုဏ်ပြုဆုငွေများချီးမြှင့်ပြီး လုပ်ငန်းခွင်သို့ ဝင်ရောက်မည့် အရာထမ်းငယ်များကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ပြည်ထောင်စုနယ်မြေ နေပြည်တော် ဝန်ထမ်းအိမ်ရာများတွင် ခြင်ကျားနှင့် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး





နေပြည်တော် ဩဂုတ် ၆

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်၊ တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ကောင်စီ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဝန်ထမ်းအိမ်ရာများတွင် ဆောင်ရွက်လျက်ရှိသည့် ခြင်ကျားနှင့် ပိုးလောက်လမ်းနှိမ်နင်းရေး ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရေးနှင့် ဝန်ထမ်းအိမ်ရာများရှိ ဝန်ထမ်းများနှင့် မိသားစုဝင်များကိုယ်တိုင်ပါဝင်၍ ခြင်ကျားနှင့် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေးအသိပညာပေးခြင်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများ၏ ဝန်ထမ်းအိမ်ရာ ၂၁၇၅ လုံးတွင် သွေးလွန်တုပ်ကွေးရောဂါနှင့် ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကူးစက်ပြန့်ပွားမှုကို ကာကွယ်နိုင်ရေး၊ သွေးလွန်တုပ်ကွေးရောဂါကြောင့် နာမကျန်းဖြစ်ပွားမှုနှင့် သေဆုံးမှုမရှိစေရေးနှင့် ခြင်ကျားနှင့် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများကို ပြည်သူလူထုကိုယ်တိုင် ပူးပေါင်းပါဝင်၍ ဆောင်ရွက်နိုင်ရေး ရည်ရွယ်ချက်များဖြင့် ဩဂုတ် ၆ ရက်နှင့် ၇ ရက်တို့တွင် အဘိတ်ဆေးခတ်အဖွဲ့ ၅၀ ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် အင်းဆက်ပိုးမွှားများ နှိမ်နင်းရေးအတွက် ခြင်ဆေးမှုတ်အဖွဲ့ ၁၀ ဖွဲ့တို့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ရေသိုလှောင်ရာနေရာများကို ခြင်လောက်လမ်းသေဆေး(အဘိတ်)ခတ်ခြင်း၊ ကျန်းမာရေးအသိပညာပေးဗီနိုင်းများအား လိုက်လံကပ်ပေး၍ ဝန်ထမ်းများနှင့် မိသားစုဝင်များကိုယ်တိုင် ဆက်လက်၍ ခြင်ကျားနှင့် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေးအသိပညာပေးခြင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် သက်ဆိုင်ရာ ဝန်ထမ်းအိမ်ရာနေထိုင်သူများ ပူးပေါင်း၍ ခြင်ခိုအောင်းနိုင်သည့် ပတ်ဝန်းကျင်ရှိ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေတင်ကျန်ရှိသည့် တာယာဟောင်းများကို စနစ်တကျစွန့်ပစ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်၊ ခတ်၊ လောင်း၊ ထောင်၊ ဖွင့်၊ စွန့်/မြှုပ်၊ ရှင်း၊ မှုတ် စသည့် ခြင်ကျားနှင့် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တပ်မတော်ကျန်းမာရေးနှင့် ရောဂါနှိမ်နင်းရေးတပ်နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် အင်းဆက်ပိုးမွှားများနှိမ်နင်းရေးအတွက် ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရောဂါမျိုးသယ်ဆောင်သော ပိုးမွှားကောင်များမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးအဖွဲ့(ဗဟိုရပကန)မှလည်း ဝန်ထမ်းအိမ်ရာများတွင် ခြင်ကျားနှင့် ပိုးလောက်လမ်းပေါက်ပွားမှု ဆန်းစစ်နိုင်ရေးအတွက် အိမ်ရာများအလိုက် ပိုးလောက်လမ်းတွေ့ရှိမှု၊ အိမ်ခန်းများအလိုက် ပိုးလောက်လမ်းတွေ့ရှိမှုနှင့် အိမ်ရာများရှိ အိုး/ခွက်များ၊ ကားတာယာဟောင်းများနှင့် စွန့်ပစ်ပစ္စည်းများတွင် ပိုးလောက်လမ်းတွေ့ရှိမှုကို စစ်တမ်းကောက်ယူလျက်ရှိပြီး ပိုးလောက်လမ်းတွေ့ရှိမှု များပြားသည့် အိမ်ရာများတွင် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

ယခု ခြင်ကျားနှင့် ပိုးလောက်လမ်းနှိမ်နင်းရေး ဆောင်ရွက်မှုစီမံချက်တွင် ပါဝင်ခြင်းမရှိသေးသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အခြားနေရာများတွင်လည်း အထက်ဖော်ပြပါ ခြင်ကျားနှင့် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများကို ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး မျိုးစေ့ထုတ်စံပြစိုက်ကွင်း၌ ပြုလုပ်သည့် စုပေါင်းမြေသြဇာကြဲပက်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး



နေပြည်တော် ဩဂုတ် ၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တောင် ကောင်စီဝင်နှင့်အတူ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာရှိ စီးပွားဖြစ် မျိုးသန့်မျိုးစေ့ထုတ် စံပြစိုက်ကွင်း၌ ကျင်းပသည့် စုပေါင်းမြေသြဇာကြဲပက်ပွဲသို့ တက်ရောက် အားပေးသည်။

စုပေါင်းမြေသြဇာကြဲပက်ပွဲ၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက တစ်ဧကချင်း၏ သီးနှံထုတ်လုပ်မှုစွမ်းအားတိုးတက်ရေး၊ သွင်းအားစုစရိတ်သက်သာပြီး သီးနှံအထွက်နှုန်းနှင့် အရည်အသွေး တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာများကို အကျိုးရှိထိရောက်စွာ အသုံးပြုရေး၊ ခေတ်မီနည်းပညာများ အသုံးပြုရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် တောင်သူ ဦးအောင်ငွေ၏ မျိုးစေ့ထုတ်စိုက်ခင်းတွင် ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာတွဲဖက်၍ မြေသြဇာစုပေါင်းကြဲပက်နေမှုကို ကြည့်ရှုအားပေးသည်။

အလားတူ ဒက္ခိဏသီရိမြို့နယ် မဲဒီးကျေးရွာအုပ်စုတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့မှ ပူးပေါင်းဆောင်ရွက်သည့် ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း တောင်သူပညာပေး သရုပ်ပြပွဲကို ကြည့်ရှုကြပြီး ဒေသနေတောင်သူများနှင့် တွေ့ဆုံကာ တောင်သူများ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး၊ ဝင်ငွေ အကျိုးအမြတ်များသည့် သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးဆိုင်ရာ ကိစ္စရပ်များကို ပြောကြားသည်။

ထို့မှတစ်ဆင့် Big M Group၏ သီးနှံစိုက်ကွင်းသို့ ရောက်ရှိကြပြီး လောင်ကန်၊ ကျွဲကော၊ ပိန္နဲ၊ သရက်စိုက်ခင်းများ၊ ပျိုးပင်များကို ကြည့်ရှုအားပေးကာ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နည်းပညာမျှဝေဆောင်ရွက်ရေး ဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဥတ္တရသီရိမြို့နယ် မီးလောင်ကုန်း ကျေးရွာအနီး တည်ဆောက်ထားသည့် ဖောင်းလောင် ရေလှောင်တမံအား ကြည့်ရှုစစ်ဆေးပြီး ပြောင်းလဲလာသည့်ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးရေပေးဝေမှုစနစ်ဖြစ်စေရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန် လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အောင်လံမြို့၌ e-ID software programme ရေးသွင်းခြင်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

အောင်လံ ဩဂုတ် ၆

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးစိုးပိုင်မြင့်နှင့် အဖွဲ့သည် ယမန်နေ့ညနေ ၄ နာရီက အောင်လံမြို့ သီတဂူကျောင်းတိုက်အတွင်း e–ID software programme ရေးသွင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးစိုးပိုင်မြင့်နှင့်အတူ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဇော်နှင့်အဖွဲ့ဝင်များ ပူးပေါင်းကာ အိမ်ထောင်စုလူဦးရေစာရင်း(၆၆/၆)အား e–ID software programme ရေးသွင်းခြင်းလုပ်ငန်းများ တိကျမှန်ကန်မှုရှိစေရန်နှင့် သတ်မှတ်ချိန်အတွင်း ပြီးမြောက်စေရန်အတွက် လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေသည့် ဝန်ထမ်းများအခြေအနေ၊ စက်ကိရိယာအခြေအနေ၊ အင်တာနက် (wifi) ဆက်သွယ်ဆောင်ရွက်ရမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ အောင်လံမြို့နယ်အနေဖြင့် e–ID software programme ရေးသွင်းခြင်းလုပ်ငန်းများကို ဇူလိုင် ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ အောင်လံ မြို့အတွင်းအိမ်ထောင်စု ၆၂၀၅၃ စုရှိရာ ယခုအခါ ၁၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# တက္ကသိုလ်ဝင်စာမေးပွဲများတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်



**နေပြည်တော် ဩဂုတ် ၆**

ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော ၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲများတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆုရကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် ရန်ကုန်တိုင်းဒေသကြီး(စည်ပင်အတွင်း)စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ဂုဏ်ပြုအမှာစကားများ ပြောကြားသည်။ ထို့နောက် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁- ၂၀၂၂ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် လေးဘာသာဂုဏ်ထူးရှင် ၂၇ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၃၂ ဦး၊ ဘက်စုံထူးချွန်လူငယ်ဆုရရှိသူ သုံးဦးနှင့် တက္ကသိုလ်ပညာသင်ဆုရရှိသူ ၁၁ ဦးတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆုချီးမြှင့်ပွဲအပြီးတွင် ဆုရကျောင်းသား၊ ကျောင်းသူများကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် ဩဂုတ် ၆**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှု တရားပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်



ထားရှိပြီးအထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ် မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit)တို့ဖြင့် ကွပ်ကဲ အုပ်ချုပ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီး ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရေတစ်ပြင်တည်း သုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဩဂုတ် ၆**



တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော ပဲခူးတိုင်းဒေသကြီး ပြည်မြို့မှ PDF အဖွဲ့ဝင်များအား ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ ထပ်မံလွှဲပြောင်းပေးအပ်ခြင်းကို ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ပြည်တပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

### လွှဲပြောင်းအပ်နှံ

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော ပြည်မြို့မှ PDF အဖွဲ့ဝင် အမျိုးသားငါးဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

### ကြိုဆိုလက်ခံသွားမည်

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပန်းတောင်းမြို့နယ်၌ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းနှင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ပန်းတောင်း ဩဂုတ် ၆**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေး၊ အပူဒဏ်ကာကွယ်နိုင်စေရေး၊ ရာသီဥတုကောင်းမွန် မျှတလာစေရေး၊ စုပေါင်းသန့်ရှင်းရေးနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံက်ပိုင်းက သူရဲဇီးကျေးရွာ ပန်းတောင်း- တောင်ကုတ်လမ်းမကြီးဘေး၌ သစ်ပင်စိုက်ပျိုးကြသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာတွင် ပန်းတောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဗိုလ်မှူး ကျော်ညီနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့ပေါ် ရပ်ကွက် အုပ်ချုပ်ရေးမှူးများက မဟော်ဂနီပင် ၁၀၀၊ မန်ကျည်းရှား ၁၀၀၊ ခရေ ၅၀၊ မယ်ဇယ် ၃၀၊ မဲဇလီပင် ၂၀ စုစုပေါင်း ပျိုးပင် ၃၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သင်းသင်းအေး(ပြန်/ဆက်)**



## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG နှင့် ဆက်သွယ်၍ Online စနစ်ဖြင့် Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရန် ဖိတ်ခေါ်

နေပြည်တော် ဩဂုတ် ၆

**အစိုးရ၏ ပညာရေးစနစ်ပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG မှ အဖွဲ့ဝင် တရားခံပြေး ဇော်ဝေစိုးနှင့် ဂျာထွယ်ပန်တို့သည် Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်အား Online စနစ်ဖြင့် သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။**

၎င်းအစီအစဉ်တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူထားသူ ကောင်းသိုက်စိုး (CDM ၊ လက်ထောက် မြို့နယ်ပညာရေးမှူး) အပါအဝင် ဝင်းဗိုလ်(ခ) ဘိုဘို(CDM ၊ မူလတန်းပြ) နှင့် သန့်စင်ထိုက် (CDM ၊ မူလတန်းပြ) တို့ သုံးဦးအား တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက် နေ့လယ်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့နယ် လှည်းရိုးရပ်ကွက်ရှိ ပြည့်တန်ဆာအခန်း၌ အမျိုးသမီးများနှင့်အတူ သောက်စားပျော်ပါးနေချိန် ဖမ်းဆီးရမိခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်ကို ဦးစီးဦးဆောင်ခဲ့သူများ၊ လူငယ်များကို လမ်းမှားရောက်စေရန် တွန်းပို့ခဲ့သူများမှအပ ၎င်းတို့၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုများကြောင့် ပါဝင်ခဲ့ရသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများအား တစ်စုံတစ်ရာအရေးယူမှု ပြုလုပ်သွားမည်မဟုတ်ကြောင်းကိုလည်း သတင်းများ၊ ဆက်သွယ်မေးမြန်းမှုများကို ဖြေကြားခြင်းများဖြင့် အသိပေး ပြောကြားပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်များမှ စစ်ဆေးပေါ်ပေါက်ချက်များ အပေါ်အခြေခံ၍ Kaung For You Federal Private School တရားမဝင်စာသင်ကြားမှု အစီအစဉ်တွင် ပါဝင်သည့် ဆရာ ဆရာမများ၊ ငွေကြေးထောက်ပံ့မှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ စာရင်းကို အသေးစိတ်ရရှိပြီးဖြစ်သည်။

Kaung For You တရားမဝင် ပညာသင်ကြားမှု အစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများ အနက် အချို့သော ဆရာ ဆရာမများသည် မိမိတို့ လုပ်ဆောင်ခဲ့သည့် မှားယွင်းသည့် လုပ်ရပ်များအပေါ် အသိတရားရရှိခဲ့ပြီး အေးချမ်းစွာနေထိုင်လိုသည့်အတွက် ကိုယ်တိုင်အသိတရားဖြင့် ပြန်လည်ဆက်သွယ်လာမှုများရှိသည်။ ထိုကဲ့သို့ သတင်းပို့ဆက်သွယ်လာသူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့ရသည့် ဆရာ ဆရာမများအနေဖြင့် ဥပဒေဘောင်အတွင်း၌ အေးချမ်းစွာ နေထိုင်ဖြတ်သန်းနိုင်ရေးနှင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် နိုင်ငံတော်မှ သဘောထားကြီးစွာဖြင့် ပြန်လည်လက်ခံပေးသွားမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဩဂုတ် ၇ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာ မြို့နယ်များရှိ စီမံအုပ်ချုပ်ရေးကောင်စီရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

❑ *ရှေ့ဖုံးမှ*

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

နေပြည်တော် ဩဂုတ် ၆

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ ရတနာပုံတောရကျောင်းတိုက်သို့လည်းကောင်း၊ ကချင်ပြည်နယ် ဗန်းမော်မြို့နယ်ရှိ သီရိဓဇကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်ရှိ မြို့မကျောင်းတိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ အောင်မြေဘုံစံကျောင်းတိုက်သို့လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ရွှေမြိုင်ကျွန်းတောကျောင်းတိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ဓာတုဝိဇ္ဇာဝိပဿနာ ကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

## သန့်ရှင်းသာယာသော မြို့၊ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၆

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို ဆောင်ရွက်လျက်ရှိကြသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အပါအဝင် မြို့နယ် ခုနစ်မြို့နယ်တို့၌လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အပါအဝင် မြို့နယ်သုံးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့အပါအဝင် မြို့နယ်ငါးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်းမြို့အပါအဝင် မြို့နယ် သုံးမြို့နယ်တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ မြို့နယ် ၁၄ မြို့နယ်၊ အနောက်ပိုင်း ခရိုင်ရှိမြို့နယ် ၁၂ မြို့နယ်၊ တောင်ပိုင်းခရိုင်ရှိမြို့နယ် ၁၀ မြို့နယ်၊ မြောက်ပိုင်းခရိုင်ရှိ မြို့နယ် ကိုးမြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့အပါအဝင် မြို့နယ် ၁၂ မြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်အပါအဝင် မြို့နယ် ရှစ်မြို့နယ်၊ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်နှင့် ချင်းပြည်နယ် မတူပီမြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ မြစ်ကြီးနားတက္ကသိုလ် ဘာသာပေါင်းစုံ အမျိုးသား/အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆုများတက်ရောက်ချီးမြှင့်

**မြစ်ကြီးနား ဩဂုတ် ၆**

မြစ်ကြီးနားတက္ကသိုလ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသား/ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၅ ရက် ညနေ ၃ နာရီခွဲက တက္ကသိုလ်ဘောလုံးကွင်း၌ ကျင်းပရာ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်အားပေးပြီး ဆုချီးမြှင့်ခဲ့ကြသည်။

ရှေးဦးစွာ အမျိုးသားဗိုလ်လုပွဲစဉ်အဖြစ် သမိုင်းအသင်းနှင့် ဘူမိအသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဝဏ္ဏကျော်ထင် ဦးတူးဂျာ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်မျိုးဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီး၊ လူမှုရေးရာဝန်ကြီး၊ တက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ နည်းပြဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြည့်ရှုအားပေးခဲ့ကြရာ သမိုင်းအသင်းက ဘူမိအသင်းကို လေးဂိုး သုံးဂိုးဖြင့် အနိုင်ရဗိုလ်စွဲသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးများ၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးတို့က အမျိုးသား/ အမျိုးသမီးအသင်းများမှ နေရာအလိုက် အကောင်းဆုံး ကစားသမားဆုများ၊ အကောင်းဆုံးကစားသမားဆုများနှင့် တတိယ၊ ဒုတိယဆုရ အသင်းများအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို အသီးသီး ပေးအပ်ချီးမြှင့်ပေးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်လူမှုရေးရာဝန်ကြီးက အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဆုရအမျိုးသမီး အသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေကျပ် ငါးသိန်းနှင့် ဒိုင်းဆုကိုလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က အမျိုးသားဘောလုံးပြိုင်ပွဲ ပထမဆုရ အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေကျပ် ငါးသိန်းနှင့် ဒိုင်းဆုတို့ကိုလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။




အဆိုပါ မြစ်ကြီးနား တက္ကသိုလ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၂ ရက်မှစတင်၍ တက္ကသိုလ် ဘာသာရပ်ပေါင်းစုံမှ အမျိုးသား ပြိုင်ပွဲဝင်ဘောလုံးအသင်း ၁၀ သင်း၊ အမျိုးသမီးပြိုင်ပွဲဝင် ဘောလုံးအသင်း ငါးသင်းတို့ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# မျိုးသုဉ်းရန်ရင်ဆိုင်နေရသော ငှက်ကြီးဝန်ပိုမျိုးစိတ် အင်းတော်ကြီးကန်တွင် ကောင်ရေ ၁၆၀ ကျော်ဝင်ရောက် မျိုးပွားကျက်စားနေ

**ရန်ကုန် ဩဂုတ် ၆**

မြန်မာနိုင်ငံတွင် အကြီးဆုံးကန်ဖြစ်သော ကချင်ပြည်နယ် မိုးညှင်းခရိုင်ရှိ အင်းတော်ကြီးကန်၌ ရာသီအလိုက်ရေနစ်မြုပ်သော မြက်ခင်းပြင်များစွာရှိပြီး အင်းတော်ကြီး ကန်ချိုင့်ဝှမ်းတစ်ခုလုံးတွင် သက်ရှိများ နေထိုင်ကျက်စားရန် အရေးပါဆုံးနေရာတစ်ခုအဖြစ် တည်ရှိလျက်ရှိရာ မိုးရာသီ၌ ဒေသငှက်နှင့် ဆောင်းခိုလက်ကျန်ငှက်များအပြင် မျိုးသုဉ်းရန်ရင်ဆိုင်နေရသော ဒေသပြောင်းရွှေ့ငှက်ဖြစ်သည့် ငှက်ကြီးဝန်ပို ကောင်ရေ ၁၆၀ ကျော်ဝင်ရောက် မျိုးပွားကျက်စားနေကြောင်း သိရသည်။

**နှစ်စဉ်မှတ်တမ်းပြုစု**

အင်းတော်ကြီးကန်တွင် ရေပျော်ငှက်စာရင်းကို ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် စတင်ကောက်ခံခဲ့ပြီး ဆောင်းခိုငှက် ဝင်ရောက်ကျက်စားမှု အလေ့အထကိုလည်း နှစ်စဉ်မှတ်တမ်းပြုစုခဲ့ကာ ဒေသသစ်တော ငှက်စာရင်းကို ယခုနှစ်တွင် လစဉ်စာရင်းကောက်ခံလျက်ရှိသည်။ ၂၀၂၂ ခုနှစ် ဩဂုတ်လ၌ ရေပျော်ငှက်ဖြစ်သော ဆောင်းခိုငှက်ရှစ်မျိုးတွင် ကောင်ရေ ၂၄၀ ခန့် ပြောင်းရွှေ့မှုမရှိဘဲ ကျန်ရစ်ခဲ့ပြီး ရေပျော်ဌာနေငှက်မျိုးစိတ် ၂၀ ၌ ကောင်ရေ ၁၆၁၂ ကောင်နေထိုင်လျက်ရှိကာ သစ်တောငှက်မျိုးစိတ် ၅၄ မျိုးတွင် ကောင်ရေ ၇၄၆ ကောင်ကျက်စားလျက်ရှိသည်။ မျိုးသုဉ်းရန်ရင်ဆိုင်နေရသည့် ငှက်များတွင် ပါဝင်သော ငှက်ကြီးဝန်ပိုနှင့် ဗောင်တုတ်၊ ခရုတုတ်၊ ချုံတိုးဗျိုင်း၊ တလိုင်းလေး၊ ပလိုဗာ၊ လင်းဝက်နှင့် မြစ်တွေးငှက်တို့ အင်းတော်ကြီးကန်တွင် ကျက်စားလျက်ရှိ၍ ယမန်နှစ် ဇန်နဝါရီလ၌ ဆောင်းခိုငှက်နှင့်ရေပျော်ငှက်ကောင်ရေ ၃၂၀၀၀ ကျော်နှင့် ယခုနှစ် ဇန်နဝါရီလတွင် ကောင်ရေ ၂၆၀၀၀ ကျော် ဝင်ရောက်ကျက်စားခဲ့သည်။



အင်းတော်ကြီးကန်အား ရမ်ဆာရေဝပ်ဒေသအဖြစ် စံသတ်မှတ်ချက်တွင် နှစ်စဉ်ဆောင်းခိုငှက် ကောင်ရေ ၂၀၀၀၀ အထက် ဝင်ရောက်ကျက်စားသော ထူးခြားသည့် ရေဝပ်ဒေသအဖြစ် သတ်မှတ်ခံထားရခြင်းဖြစ်ပြီး ဝင်ရောက်ကျက်စားသော ရေပျော်ငှက်တို့တွင် ကမ္ဘာလုံးဆိုင်ရာ မျိုးသုဉ်းရန် ရင်ဆိုင်နေရသော ငှက်များ၏ တစ်ရာခိုင်နှုန်း နှစ်စဉ်ဝင်ရောက်ကျက်စားမှုကြောင့် ကမ္ဘာက မြန်မာနိုင်ငံရှိ အင်းတော်ကြီးကန်ကို အထူးစိတ်ဝင်စားခြင်းဖြစ်ရာ သားငှက်ထိန်းသိမ်းရေး၌ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု၏ အောင်မြင်မှုရလဒ်တို့ကို ထုတ်ဖော်ပြသနိုင်လျက်ရှိသည်။

ပြည်တွင်ခရီးသွားများအနေဖြင့် အင်းတော်ကန်ပြခန်းနှင့် ကန်အတွင်းရှိ စေတီတော်သို့ ဘုရားဖူးခရီးစဉ်အဖြစ် ဝင်ရောက်လေ့ရှိကာ နိုင်ငံခြားခရီးသွားများအနေဖြင့် ဆောင်းခိုငှက်၊ ရေပျော်ငှက်၊ ဌာနေသစ်တောငှက်၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝတောတောင်အလှတို့ကို အထူးစိတ်ဝင်စားလေ့လာမှုကြောင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းကို အထောက်အပံ့ဖြစ်စေလျက်ရှိသည်။

"တောရိုင်းတိရစ္ဆာန်များကို ထိန်းသိမ်းစောင့်ရှောက်ရတာဟာ ကုသိုလ်လည်းရ ဝမ်းလည်းဝတဲ့အလုပ်ပါ။ သူတို့အသက်ကို ကာကွယ်ရတာကြောင့် ဒေသခံအချို့အမြင်မကြည်ပေမယ့် အသိပညာပေးဆောင်ရွက်မှုနဲ့ စည်းရုံးနိုင်တာကြောင့် အင်းတော်ကြီးကန် ရေရှည်တည်တံ့မှုနဲ့ ဒီဒေသဘာဝရပ်တည်ဖို့ ဘယ်အထိ အရေးပါတယ်ဆိုတာ သိလာကြပါပြီ။ ဒီဒေသမှရှိတဲ့ ငှက်မျိုးစိတ်၊ ငါးမျိုးစိတ်နဲ့ တောရိုင်းတိရစ္ဆာန်များဟာ အမျိုးသားရေးတစ်ရပ်အနေနဲ့ ဂုဏ်ယူစရာဖြစ်တယ်ဆိုတာ၊ ဒီငှက်တွေရှိလို့ ခရီးသွားလုပ်ငန်းကနေ ဝင်ငွေရှာဖွေပေးတယ်ဆိုတာကိုလည်း သိထားကြပါတယ်။ ဒီမိုးရာသီမှာ ဆောင်းခိုငှက် လက်ကျန်တွေရှိနေပြီးတော့ ငှက်ကြီးဝန်ပိုတွေလည်း သားပေါက်ကျက်စားနေပါတယ်" ဟု အင်းတော်ကြီးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးမောင်ဝင်းက ပြောသည်။

**ဒေသစီးပွားရေး အကျိုးပြု**

ဧရိယာ ၁၀၀ စတုရန်းမိုင်ကျယ်ဝန်းသော အင်းတော်ကြီးကန်တွင် ငါးမျိုးစိတ် ၉၄ မျိုးရှိပြီး စီးပွားဖြစ်ငါးမျိုးစိတ် ၃၅ မျိုးဖြင့် ဒေသစီးပွားရေးကို အကျိုးပြုလျက်ရှိကာ ကမ္ဘာတွင် မရှိသော ငါးမျိုးစိတ်ဖြစ်သည့် မိကျောင်းသွားကြားထိုးတံငါးနှင့် ရေနယားငါးတို့ ဒေသမျိုးရင်းနှစ်မျိုး ရှင်သန်လျက်ရှိသည်။

ဖွံ့ဖြိုးတိုးတက်မှု လျင်မြန်လာခြင်း၊ သဘာဝအရင်းအမြစ်များကို ဝယ်လိုအားများလာခြင်းနှင့် တရားမဝင် လုပ်ဆောင်ခြင်း၊ အင်းတော်ကြီးကန် ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲတို့အပေါ် ခြိမ်းခြောက်လာခြင်း၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုနှင့် ဒေသခံပြည်သူတို့အတွက် ဝင်ငွေထိခိုက်စေနိုင်မှုမှန်သမျှ ဝိုင်းဝန်းကာကွယ်မှုအဖြစ် ဒေသခံနှင့် ဌာနဆိုင်ရာတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အင်းတော်ကြီးကန်ဘေးမဲ့တောမှ ကင်းလှည့်ဆောင်ရွက်ခြင်း၊ ပုံမှန်ပညာပေးလုပ်ငန်းများ လုပ်ဆောင်ခြင်း၊ ကန်ရေ ပြင်တိုင်းတာခြင်း၊ ငှက်စာရင်းကောက်ခြင်း၊ ငါးမျိုးစိတ်စာရင်းကောက်ယူခြင်းနှင့် ငါးထိန်းသိမ်းရေးဇုန် လုပ်ငန်းဆောင်ရွက်ခြင်းတို့ဖြင့် အင်းတော်ကြီးကန် ရေရှည်တည်တံ့ရေးကို ဆောင်ရွက်လျက်ရှိပြီး ယခု မိုးရာသီတွင် မျိုးသုဉ်းရန်အန္တရာယ်ရှိနေသော ဒေသပြောင်းရွှေ့ငှက်ဖြစ်သော ငှက်ကြီးဝန်ပိုကောင်ရေ ၁၆၀ ကျော် ဝင်ရောက်လျက် မျိုးပွားနေထိုင်လျက်ရှိကြောင်း သိရသည်။

**ဓာတ်ပုံ - ကနူး၊ ညိမ်းသူ(သတင်းစဉ်)**

# သရက်ချောင်းမြို့နယ်၌ မီးဘေးအန္တရာယ်လုံခြုံရေး အသိပညာပေး ဟောပြောပွဲကျင်းပ

**သရက်ချောင်း ဩဂုတ် ၆**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်တွင် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်အသိပညာပေးဟောပြောပွဲကို ယမန်နေ့က သရက်ချောင်းမြို့ မြို့ပေါ်ရပ်ကွက်ရှိ ပန်းတောအခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် ကျင်းပကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် သရက်ချောင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးနေမျိုးဆေးက မိမိပတ်ဝန်းကျင်တွင် မီးဘေးအန္တရာယ် ကြုံတွေ့သောအခါ လုပ်ဆောင်ရန်လိုအပ်သည်များနှင့် မီးသတ်ဦးစီးဌာနသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်အကြောင်းကြား၍သော်လည်းကောင်း၊ မိမိအိမ်တွင် မီးကိုစနစ်တကျ သုံးစွဲရန်နှင့် မီးသတ်ဆေးဘူးများ အသင့်ဆောင်ထားရန် သုံးစွဲပုံ၊ သုံးစွဲနည်းများကို ရှင်းလင်းပြောကြားပြီး သရုပ်ပြခြင်းများကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ သရုပ်ပြခြင်းအပြီးတွင် ကျောင်းသား ကျောင်းသူများနှင့် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အခမ်းအနားတွင် သရက်ချောင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများက မီးဘေးအန္တရာယ်လုံခြုံရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေကာ အခမ်းအနားရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သားကြီး(သရက်ချောင်း)**


# နိုင်ငံတကာတွင် လူပြောများနေသည့် အကြမ်းဖက်သမား လေးယောက်ကို ၎င်းတို့နှင့် ထိုက်သင့်သည့် အပြစ်ဒဏ် ဘာကြောင့်ပေးရသလဲ

မောင်မျိုးအောင်(ပန်းရော)၊ ဝဏ္ဏ(TGI)

*(ယမန်နေ့မှအဆက်)*


ပြစ်မှုကျူးလွန်ခဲ့သည့် မောင်ကျော်(ခ)ဖြိုးဇေယျာသော်အား ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် လက်နက်သုံးလက်၊ ကျည် ၁၂၀ ကျော်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ဆက်လက်၍ ၎င်း၏ ထွက်ဆိုချက်အရ လက်နက်မျိုးစုံ ၁၇၈ လက်နှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများအား ထပ်မံသိမ်းဆည်းရမိခဲ့သည်။ အကြမ်းဖက်လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် တရားခံ ကျား ၂၄၇ ဦး၊ မ ၄၆ ဦး၊ ပေါင်း ၂၉၃ ဦး တို့အား လက်လုပ်သေနတ်အပါအဝင် လက်နက်မျိုးစုံ ၄၀၀၊ လက်လုပ်စိန်ပြောင်း ခြောက်လက်၊ ကျည်မျိုးစုံ ၁၈,၈၁၀ တောင့်၊ ဗုံးသီး၊ မိုင်း၊ လက်ပစ်ဗုံး၊ လက်လုပ်မိုင်း၊ လက်လုပ်စိန်ပြောင်း၊ ဗုံးသီးစသည့် ဖောက်ခွဲရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းမျိုးစုံ၊ ဆက်သွယ်ရေး စကားပြောစက်၊ စိတ်ကြွရူးသွပ်ဆေးများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့အပေါ် ချမှတ်ခဲ့သည့် တရားစီရင်ချက်မှာ ပြစ်မှုကျူးလွန်သူများအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်ဖြစ်ခြင်းနှင့် နိုင်ငံရေးအတိုက်အခံ ပြုခြင်းကြောင့် မဟုတ်ဘဲ အကြမ်းဖက်မှုဆိုင်ရာ တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်ခဲ့ခြင်းကြောင့်သာ ဖြစ်ပါသည်။ အကြမ်းဖက်တိုက်ခိုက်၊ လူသတ်ခြိမ်းခြောက်မှု လုပ်ဆောင်ခဲ့သည်များကို မမြင်ဟန်ပြု၍ ပါတီဟူသော တံဆိပ်၊ ထင်ပေါ်ကျော်ကြားခြင်းဟူသော လက္ခဏာတို့ကို အထူးပြုကာ မဖြစ်သင့်ဟု ဆိုနေခြင်းမှာ ဖြစ်သင့်ဖြစ်ထိုက်သည့် အဖြေမဟုတ်နိုင်ပါ။

### လူအသက်ကယ်တင်ရန် ဆေးပညာသင်ကြားခဲ့ပြီး လူတစ်စုကောင်းစားရေးအတွက် လူသတ်ရန်လက်နက်များပေးပို့ခဲ့သူ၏ ပြောဆိုမှုမှတ်တမ်း




### မောင်ကျော်(ခ) ဖြိုးဇေယျာသော် နေအိမ်မှ သိမ်းဆည်းရမိခဲ့သည့် ပြည်သူလူထုကိုသတ်ဖြတ်မည့် လက်နက်/ခဲယမ်းများ

(၉) မောင်ကျော်(ခ) ဖြိုးဇေယျာသော်ငှားရမ်းထားသည့် သဃ်န်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ သုခိတာလမ်း အမှတ်(၆၇)မှ သိမ်းဆည်းရမိသော M-16 ၇ လက်၊ AK-47 ၈ လက်၊ MK-12 ၁၅ လက်၊ M4 A1 ကာဘိုင် ၃ လက်၊ FCG-9 ၃ လက်၊ စနိုက်ပါ ၂ လက်၊ ကာဘိုင် ၁ လက်၊ ပစ္စတို ၁၁ လက်၊ လက်လုပ်ပစ္စတို ၁၂၈ လက်၊ စုစုပေါင်း သေနတ် ၁၇၈ လက်နှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့။



(၁၀) မောင်ကျော်(ခ) ဖြိုးဇေယျာသော်ငှားရမ်းထားသည့် သဃ်န်းကျွန်းမြို့နယ်၊ (၈)မြောက်ရပ်ကွက်၊ ပြည်သာယာ လမ်းသွယ်(၂)၊ ငွေတိုက်စိုးခြံ၊ အမှတ်(၁၄၂)အား ဝင်ရောက်ရှာဖွေခဲ့ရာ M-16 ၁၃ လက်၊ AK-47 ၁၂ လက်၊ MK-12 ၉ လက်၊ ပစ္စတို ၄ လက်နှင့် ခြောက်လုံးပြူး ၁ လက်တို့အား သိမ်းဆည်းရမိခဲ့။



(၁၁) နို ၁၉ ရက်တွင် သဃ်န်းကျွန်းမြို့နယ်၊ (၈)မြောက်ရပ်ကွက်၊ ငွေတိုက်စိုးခြံ၊ ပြည်သာယာလမ်းသွယ်(၂)၊ အမှတ်(၁၄၂)သို့ လက်နက်များ သယ်ဆောင်ရန် လာရောက်သော လှမိုးသန်း၊ အောင်ကိုဝင်းတို့အား ပစ္စတို ၁ လက်နှင့် ကျည် ၁၀ တောင့် တို့နှင့်အတူ ဖမ်းဆီးရမိခဲ့။



အနောက်နိုင်ငံများနှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရုံးတို့မှ ၎င်းတို့ လုပ်ရပ်အပေါ်ကာကွယ်၍ တာဝန်မဲ့ ထုတ်ပြန် ပြောကြားချက်များသည် အပြစ်မဲ့ပြည်သူအများအပြား သေကျေဒဏ်ရာရစေပြီး အစိုးရနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦနှင့် ပစ္စည်းကို ပျက်စီးစေသည့် မတရားအသင်းနှင့် အကြမ်းဖက်အဖွဲ့များဖြစ်သော NUG၊ CRPH နှင့် PDF တို့၏ ဆက်လက်ကျူးလွန်လျက်ရှိသည့် အကြမ်းဖက်တိုက်ခိုက်မှုများကို လျစ်လျူရှုခြင်း ဖြစ်ပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အချို့၊ ယခင်အစိုးရအဖွဲ့ဝင်ဟောင်းများနှင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲဝင်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်ဟောင်းအချို့တို့မှာ ယခုအထိ တရားဥပဒေဘောင်အတွင်း မြန်မာနိုင်ငံ၌ လွတ်လပ်စွာနေထိုင်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ၎င်းတို့အား စီရင်ချက် ချမှတ်ခြင်းမှာ နိုင်ငံရေးရည်ရွယ်ချက်ဖြင့် တစ်ဖက်သတ်စီရင်ချက်ချမှတ်ခဲ့ခြင်းမဟုတ်ဘဲ အပြစ်မဲ့ပြည်သူများ အများအပြား သေကျေဒဏ်ရာရစေခဲ့သည့် ရာဇဝတ်မှုနှင့် အကြမ်းဖက်ပြစ်မှုများ ကျူးလွန်ခဲ့ခြင်းကြောင့်သာ ဖြစ်ပါသည်။

### ပြည်သူလူထုအပေါ် တိုက်ရိုက်ခြိမ်းခြောက်အကြမ်းဖက်

အကြမ်းဖက်ပြစ်ဒဏ် ကျူးလွန်ခဲ့သည့် ဖြိုးဇေယျာသော်၊ ကျော်မင်းယု အပါအဝင် ပုဂ္ဂိုလ်အချို့ကျူးလွန်ခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများမှာ တရားဥပဒေစိုးမိုး၍ ငြိမ်းချမ်းတည်ငြိမ်ကောင်းမွန်သော လူမှုစီးပွားပတ်ဝန်းကျင်တစ်ရပ် ဖန်တီးပေးလျက်ရှိသည့် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများအပေါ်ကြီးမားသည့် အနှောင့်အယှက် အဟန့်အတားများ ဖြစ်စေသည့်အပြင် ပြည်သူလူထုအပေါ် တိုက်ရိုက်ခြိမ်းခြောက် အကြမ်းဖက်ခြင်းလည်း ဖြစ်ပါသည်။

### အမှုပေါင်း ၁၇ မှုဖြင့် စွဲချက်တင်ပြီး သေဒဏ်ချမှတ်ခဲ့

ဤအပိုင်းတွင် နှိုင်းယှဉ်စဉ်းစားဖွယ် အကြောင်းအရာအချို့ကိုလည်း ထုတ်နုတ်တင်ပြလိုပါသည်။ အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် Parkland ရှိ အထက်တန်းကျောင်း တစ်ကျောင်းအား ၂၀၁၈ ခုနှစ်အတွင်းက နီကိုလပ်စ်ခရစ် အမည်ရှိ သေနတ်သမားတစ်ဦးက ဝင်ရောက်ပစ်ခတ်မှုဖြစ်စဉ် ဖြစ်သည်။ ပစ်ခတ်မှုဖြစ်ပွားချိန်တွင် အသက်(၂၃) နှစ်အရွယ်ရှိ နီကိုလပ်စ်ခရစ်၏ AR-15 ရိုင်ဖယ်ဖြင့် ပစ်ခတ်မှုကြောင့် ဆရာဆရာမ သုံးဦး၊ ကျောင်းသား ကျောင်းသူ ၁၄ ဦး၊ စုစုပေါင်း ၁၇ ဦးအထိ သေဆုံးသည်။ ယခု မြန်မာမှအကြမ်းဖက်သမားများကို သေဒဏ်စီရင်မှုအပေါ် ကန့်ကွက်စကားဆိုခဲ့သည့် အမေရိကန်နိုင်ငံ၏ တရားရုံးမှ မည်သို့ဆုံးဖြတ်ခဲ့ပါသနည်း။ အမှုပေါင်း ၁၇ မှုဖြင့် စွဲချက်တင်ပြီး သေဒဏ်ချမှတ်ခဲ့သည်။ ထိုသို့သော လူသတ်မှုများအပြင် မိုင်းဖောက်ခွဲဖျက်ဆီးမှု၊ လူသတ်မှုကျူးလွန်ရန် လက်နက်/ ခဲယမ်း/ငွေကြေး ထောက်ပံ့မှု အစရှိသည်တို့ကို ကျူးလွန်ခဲ့သောသူများအား မိမိနိုင်ငံတွင် ဖြစ်သည်ဆိုပါက မည်သို့ဆုံးဖြတ်မလဲဟူသော အမေးစကား ပေါ်လာနိုင်ပါသည်။ Double Standard ဖြင့် ငါပြောတာမှ အမှန်၊ ငါလုပ်တာမှ အမှန်ဆိုပါက ထပ်မံရှင်းဆိုရန် မရှိပါ။

ဆက်စပ်၍ အာရှနိုင်ငံတစ်ခုတွင် ဖြစ်ခဲ့သည့် ဖြစ်စဉ်ကိုလည်း ထပ်မံတင်ပြ လိုပါသည်။ ဂျပန်နိုင်ငံအတွင်း ၂၀၀၈ ခုနှစ်က လူခုနစ်ဦးအား ကုန်ကားဖြင့် တိုက်ခိုက်သတ်ဖြတ်ခဲ့သည့်

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

တိုမိုဟီရိုကာတိုအား သေဒဏ်အပြစ်ပေးခဲ့သည်။ ဂျပန်နိုင်ငံ၏ တရားဥပဒေနှင့်အညီ လူခုနစ်ဦးအား သေစေမှုအပေါ် သေဒဏ် အပြစ်ပေးခြင်းအတွက် မည်သို့ မှတ်ချက်ပြုခဲ့ကြပါသနည်း။ မည်သို့ စာထုတ်ခဲ့ကြပါသနည်း။ မြန်မာနိုင်ငံတွင်လည်း နိုင်ငံတကာ စံနှုန်းနှင့်အညီ အခြေခံဥပဒေရှိသည်။ ဥပဒေ၊ နည်းဥပဒေများ ရှိသည်။ ဥပဒေရုံး၊ တရားစီရင်ရေးရုံးတို့ ရှိသည်။ အုပ်ချုပ်နေသည့် အစိုးရရှိသည်။ တို့နိုင်ငံက မကြိုက်သည့်အတွက် တို့နိုင်ငံက ခိုင်းသည့်အတိုင်း၊ ထုတ်ပြန်သည့်အတိုင်း လိုက်ပါဆောင်ရွက်ရမည်ဟု ယူဆထားပါသလော။ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်သည်ဆိုသည်ကို သတိပြုရန် လိုအပ်မည်ဖြစ်သည်။

## မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နိုင်ငံ

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၁ တွင် **"မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နိုင်ငံဖြစ်သည်"** ဟူ၍လည်းကောင်း၊ ပုဒ်မ-၄ တွင် **"နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌တည်သည်"** ဟူ၍လည်းကောင်း၊ ပုဒ်မ-၁၁ တွင် **"နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုသည်"** ဟူ၍လည်းကောင်း အသီးသီးပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်သည့် အားလျော်စွာ နိုင်ငံတော်၏အာဏာသုံးရပ်ကို မိမိနိုင်ငံသားများမှအပ အခြားမည်သူမျှ ဝင်ရောက်စွက်ဖက်ခွင့်၊ ကျင့်သုံးခွင့်မရှိပါ။ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာသည် မိမိနိုင်ငံ၊ မိမိသဘောအတိုင်းသာ ဖြစ်ပါသည်။ မိမိနိုင်ငံ၊ မိမိသဘောဆိုသည်မှာ မိမိနိုင်ငံသားများစုစည်းပြီး မိမိသဘောအတိုင်း အာဏာ သုံးရပ်ကို စီမံအုပ်ချုပ်ကိုင်စွဲခွင့်ရှိတာမျိုးကို အချုပ်အခြာအာဏာပိုင်မှုဟု ခေါ်ခြင်းဖြစ်သည်။ အချို့နိုင်ငံတကာ အဖွဲ့အစည်း၊ နိုင်ငံများမှ ကန့်ကွက်ထုတ်ပြန်ချက်များ ထုတ်ပြန်ခြင်းတို့သည် မိမိတို့နိုင်ငံ၏ တရားစီရင်ရေး ဆောင်ရွက်ချက်များကို ဝင်ရောက်စွက်ဖက်ရန် ကြိုးစားခြင်းဖြစ်ပြီး မိမိနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ကို ထိပါးခြင်းသာဖြစ်ပါသည်။ အစိုးရ၏ ရာဇဝတ်ကျင့်ထုံးနှင့်အညီ လုပ်ဆောင်နေခြင်းသည် လက်ရှိအစိုးရလက်ထက်မှသာ စတင်ရေးဆွဲပေါ်ပေါက်ခဲ့ခြင်း မဟုတ်ဘဲ အင်္ဂလိပ်လက်ထက်ကတည်းက ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ ရှေးယခင်ကတည်းက ကမ္ဘာ့နိုင်ငံရှိ လူ့အဖွဲ့အစည်းတွင်လည်း လက်ရှိပြစ်ဒဏ်ပေးမှုကဲ့သို့ ကျင့်သုံးခဲ့မှုများ ရှိပါသည်။

ယနေ့ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် သေဒဏ်ကျင့်သုံးမှုနှင့် ပတ်သက်ပြီး သေဒဏ်ပယ်ဖျက်ထားသည့် နိုင်ငံ ၁၀၈ နိုင်ငံ၊ မပယ်ဖျက်သေးဘဲ သေဒဏ်စနစ်ရှိသော်လည်း အတည်ပြုစီရင်ခြင်းမပြုသည်မှာ အနည်းဆုံး ၁၀ နှစ်ခန့်ရှိသည့် လက်တွေ့ကျင့်သုံးမှု မရှိသည့် နိုင်ငံ ၂၉ နိုင်ငံရှိသည်။ ၎င်းနိုင်ငံများမှာ အိမ်နီးချင်း လာအိုနိုင်ငံ၊ အရှေ့တောင်အာရှတွင် ဘရူနိုင်းနိုင်ငံတို့ ပါဝင်သည်။ သေဒဏ်ကို မပယ်ဖျက်သေးဘဲ ကျင့်သုံးနေသည့် နိုင်ငံ ၅၆ နိုင်ငံအထိရှိပြီးလက်ရှိကျင့်သုံးနေသော နိုင်ငံများမှာ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အာဆီယံနိုင်ငံများတွင် အင်ဒိုနီးရှားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် အာရှနိုင်ငံများတွင် မြောက်ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် လက်ရှိကမ္ဘာ့အင်အားကြီးနိုင်ငံဖြစ်သော အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံ ၅၀ ကျော် ကျင့်သုံးနေသည်။

## အချုပ်အခြာအာဏာပိုင်နိုင်ငံ၏ ပြဋ္ဌာန်းဥပဒေအားတားဆီးပိုင်ခွင့်မရှိ

သေဒဏ်ကို အလွန်ဆိုးရွားသည့် ပြစ်မှုများအတွက်သာ ချမှတ်အတည်ပြုစီရင်သည့် နိုင်ငံခြောက်နိုင်ငံမှာ ပီရူး၊ အစ္စရေး၊ ဘရာဇီး၊ ဘာကီနာ၊ ချီလီနှင့် ဂွါတီမာလာနိုင်ငံတို့ဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံတွင် သေဒဏ်ကျင့်သုံးမှုအား ၂၀၁၆ ခုနှစ်မှ စတင်ပယ်ဖျက်ခဲ့သော်လည်း မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် အမှုများတွင် သေဒဏ်ကို ဆက်လက်ကျင့်သုံးလျက်ရှိပါသည်။ အင်ဒိုနီးရှားနိုင်ငံသည် ၂၀၁၅ ခုနှစ်မှာ မူးယစ်မှောင်ခိုကူးမှုနှင့် ဩစတြေးလျနိုင်ငံသား နှစ်ဦးကို သေဒဏ်ချမှတ်ခဲ့သည့် အနီးစပ်ဆုံးဖြစ်ရပ်ရှိခဲ့ပါသည်။ အင်ဒိုနီးရှားသမ္မတ ဝီဒိုဒိုကို ဩစတြေးလျနိုင်ငံ၊ ဘရာဇီးနိုင်ငံနှင့် ပြင်သစ်နိုင်ငံခေါင်းဆောင်များက ဖိအားပေးကြသည်။ အင်ဒိုသမ္မတက" **အင်ဒိုနီးရှားနိုင်ငံရဲ့ သေဒဏ်အပြစ်ပေးခွင့်အပေါ် ဘယ်သူတစ်ဦးတစ်ယောက်မှ ဝင်ရောက် မစွက်ဖက်သင့်ဘူး၊ သူ့နိုင်ငံရဲ့လုပ်ပိုင်ခွင့်လို့"** ထုတ်ဖော်ပြောကြားခဲ့သည်။ ဆိုလိုသည်မှာ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ တရားဝင်အစိုးရတစ်ရပ်က နိုင်ငံအတွင်းပြဋ္ဌာန်းထားသည့် ဥပဒေတစ်ရပ်အား မည်သူကမှ တားဆီးခြိမ်းခြောက် ပိုင်ခွင့်မရှိခြင်းပင်ဖြစ်ပါသည်။ အမေရိကန်နိုင်ငံ၌ ပြည်နယ်ပေါင်း ၅၀ တွင် ၂၃ ပြည်နယ်က သေဒဏ်ပယ်ဖျက်ပြီး ပြည်နယ် ၂၀ က ပယ်ဖျက်ခြင်းမပြုသေးဘဲ ခုနစ်ပြည်နယ်ကတော့ ဆိုင်းငံ့ထားသည်ကို တွေ့ရှိရပါသည်။

လက်ရှိတွင် သေဒဏ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည့် ဂျင်မီ၊ ဖြိုးဇေယျာသော်တို့သည် အကြမ်းဖက်မှုလုပ်ငန်းများအား လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် အကြမ်းဖက်မှုဖြစ်စဉ်ကို မည်သို့စတင်ကျင့်သုံးခဲ့လဲဆိုလျှင် 9/11 ဖြစ်စဉ်ကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါသည်။ ၎င်းဖြစ်စဉ်ကစ၍ အကြမ်းဖက်မှုကို ကမ္ဘာတွင် ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်ကြခြင်းဖြစ်ပါသည်။ အကြမ်းဖက်သမား ဘင်လာဒင် အတွက် အမေရိကန်သမ္မတက စစ်ဆင်ရေးကို မည်သို့ Control လုပ်၍ အမိန့်ပေးခဲ့ကြောင်းကို ပြန်ပြောင်းကြည့်လျှင် သိနိုင်မှာဖြစ်သည်။ ကမ္ဘာပေါ်တွင် Terrorist အား အပြင်းထန်ဆုံးနှင့် အထိရောက်ဆုံး ချေမှုန်းရမည်ဆိုသည့် မူပင်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ဇေယျာသော်နှင့် ကျော်မင်းယုတို့ကဲ့သို့ အကြမ်းဖက်ဦးဆောင်လုပ်ကြံ သတ်ဖြတ်မှုများတွင် ၎င်းတို့မလိုလားသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်သတ်ဖြတ်ခြင်းအားအပထား၍ အခြားသော အရပ်သားများ၊ နိုင်ငံ့ဝန်ထမ်းများအား ပစ်ခတ်သတ်ဖြတ်မှုများ အများအပြားပါဝင်ပါသည်။ အများပြည်သူ သွားလာနေသည့်နေရာများ၊ အများပြည်သူပိုင်ပစ္စည်းများကို ဖောက်ခွဲဖျက်ဆီးမှုများလည်း မနည်းလှပါ။ အကြမ်းဖက်သမားများ၏ ပစ်ခတ်သတ်ဖြတ်မှုကြောင့် သေဆုံးသွားရသူတိုင်းတွင် မိသားစုများရှိသည်။ သူတို့ကို မှီခိုနေရသည့် မိခင်၊ ဖခင်များ၊ သား၊ သမီးများရှိသည်။ ဒလန်ဟု စွပ်စွဲသတ်ဖြတ်လိုက်သည့်အတွက် မှီတွယ်ရာ မိသားစုဘဝများ ပျက်စီးကြရသည်။ ဝမ်းနည်းကြရသည်။ အနာဂတ်အရေးရင်လေးကြရသည်။ သူတို့ ရင်တွင်းမှ အပူနှင့် သောကမီးကိုရော ခံစားကြည့်မြင်ပေးရန် လိုမည်သာဖြစ်သည်။ ဒီမိုကရေစီရရှိရေးဟူသော ခေါင်းစဉ်၊ လူ့အခွင့်အရေး ခေါင်းစဉ်အောက်တွင် တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ခေါင်းစဉ်များသည် သွေဖည်နေမည် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြစ်မှုကျူးလွန်သူများအား သေဒဏ်အတည်ပြုချမှတ်ရာတွင် အမိန့်များအတိုင်း၊ လုပ်ငန်းစဉ်များအတိုင်း အဆင့်ဆင့်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

*စာမျက်နှာ ၁၀ သို့*

◆ **အနောက်နိုင်ငံများနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးတို့မှ ၎င်းတို့လုပ်ရပ်အပေါ်ကာကွယ်၍ တာဝန်မဲ့ထုတ်ပြန်ပြောကြားချက်များသည် အပြစ်မဲ့ပြည်သူအများအပြား သေကျေဒဏ်ရာရစေပြီး အစိုးရနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦနှင့်ပစ္စည်းကို ပျက်စီးစေသည့် မတရားအသင်းနှင့် အကြမ်းဖက်အဖွဲ့များဖြစ်သော NUG၊ CRPH နှင့် PDF တို့၏ ဆက်လက်ကျူးလွန်လျက်ရှိသည့် အကြမ်းဖက်တိုက်ခိုက်မှုများကို လျစ်လျူရှုခြင်းဖြစ်**

## သေဒဏ်ကျခံခဲ့ရသူများ၏ အကြမ်းဖက်သတ်ဖြတ်ခဲ့မှု၊ စီမံမှုဖြင့် သေဆုံးခဲ့ရသည့် အပြစ်မဲ့ပြည်သူများ၏ မှတ်တမ်းဓာတ်ပုံများ။

စမ်းချောင်းမြို့နယ်



၁၉-၅-၂၀၂၁ ရက်တွင် စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်းရှိ မဇဖရုံး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်ခံရမှု

သာကေတမြို့နယ်



၇-၆-၂၀၂၁ ရက်တွင် သာကေတမြို့နယ်၊ ၃ မာန်ပြေရပ်ကွက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်ခံရမှု

တာမွေမြို့နယ်



၂၉-၆-၂၀၂၁ ရက်နေ့တွင် တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်ရှိ မြန်မာ့စီးပွားရေးဘဏ်ရှေ့၌ လုံခြုံရေးရဲတပ်ဖွဲ့ဝင်တစ်ဦး ပစ်ခတ်ခံရမှု

အလုံမြို့နယ်




၁၄-၈-၂၀၂၁ ရက်တွင် အလုံဘူတာ၌ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များပစ်ခတ်ခံရမှု

လှိုင်သာယာမြို့နယ်



၂၂-၈-၂၀၂၁ ရက်တွင် လှိုင်သာယာမြို့နယ်၊ ဘုရင့်နောင်တံတားအဆင်းရှိ လုံခြုံရေးရဲကင်း ပစ်ခတ်ခံရမှု

စမ်းချောင်းမြို့နယ်



၉-၉-၂၀၂၁ ရက်တွင် စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်ခံရမှု

ကြည့်မြင်တိုင်မြို့နယ်



၂၃-၁၀-၂၀၂၁ ရက်တွင် ကြည့်မြင်တိုင်မြို့နယ်၊ ဗားကရာမီးပွိုင့်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်ခံရမှု

ဗိုလ်တစ်ထောင်မြို့နယ်




၂၃-၁၀-၂၀၂၁ ရက်တွင် ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်ရှိ ယာဉ်ထိန်းရုံးရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်ခံရမှု

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်



၁၄-၇-၂၀၂၁ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၃)ရပ်ကွက်တွင် အပြစ်မဲ့ပြည်သူ ၁ ဦး သတ်ဖြတ်ခံရမှု

ရန်ကင်းမြို့နယ်



၁၈-၅-၂၀၂၁ ရက်တွင် လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၌ အပြစ်မဲ့ပြည်သူ ၁ ဦး သတ်ဖြတ်ခံရမှု

သာကေတမြို့နယ်



၂၇-၅-၂၀၂၁ ရက်တွင် သာကေတမြို့နယ်၊ မာန်ပြေရပ်ကွက်၌ အပြစ်မဲ့ပြည်သူ ၁ ဦး သတ်ဖြတ်ခံရမှု

မရမ်းကုန်းမြို့နယ်



၁-၆-၂၀၂၁ ရက်တွင် မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၌ အပြစ်မဲ့ပြည်သူ ၁ ဦး ပစ်ခတ်ခံရမှု

ဒေါပုံမြို့နယ်



၃-၆-၂၀၂၁ ရက်တွင် ဒေါပုံမြို့နယ်၊ မင်းနန္ဒာလမ်းနှင့် ရွှေဖူးမျှော်လမ်းထိပ်၌ အပြစ်မဲ့ပြည်သူ ၁ ဦး သတ်ဖြတ်ခံရမှု

တာမွေမြို့နယ်



၈-၆-၂၀၂၁ ရက်တွင် တာမွေမြို့နယ်၊ ကျုံးကွက်သစ်ရပ်ကွက်၌ အပြစ်မဲ့ပြည်သူ ၁ ဦး သတ်ဖြတ်ခံရမှု

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်



၁၆-၆-၂၀၂၁ ရက်တွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၃)ရပ်ကွက်၌ အပြစ်မဲ့ပြည်သူ ၁ ဦး သတ်ဖြတ်ခံရမှု

ဒဂုံဆိပ်ကမ်းမြို့နယ်



၆-၇-၂၀၂၁ ရက်တွင် ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၈)ရပ်ကွက် အပြစ်မဲ့ပြည်သူ ၂ ဦး သတ်ဖြတ်ခံရမှု

မရမ်းကုန်းမြို့နယ်



၂၅-၇-၂၀၂၁ ရက်တွင် မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၃)ရပ်ကွက်၌ အပြစ်မဲ့ပြည်သူ ၁ ဦး သတ်ဖြတ်ခံရမှု

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်



၁၇-၈-၂၀၂၁ ရက်တွင် တောင်ဒဂုံမြို့နယ်၊ (၅၇)ရပ်ကွက်၌ အပြစ်မဲ့ပြည်သူ ၁ ဦး သတ်ဖြတ်ခံရမှု

*စာမျက်နှာ ၉ မှ*

လက်ရှိ သေဒဏ်ပြစ်မှုချမှတ်ခံရသူများသည် စစ်အုပ်ချုပ်ရေးအမိန့် (Martial Law) ထုတ်ပြန်ထားသည့် နယ်မြေများအတွင်း အဓိကဖြစ်ပွားရခြင်း ဖြစ်ပြီး စစ်တရားရုံးဖြင့် စစ်ဆေးနိုင်သည့် ပြစ်မှု ၂၃ မျိုးဖြင့် အကြမ်းဖက်ကျူးလွန်သူများကို ၎င်းတို့နှင့် ထိုက်သင့်သည့် ပြစ်ဒဏ်အား ချမှတ်ခြင်းဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းသည် ဥပဒေကို မထီမဲ့မြင်မပြုစေရန်နှင့် နောင်တွင်လည်း ဥပဒေအပေါ် ဖောက်ဖျက်ကျူးလွန်ရန် ကြံစည်သူများ အနေဖြင့် ရှောင်ကြဉ်စေရန်အတွက် စီရင်ချက်ချမှတ် ဆောင်ရွက်ခြင်းသာ ဖြစ်ပါသည်။

**တရားမျှတမှုရှိ**

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်သူအများအပြား တရားမျှတမှုရှိရေးနှင့် ပြည်သူနှင့်နိုင်ငံတော်အကြား တရားမျှတမှုရှိရေးပင်ဖြစ်သည်။ အပြစ်မဲ့ပြည်သူများအား ဥပဒေမဲ့ အကြမ်းဖက်ရက်စက်စွာ သတ်ဖြတ်ခဲ့ခြင်းဖြင့် သေဆုံးနစ်နာခဲ့ရသော ပြည်သူများကိုယ်စား တရားရုံးအဆင့်ဆင့်က လုပ်ထုံးလုပ်နည်း ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ တရားခံများကို ခုခံချေပခွင့်ပေးပြီး သက်သေအထောက်အထား အပြည့်အစုံအပေါ် အခြေပြုဆုံးဖြတ်ခဲ့ခြင်းဖြစ်သဖြင့် တရားရုံး၏ ဆုံးဖြတ်ချက်သည် တရားမျှတမှုရှိသည်ကို တွေ့ရှိရသည်။

တရားခံ လေးဦးတို့အား ပြည်တွင်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးစီရင်ကာ ပြစ်ဒဏ်အတည်ပြုချမှတ်ဆောင်ရွက်ခဲ့သည့် ကိစ္စနှင့် စပ်လျဉ်းပြီး အပြည်ပြည်ဆိုင်ရာနှင့် နိုင်ငံတကာမှ ဝေဖန်မှုများ၊ ကန့်ကွက်မှုများ ဖြစ်ပေါ်လာနိုင်သည်ကို သိလျက်နှင့် မလွှဲမရှောင်နိုင်သည့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် လုံခြုံရေးအရ မဖြစ်မနေဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်သည်ကို တွေ့မြင်ရသည်။

အဆိုပါတရားခံ လေးဦးတို့သည် အကြမ်းဖက် ဖောက်ခွဲတိုက်ခိုက် လူသတ်မှုများကို ကျူးလွန်ခဲ့သည့်အပြင် မြန်မာ့လူ့ဘောင် အဖွဲ့အစည်းက လက်မခံနိုင်သည့် အပြစ်မဲ့ပြည်သူ အမြောက်အမြားကို ကြိုတင်ကြံစည်၍ ရက်ရက်စက်စက် သတ်ဖြတ်သုတ်သင်ရှင်းလင်းခဲ့သည့် ပြစ်မှုအများအပြားကို ကျူးလွန်ခဲ့ကြပြီး ထိုသို့လုပ်ဆောင်ရန် ဦးစီးဆောင်ရွက်ညွှန်ကြားသူများ ဆိုသည့်အချက်ကို မေ့ရန်မသင့်ကြောင်းနှင့် တရားခံ လေးဦးတို့၏ ရက်စက်စွာ အကြမ်းဖက်တိုက်ခိုက်ခဲ့မှုများကြောင့် အပြစ်မဲ့စွာ လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသူများ၏ မိသားစု၊ ဆွေမျိုးသားချင်းတို့၏ စိတ်ခံစားချက် မည်သို့ခံစားရမည်ဆိုသည်ကို စာနာထောက်ထားမှုပြုရန် မမေ့သင့်သဖြင့် ပြစ်မှုနှင့် ကျူးလွန်သည့် ပြစ်ဒဏ်ထိုက်သည်ဟု မြင်မိပါသည်။

၎င်းအပြင် International Convention Civil and Political Rights (ICCPR) Protocol II Abolishing of Death Penalty ကို မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးထားခြင်းမရှိဘဲ နိုင်ငံနှင့်ပြည်သူတို့၏ လိုအပ်ချက်အရ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက်နှင့် နိုင်ငံလုံခြုံရေး လတ်တလော လိုအပ်ချက်များအရ ပြစ်ဒဏ်ကို အတည်ပြု ဆောင်ရွက်ခြင်းဖြစ်ပါသည်။

❑ **အပြစ်မဲ့ပြည်သူများအား ဥပဒေမဲ့ အကြမ်းဖက်ရက်စက်စွာ သတ်ဖြတ်ခဲ့ခြင်းဖြင့် သေဆုံးနစ်နာခဲ့ရသော ပြည်သူများကိုယ်စား တရားရုံးအဆင့်ဆင့်က လုပ်ထုံးလုပ်နည်း ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ တရားခံများကို ခုခံချေပခွင့်ပေးပြီး သက်သေအထောက်အထား အပြည့်အစုံအပေါ် အခြေပြုဆုံးဖြတ်ခဲ့ခြင်းဖြစ်သဖြင့် တရားရုံး၏ ဆုံးဖြတ်ချက်သည် တရားမျှတမှုရှိသည်ကို တွေ့ရှိရ**

**ညီမျှသောပြစ်ဒဏ်ကို ခံစားကြရမည်**

အစိုးရအနေဖြင့် အပြစ်တစ်စုံတစ်ရာမရှိဘဲ လုပ်ကြံသတ်ဖြတ်ခြင်း ခံရသည့် ပြည်သူများနှင့် ၎င်းတို့၏ ဆွေမျိုးသားချင်းများ၏ မျက်နှာကို ထောက်ရှုပြီး မလွှဲမရှောင်သာဘဲ ပြစ်မှုကျူးလွန်သည့် တရားခံများကို ဥပဒေနှင့်အညီ ပြစ်ဒဏ်ချမှတ် ဆောင်ရွက်ခဲ့ရခြင်းသာ ဖြစ်ကြောင်းနှင့် ပြစ်မှုကျူးလွန်သူကို သနားညှာတာ ထောက်ထားနေမည်ဆိုပါက ပြစ်မှုကျူးလွန်ခြင်းခံရသည့် အပြစ်မဲ့ပြည်သူများအပေါ် ကိုယ်ချင်းစာနာမှုမရှိဘဲ ရက်စက်လွန်းရာရောက်သည်ဟု တွေးတောဆင်ခြင် သင့်ပါသည်။ ပြစ်ဒဏ်စီရင်ခံရသူ လေးဦးသည် ရည်ရွယ်ချက်အားဖြင့် နိုင်ငံရေးဆိုင်ရာဟု ဆိုသော်လည်း လက်တွေ့လုပ်ဆောင်နေသည်မှာ အကြမ်းဖက်မှုအသွင်ပုံစံများ ဖြစ်ကြပါသည်။ ထို့ကြောင့်လည်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူ အပြစ်ပေးခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရပါသည်။ အကြမ်းဖက်သမားဖြစ်စေ၊ အခြားပြစ်မှုကျူးလွန်သူဖြစ်စေ သေဒဏ်ချမှတ်ခံရခြင်းသည် လူသားချင်းစာနာမှုအရ ဝမ်းမြောက်စရာမရှိသော်လည်း ကျူးလွန်သည့် ပြစ်မှုနှင့် ညီမျှသောပြစ်ဒဏ်ကို ခံစားကြရမည်သာဖြစ်ပါသည်။ သေဒဏ်ကျခံရမည့် အကြမ်းဖက်သမား၏ အသက်တစ်ချောင်းအား တန်ဖိုးထားသကဲ့သို့ အကြမ်းဖက်သမား၏ လုပ်ရပ်ကြောင့် သေဆုံးခဲ့ရသည့် အပြစ်မဲ့ပြည်သူများ၏ အသက်ပေါင်းများစွာနှင့် ၎င်းတို့ မိသားစု၏ ပြိုပျက်ဝမ်းနည်းစရာဘဝများ၊ မိဘမဲ့ခဲ့ရသည့် ကလေးသူငယ်များ၏ဘဝကိုလည်း ထည့်သွင်းစာနာ တန်ဖိုးထားကြောင်း ပြသနိုင်မှသာ တရားမျှတမှုရှိပေလိမ့်မည်။

နိဂုံးချုပ်အနေဖြင့် လူတိုင်းလူတိုင်းသည် တစ်ဦးနှင့်တစ်ဦး အမြင်မတူညီခြင်း၊ အကြိုက်မတူညီခြင်းသည် လောက၏ သဘောသဘာဝသာဖြစ်ပါသည်။ ထိုမတူညီမှုများကို အပြစ်ရှာ၍ “ငါနှင့်မတူ ငါ့ရန်သူဟု” အမျက်ဒေါသကြီး၍ အငြိုးအတေးထားကာ ဆောင်ရွက်နေသည့် ကာလပတ်လုံး ထိုသူနှင့် ထိုသူပါဝင်သည့်အဖွဲ့အစည်းသည် ကျဆုံးခြင်းလမ်း၌သာ အဆုံးသတ်မည်ဖြစ်ပါသည်။ နိုင်ငံတကာတွင် လူပြောများနေသည့် အကြမ်းဖက်သမားလေးယောက်ကို ၎င်းတို့နှင့် ထိုက်သင့်သည့် အပြစ်ဒဏ်ပေးရခြင်းမှာ ၎င်းတို့၏ လုပ်ရပ်ကြောင့် အကြောင်းမဲ့သေဆုံးရသူများ၊ အပြစ်မဲ့မိသားစုများ၏ ရင်နင့်ဖွယ်ရာဘဝများ၊ မိဘမဲ့ဖြစ်သွားရသော ကလေးသူငယ်တို့၏ ဘဝပေါင်းများစွာဖြစ်ခဲ့ရခြင်း လုပ်ရပ်တို့ကြောင့် အကြိမ်ကြိမ်အခါခါ သေဒဏ်သင့်သော ပြစ်မှုဖြစ်သဖြင့် အပြစ်ဒဏ်များ ကျခံရခြင်းသာ ဖြစ်၏။ ထို့အတူ ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပျက်နေသည့် အကြမ်းဖက်မှုများတွင် ပါဝင်နေသည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများသည်လည်း အဆုံးသတ်မကောင်းသော ဘဝနိဂုံးတို့ဖြင့် ကြုံတွေ့ရသည်ကို ဥပမာယူ၍ နိုင်ငံသားတိုင်း မှန်ကန်စွာ တွေးခေါ်စဉ်းစားဆုံးဖြတ်နိုင်ကြပါစေဟု ဆန္ဒပြုအပ်ပါသည်။ သို့မှသာ လူ့လောကတွင် အကျည်းတန်သော အကြမ်းဖက်မှုများ ချုပ်ငြိမ်းသွားမည်မှာ မလွဲကေန်ဖြစ်ပေသည်။



# ညောင်တုန်းမြို့၌ ဝါခေါင်လ ကရင်ရိုးရာ ချည်ဖြူပွဲမင်္ဂလာ ကျင်းပ

**နေပြည်တော် ဩဂုတ် ၆**

ဝါခေါင်လ ကရင်ရိုးရာချည်ဖြူပွဲကို ယနေ့ နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်းမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝင်ဝန်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အကအဖွဲ့များက ကရင်ဒုံးယိမ်းအကဖြင့် ကပြဖျော်ဖြေကြပြီး တိုင်းဒေသကြီး ကရင်စာပေနှင့်ယဉ်ကျေးမှုအသင်းမှ တာဝန်ရှိသူတစ်ဦးက ဖားစည်ကိုးချက်တီး၍ အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် တိုင်းမှူးက အမှာစကား ပြောကြားသည်။ ယင်းနောက် ဝါခေါင်လ ကရင်ရိုးရာချည်ဖြူပွဲမင်္ဂလာအကြောင်း သိကောင်းစရာများကို ကရင်လူမျိုးကိုယ်စားလှယ် တာဝန်ရှိသူများက ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက ဝါခေါင်လ ကရင်ရိုးရာ ချည်ဖြူပွဲမင်္ဂလာအား ဆက်လက် ကျင်းပခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကျိုင်းတုံမြို့နယ်၌ မိုးရာသီချယ်ရီပင် စိုက်ပျိုးပွဲပြုလုပ်

**နေပြည်တော် ဩဂုတ် ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် လွိုင်မွေကျေးရွာအုပ်စု ဟိုကျင်း အာခါကျေးရွာ၌ ဟိုတယ်နှင့် ခရီးသွားလာရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းက ပြုလုပ်ရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ ပြည်နယ်/ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ချယ်ရီပျိုးပင်များအား ဒေသခံတိုင်းရင်းသား ပြည်သူများကို ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ ချယ်ရီပျိုးပင် စုစုပေါင်း ၅၀၀ ကို သတ်မှတ်နေရာအသီးသီး၌ စိုက်ပျိုးပေးကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ချယ်ရီပျိုးပင်များ စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# သန့်ရှင်းသာယာသပ်ရပ်ရေးစုပေါင်းလုပ်အားပေးဆောင်ရွက်နေမှု ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဩဂုတ် ၆

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယ မြို့တော်ဝန်၊ အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့်နှင့်အတူ ယနေ့နံနက်ပိုင်းက ပန်းဘဲတန်းမြို့နယ် (၅) ရပ်ကွက် ၂၇ လမ်း အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုအသင်းအဖွဲ့များ ပူးပေါင်းအင်အားဖြင့် ကျောင်းရှေ့ရေမြောင်းများ အတွင်း အမှိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းခြင်း၊ မြက်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် စာသင်ခန်းများအတွင်း ခြင်ဆေးမှုတ်ခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အုပ်မိုးကိုင်းများ ခုတ်ထွင်ရှင်းလင်း ပုံသွင်းအလင်းဖွင့်ရန်နှင့် ကျောင်းတန်းစီကွင်း တိုက်ချွတ်ဆေးကြောပြီးပါက ထုံးဖြူးရန် မှာကြားသည်။



**ကြည့်ရှုစစ်ဆေး**

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ကျောက်တံတားမြို့နယ် (၄) ရပ်ကွက် ပန်းဆိုးတန်းလမ်း အနောက်ဘက်ခြမ်း (ကမ်းနားလမ်းနှင့်ကုန်သည်လမ်းကြား) ပြည်တွင်းအခွန်များဦးစီးဌာနရှေ့ လမ်းတစ်လျှောက်၌လည်းကောင်း၊ တာမွေမြို့နယ် နတ်မောက်ရပ်ကွက် ကျိုက္ကဆံလမ်းနှင့် ဦးထွန်းမြတ်လမ်း လမ်းထောင့်ရှိ အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်း၌လည်းကောင်း၊ ရန်ကင်းမြို့နယ် (၁၅)ရပ်ကွက် မိုးကောင်းလမ်း အခြေခံပညာ အလယ်တန်းကျောင်းခွဲ၊ အမှတ်(၁၁) အခြေခံပညာ မူလတန်းကျောင်း၌လည်းကောင်း၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စည်ပင်သာယာဝန်ထမ်းအင်အားဖြင့် အုပ်မိုးကိုင်းများ၊ မြက်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် စာသင်ခန်းများအတွင်း ခြင်ဆေးမှုတ်ခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အုပ်မိုးကိုင်းများ ခုတ်၍ အလင်းဖွင့် ပုံသွင်းရန်တို့ကို မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဩဂုတ် ၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက်၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၅ နှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၆၉၀၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၆၁၃ ဦး၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၈၆၁၁ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၂၇၁၇ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၇၁၈ ဦး၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ကျောင်းသား ကျောင်းသူ ၆၁၀၁ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီနှစ်ခု၊ ယာဉ်စီးရေ ခုနစ်စီးဖြင့် နှာခေါင်းစည်း ၂၃ ဒသမ ၆၈ တန် တင်သွင်းခဲ့သည်။ ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်မှ ၆ ရက်အတွင်း ကုမ္ပဏီ သုံးခု၊ ယာဉ်စီးရေ ရှစ်စီးဖြင့် နှာခေါင်းစည်း ၃၄ ဒသမ ၈၃ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန်ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**



# လဝါယန်ဌာနေပြည်သူ့စစ်အဖွဲ့မှ မန်ဂျန်ရှား သစ်မာစိုက်ခင်း ဧက ၅၀၀ စိုက်ပျိုးမည်

**ဝိုင်းမော် ဩဂုတ် ၆**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် နောင်းချိန်းကျေးရွာအုပ်စု လဝါယန် ဌာနေပြည်သူ့စစ်အဖွဲ့မှ မန်ဂျန်ရှားသစ်မာ စိုက်ပျိုးပွဲကို ယမန်နေ့က ခမ်းဘူ ကြိုးပြင်ကာကွယ်တောအတွင်း၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲကို လဝါယန် ဌာနေပြည်သူ့စစ်အဖွဲ့မှ စိုက်ခင်းဧက ၅၀၀ အား ငါးနှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒုတိယအဖွဲ့ခေါင်းဆောင် ဦးအောင်ဂမ်ထံမှ သိရသည်။

“ကျွန်တော်တို့ ဒီနေ့ တပ်ဖွဲ့ဝင်တွေနဲ့ ကျေးရွာနေပြည်သူတွေ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပပြုလုပ်တာကတော့ ကျွန်တော်တို့ရဲ့ အဖွဲ့ခေါင်းဆောင် ဦးလဆန်အောင်ဝါကို နိုင်ငံတော်အစိုးရက “ဝဏ္ဏကျော်ထင်”ဘွဲ့ချီးမြှင့်ပေးတဲ့အတွက် ဂုဏ်ပြုပွဲဖြစ်သလို ဒေသတွင်း စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးပွဲကျင်းပပြုလုပ်တာပါ။ ဧက ၁၇၀ မှာ မန်ဂျန်ရှား သစ်မာမျိုးတွေ စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ ဒီဒေသမှာက ကျွန်တော်တို့ ဌာနေပြည်သူ့စစ်အဖွဲ့ကို တာဝန်မပေးခင်အချိန်မှာ တရားမဝင် ရွှေသတ္တုတူးဖော်တာတွေကြောင့် သစ်တောနဲ့ မြေယာတွေပျက်စီးမှုတွေ ဖြစ်ပေါ်နေခဲ့တာပါ။ ဒါကြောင့် မြေယာဧက ၅၀၀ ကို သစ်မာမျိုးတွေ စိုက်ပျိုးသွားဖို့ စီစဉ်ဆောင်ရွက်ရာမှာ ဒီနှစ် ဧက ၂၀၀ ကို စိုက်ပျိုးဖြစ်မှာပါ” ဟု ဦးအောင်ဂမ်က ပြောကြားသည်။

အဆိုပါသစ်မာစိုက်ပျိုးခင်းမှာ ၄၇၆၀ ဧကရှိ ခမ်းဘူကြိုးပြင်ကာကွယ်တောအတွင်း ဖြစ်ပြီး ယခင် ၂၀၂၁ ခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါနှင့် အကြောင်းအမျိုးမျိုးကြောင့် ဧက ၃၀ သာ သစ်မာ မန်ဂျန်ရှားပျိုးပင်များကို စိုက်ပျိုးနိုင်ခဲ့ပြီး ယခု ၂၀၂၂ ခုနှစ်တွင် စိုက်ပျိုးရန်ကျန်ရှိသည့် ဧက ၇၀ နှင့် ယခုနှစ်အတွက် လျာထားသည့် ဧက ၁၀၀ စုစုပေါင်းဧက ၁၇၀ တွင် ပျိုးပင်များစိုက်ပျိုးသွားမည်ဖြစ်ကာ ၂၀၂၅ ခုနှစ်တွင် လျာထားဧက ၅၀၀ ၌ သစ်မာပျိုးပင်များ စိုက်ပျိုးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဝိုင်းမော်မြို့နယ် သစ်တောဦးစီးဌာနမှလည်း လိုအပ်သည့် နည်းပညာနှင့် ပျိုးပင်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲကို လဝါယန်ဌာနေ ပြည်သူ့စစ်အဖွဲ့ ခေါင်းဆောင် ဦးလဆန်အောင်ဝါ၊ ဒုတိယ အဖွဲ့ခေါင်းဆောင် ဦးအောင်ဂမ်နှင့် တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ အင်အား ၇၀ ကျော် တက်ရောက်၍ သတ်မှတ်နေရာများတွင် မန်ဂျန်ရှားပျိုးပင်များအား စိုက်ပျိုးပေးခဲ့ကြပြီး ယနေ့အထိ သစ်မာပျိုးပင်ပေါင်း ၂၀၀၀၀၀ ခန့်အထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဒုတိယအဖွဲ့ခေါင်းဆောင် ဦးအောင်ဂမ်ထံမှ သိရသည်။

**ဖြူစင်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၆၁၅ | ၁၆၆၀ | ၁၆၅၅ | ၁၆၂၀ | ၁၆၆၀ | ၁၆၈၀ | ၁၆၆၅ | ၁၆၄၅ | ၁၇၄၀ | ၁၇၅၅ | ၁၆၅၀ | ၁၆၆၀ | ၁၆၉၅ | ၁၆၉၅ | ၁၇၀၀ | ၁၉၁၅ | ၂၆၉၅ |
| 95 Ron | ၁၆၆၅ | ၁၇၁၅ | ၁၇၁၀ | ၁၆၇၅ | ၁၇၁၀ | ၁၇၃၅ | ၁၇၂၀ | ၁၇၀၀ | ၁၇၉၅ | ၁၈၁၀ | ၁၇၀၅ | ၁၇၂၀ | ၁၇၅၀ | ၁၇၅၀ | ၁၇၅၀ | ၁၉၇၀ | ၂၇၅၀ |
| HSD (500 ppm) | ၁၉၇၀ | ၂၀၁၅ | ၂၀၁၀ | ၁၉၇၅ | ၂၀၁၅ | ၂၀၃၅ | ၂၀၃၀ | ၂၀၀၀ | ၂၁၁၅ | ၂၁၁၀ | ၂၀၀၅ | ၂၀၁၅ | ၂၀၅၀ | ၂၀၅၀ | ၂၀၅၀ | ၂၂၇၀ | ၃၀၄၅ |
| HSD (50 ppm) | ၂၀၂၅ | ၂၀၇၀ | ၂၀၇၀ | ၂၀၃၅ | ၂၀၇၀ | ၂၀၉၀ | ၂၀၉၀ | ၂၀၅၅ | ၂၁၇၀ | ၂၁၆၅ | ၂၀၆၀ | ၂၀၇၅ | ၂၁၀၅ | ၂၁၀၅ | ၂၁၁၀ | ၂၃၃၀ | ၃၀၇၅ |
| HSD (10 ppm) | ၂၀၂၅ | ၂၀၇၀ | ၂၀၇၀ | ၂၀၃၅ | ၂၀၇၀ | ၂၀၉၀ | ၂၀၉၀ | ၂၀၅၅ | ၂၁၇၀ | ၂၁၆၅ | ၂၀၆၀ | ၂၀၇၅ | ၂၁၀၅ | ၂၁၀၅ | ၂၁၁၀ | ၂၃၃၀ | ၃၀၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၅၂၆ | ၁၅၉၀ |
| 95 Ron | ၁၅၇၉ | ၁၆၄၄ |
| HSD (500 ppm) | ၁၈၇၀ | ၁၉၃၇ |
| HSD (50 ppm) | ၁၉၂၅ | ၁၉၉၃ |
| HSD (10 ppm) | ၁၉၂၅ | ၁၉၉၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**နေပြည်တော် ဩဂုတ် ၆**

အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ဇူလိုင် ၅ ရက် ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထိုက်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ အဖွင့်ပွဲစဉ်ဖြစ်သည့် ကျီကုန်းတပ်နယ်အသင်းနှင့် ကလေးတပ်နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**

အဆိုပါပြိုင်ပွဲအား တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင် အသင်း ၁၀ သင်းဖြင့် ဩဂုတ် ၅ ရက်မှ ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## လယ်ယာထွက်ကုန်အခြောက်ခံထုတ်လုပ်မှုမြှင့်တင်ရေးနှင့် ခေတ်မီနည်းပညာသင်တန်းဖွင့်

**ရန်ကုန် ဩဂုတ် ၆**

၂၀၂၂ ခုနှစ် တရုတ်-မြန်မာ နိုင်ငံတကာ လယ်ယာထွက်ကုန် အခြောက်ခံထုတ်လုပ်မှု မြှင့်တင်ရေးနှင့် ခေတ်မီနည်းပညာ သင်တန်း ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်ပထမအပတ်က ယူနန်ပြည်နယ် ကူမင်းမြို့နှင့် ရန်ကုန်မြို့၌ အွန်လိုင်း/ အော့ဖ်လိုင်းစနစ်ဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**




ဖွင့်ပွဲအခမ်းအနားသို့ ယူနန်ပြည်နယ် သိပ္ပံနှင့် နည်းပညာဦးစီးဌာန ဒုတိယသုတေသီ မစ္စတာ လီကြားဖူ၊ ယူနန်ပြည်နယ်ပြည်သူ့အစိုးရ နိုင်ငံခြားရေးရုံး၊ တရုတ် စက်ယန္တရား သိပ္ပံနှင့် နည်းပညာဌာန အထွေထွေအုပ်စုကြီး ဒုတိယမန်နေဂျာချုပ် မစ္စတာ မွန်ရှန်ယူ (အွန်လိုင်း)၊ ယူနန်ပြည်နယ် သိပ္ပံနှင့် နည်းပညာ ထောက်လှမ်းရေးဌာန၊ မြန်မာနိုင်ငံ ကူမင်းအခြေစိုက် ကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် ဦးသော်တာအောင်၊ မြန်မာနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနနှင့် ဆန်းသစ်တီထွင်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဖြူဖြူဝင်း (အွန်လိုင်း) တို့ တက်ရောက် အမှာစကား ပြောကြားပြီး ဒါရိုက်တာရှီးကျင့်ဟွ သည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ပစ္စည်းကိရိယာ ဆန်းသစ်တီထွင်မှုဟူသော ခေါင်းစဉ်ဖြင့် အဓိကအစီရင်ခံစာတင်ခဲ့သည်။

တရုတ်-မြန်မာနှစ်နိုင်ငံသည် ချစ်ခင်ရင်းနှီးသော ဆက်ဆံရေး သမိုင်းကြောင်း ရှည်လျားစွာရှိ၍ ယူနန်ပြည်နယ်သည် မြန်မာနိုင်ငံနှင့် တောတောင်ရေမြေချင်း ဆက်စပ်နေကြောင်း၊ ယင်းသင်တန်းသည် မြန်မာ့စိုက်ပျိုးရေး ထုတ်လုပ်မှုအတွက် အမှန်တကယ် လိုအပ်ချက်များကို အခြေခံ၍ အချောကိုင်ခြင်း သဘောတရားနှင့်နည်းလမ်း၊ အသုံးများသည့် ပစ္စည်းကိရိယာများနှင့် ပတ်သက်သော သင်တန်းများကို စီစဉ်သည့်အပြင် လက်တွေ့လုပ်ကိုင်ဆောင်ရွက်မှု သင်ရိုးညွှန်းတမ်းလည်း ဖြစ်ကြောင်း၊ သင်တန်းအကြောင်းအရာ ကြွယ်ဝခြင်း၊ တင်းကျပ်စွာစီစဉ်ခြင်း၊ လိုအပ်ချက်များကို ဖြည့်ဆည်းခြင်းတို့ဖြင့် အကျိုးသက်ရောက်မှုများစွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ သက်ဆိုင်ရာ တရုတ်ကောလိပ်များ၊ စီးပွားရေးလုပ်ငန်းများ၊ ကုန်သွယ်ရေး အသင်းအဖွဲ့များနှင့် အချို့သင်ကြားပို့ချပေးသော ဆရာ ဆရာမများ၊ မြန်မာနိုင်ငံ ပန်းမန်နှင့် သစ်သီးဝလံအသင်းအဖွဲ့ (MFVP)၊ မြန်မာနိုင်ငံငှက်ပျောအစုအဖွဲ့ (MBPFC) စသည့် သက်ဆိုင်ရာ လုပ်ငန်းအသင်း၏ တာဝန်ရှိသူများ၊ စီမန်ခန့်ခွဲသူများနှင့် သင်တန်းသူ၊ သင်တန်းသား ၁၅၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အာကာလင်း**

# အိမ်ဖြူတော်အနီး မိုးကြိုးပစ်ခတ်မှုကြောင့် သေဆုံးသူ သုံးဦးအထိရှိလာ

**ဝါရှင်တန် ဩဂုတ် ၆**

**ဩဂုတ် ၄ ရက် ညနေပိုင်းက အိမ်ဖြူတော်အနီး မိုးကြိုးပစ်ခတ်မှုကြောင့် သေဆုံးသူ သုံးဦးအထိ ရှိလာပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ အိမ်ဖြူတော်အနီးရှိ လာဖာယက်တီဥယျာဉ်တွင် မိုးကြိုးပစ်မှုကြောင့် အသက် ၂၉ နှစ်အရွယ် အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း ဩဂုတ် ၅ ရက် နေ့ခင်းပိုင်းတွင် ဝါရှင်တန်ဒီစီရဲတပ်ဖွဲ့က သတင်းထောက်များကို ပြောသည်။**

အစောပိုင်းတွင်လည်း ဝစ်ကွန်ဆင်မှ အသက် ၇၀ ကျော်အရွယ် ဇနီးမောင်နှံဖြစ်သည့် ဂျိမ်းစ်မူးလာနှင့် ဒွန်နာမူးလာတို့သည် မိုးကြိုးပစ်မှုကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။ အဆိုပါ ဇနီးမောင်နှံသည် လာဖာယက်တီဥယျာဉ်၌ ၎င်းတို့၏ ၅၆ နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပနေချိန်တွင် ထိုကဲ့သို့ မိုးကြိုးပစ်မှုကြောင့် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အိမ်ဖြူတော် သတင်းပြန်ကြားရေးတာဝန်ခံ ကာရင်ဂျိန်းပီယာရီက လာဖာယက်တီဥယျာဉ်တွင် မိုးကြိုးပစ်မှုဖြစ်ပွားပြီးနောက် ကြေကွဲဖွယ်ရာအသက်ဆုံးရှုံးမှုအတွက် စိတ်မကောင်းဖြစ်မိကြောင်း ဩဂုတ် ၅ ရက်တွင် ပြောသည်။

အမေရိကန်နိုင်ငံ၌ ယခုနှစ်တွင် လက်ရှိအချိန်အထိ မိုးကြိုးပစ်ခံရမှုကြောင့် ၁၂ ဦး ထက်မနည်း သေဆုံးကြောင်း အမျိုးသားမိုးကြိုးပစ်ခတ်မှု ဘေးကင်းရေးကောင်စီ၏ အဆိုအရ သိရသည်။

**ဆင်ဟွာ**



မိုးကြိုးပစ်မှုကြောင့် အသက်ဆုံးရှုံးသွားသော ဇနီးမောင်နှံ။

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ စက်သုံးဆီဈေး စံချိန်တင်မြင့်တက်လာပြီးနောက် ဆန္ဒပြမှုများဖြစ်ပေါ်

**ဒါကာ ဩဂုတ် ၆**

ဘင်္ဂလားဒေ့ရှ်အစိုးရက လောင်စာဆီဈေးနှုန်း သတ်မှတ်ချက် ၅၂ ရာခိုင်နှုန်းခန့် တိုးမြှင့်သတ်မှတ်လိုက်မှုကြောင့် လောင်စာဆီဈေးနှုန်း စံချိန်တင်မြင့်တက်သွားကာ နိုင်ငံတစ်ဝန်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် လူထောင်ပေါင်းများစွာ တိုးဝှေ့ဝယ်ယူနေရသည်။

ဩဂုတ် ၅ ရက်တွင် ဓာတ်ဆီဈေးနှုန်း၏ ၅၁ ဒသမ ၇ ရာခိုင်နှုန်းနှင့် ဒီဇယ်ဈေးနှုန်း၏ ၄၂ ဒသမ ၅ ရာခိုင်နှုန်းကို တိုးမြှင့်သတ်မှတ်လိုက်ကြောင်း အစိုးရက ကြေညာလိုက်ပြီးနောက် ယင်းနေ့ သန်းခေါင်ယံ အချိန်၌ပင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဈေးနှုန်းမြင့်တက်မှု မသက်ရောက်မီ စက်သုံးဆီဖြည့်တင်းရန် တစ်နိုင်ငံလုံးရှိ စက်သုံးဆီဆိုင်များသို့ အပြေးအလွှား တိုးဝှေ့ဝယ်ယူခဲ့ကြသည်။ ထို့ပြင် စက်သုံးဆီ အရောင်းဆိုင်အချို့မှာလည်း ခေတ္တပိတ်ထားခဲ့မှုကြောင့် ကန့်ကွက် ဆန္ဒပြမှုများလည်း ဖြစ်ပေါ်ခဲ့သည်။

လောင်စာဆီဈေး တိုးမြှင့်သတ်မှတ်လိုက်ကြောင်း အစိုးရက ကြေညာလိုက်ပြီးနောက် ဆေးလက်မြို့ရှိ စက်သုံးဆီအရောင်းဆိုင် အများစုသည် ချက်ချင်း ဈေးနှုန်းမြင့်တက်ရောင်းချကြသဖြင့် ဆေးလက်မြို့နှင့် အခြားမြို့ကြီးများရှိ စက်သုံးဆီ အရောင်းဆိုင်များရှေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများစွာက စုဝေးဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့သည်။

လောင်စာဆီဈေး တိုးမြှင့်မှုနှင့်ပတ်သက်၍ စွမ်းအင်ဝန်ကြီးဌာနက ကမ္ဘာ့လုံးဆိုင်ရာ ဈေးနှုန်းများအတိုင်း လိုက်လျောညီထွေဖြစ်အောင် ဈေးနှုန်းပြုပြင်ပြောင်းလဲမှုအချို့ ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ အခြေအနေများ ပြန်လည်ကောင်းမွန်လာပါက စက်သုံးဆီဈေးနှုန်းများကို ပြန်လည်ပြင်ဆင်သတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း သတင်းထောက်များအား ပြောကြားခဲ့သည်။



ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ စက်သုံးဆီဖြည့်တင်းရန် စောင့်ဆိုင်းနေသူများကို တွေ့ရစဉ်။

**အေအက်ဖ်ပီ**

# လာအိုနိုင်ငံ၌ ငွေကြေးဖောင်းပွမှု ဇူလိုင်လတွင် ၂၅ ဒသမ ၆ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့

**ဗီယင်ကျန်း ဩဂုတ် ၆**

လာအိုနိုင်ငံ၌ ငွေကြေးဖောင်းပွမှု မြင့်တက်လျက်ရှိပြီး ယခုနှစ် ဇွန်လတွင် ၂၃ ဒသမ ၆ ရာခိုင်နှုန်းရှိရာမှ ဇူလိုင်လတွင် ၂၅ ဒသမ ၆ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း လာအိုစာရင်းအင်းဗျူရိုမှ ထုတ်ပြန်သော နောက်ဆုံးအချက်အလက်အရ သိရသည်။

စက်သုံးဆီဈေးနှုန်းနှင့် လူသုံးကုန်ပစ္စည်းများ မြင့်တက်လာခြင်းနှင့် လာအိုကစ်ငွေကြေးတန်ဖိုး ဆက်တိုက်ကျဆင်းလာခြင်းက ငွေကြေးဖောင်းပွမှု၏ အဓိကအကြောင်းရင်းများဖြစ်ကြောင်း သိရသည်။ ရေနံဈေးမြင့်တက်လာမှုက သယ်ယူပို့ဆောင်ရေး ဈေးနှုန်းအညွှန်းကိန်းကို သက်ရောက်မှုရှိသည့်အတွက် ထုတ်လုပ်မှု သို့မဟုတ် သယ်ယူပို့ဆောင်ရေးတွင် စက်သုံးဆီအပေါ် မှီခိုအားထားနေရသော ကုန်ပစ္စည်းဈေးနှုန်း မြင့်တက်လာမှုကို ဖြစ်ပေါ်စေသည်။

ဆေးကုသစရိတ်နှင့် ဆေးဝါးများအတွက် ကုန်ကျမှုစရိတ်သည် ယခင်လကထက် ၈ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ယခင်နှစ်ကထက် ၃၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ အစားအစာနှင့် အရက်မဟုတ်သော အဖျော်ယမကာအတွက် ကုန်ကျစရိတ်သည် ယခင်လကထက် ၅ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ယခင်နှစ်ကထက် ၂၁ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ကယ်လီဖိုးနီးယားပြည်နယ် မရဏာတောင်ကြား၌ ရှားရှားပါးပါးရေကြီးမှုဖြစ်ကာ လူ ၁၀၀၀ ခန့်ပိတ်မိနေ

**လော့စ်အိန်ဂျလိစ် ဩဂုတ် ၆**

အမေရိကန် ပြည်ထောင်စု ကယ်လီဖိုးနီးယား ပြည်နယ် မရဏာတောင်ကြား၌ ဩဂုတ် ၅ ရက်က ရေကြီးမှုဖြစ်ကာ လမ်းမများအားလုံး ရေလွှမ်းသွားပြီးနောက် မော်တော်ယာဉ်များအားလုံး နစ်မြုပ်ပျက်စီးသွားကာ လူ ၁၀၀၀ ကျော်လည်း ပိတ်မိနေသည်။

အမျိုးသား ဥယျာဉ်ဝန်ဆောင်မှုဌာန၏ အဆိုအရ မထင်မှတ်ဘဲ မိုးရေချိန်များ ပြားစွာ ရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ မရှိသော်လည်း ကယ်လီဖိုးနီးယားပြည်နယ် အရှေ့ပိုင်း မိုဂျေ့သဲကန္တာရဥယျာဉ်အတွင်း ခရီးသွားဧည့်သည် ၅၀၀ ခန့်နှင့် ဝန်ထမ်း ၅၀၀ ခန့် ပိတ်မိနေပြီး ကားအစီးရေ ၆၀ ခန့်မှာလည်း အပျက်အစီးများအောက် ပေပေါင်းများစွာ နစ်မြုပ်သွားခဲ့သည်။ မိုးရွာသွန်းမှုကြောင့် ရုံးခန်းများနှင့် ဟိုတယ်များ ရေလွှမ်းခဲ့ကြောင်း အဆိုပါ ဥယျာဉ် ဝန်ဆောင်မှုဌာနမှ သိရသည်။

ရာသီဥတု ဖောက်ပြန်ခြင်းကြောင့်ဖြစ်ပေါ်လာသော အပူချိန် မြင့်မားမှုကြောင့် လေထုအတွင်း အစိုဓာတ် ပိုမိုထိန်းထားနိုင်ပြီး မိုးရေချိန် ပိုမိုရွာသွန်းစေလျက်ရှိသည်။ ကုလသမဂ္ဂ ရာသီဥတုဆိုင်ရာ ကျွမ်းကျင်သူများ၏ အဆိုအရ ကမ္ဘာ့ကြီးပူနွေးလာမှုကို ၁ ဒသမ ၅ ဒီဂရီ စင်တီဂရိတ်အထိ ကန့်သတ်ထားသော်လည်း အချို့သော ဒေသများတွင် မိုးရွာသွန်းမှု အကြိမ်အရေအတွက် တိုးမြင့်လာမှုနှင့် ပိုမိုသည်းထန်ရွာသွန်းစေမှုများကို ဖြစ်ပေါ်စေလျက်ရှိသည်။

**အေအက်ဖ်ပီ**



# ကနေဒါနိုင်ငံ၌ ဩဂုတ် ၅ ရက်အထိ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၉၅၇ ဦးအထိ ရှိလာပြီဖြစ်

**အော့တဝါ ဩဂုတ် ၆**

ကနေဒါနိုင်ငံတွင် ဩဂုတ် ၅ ရက်အထိ မျောက်ကျောက်ရောဂါကူးစက်ခံရသူ ၉၅၇ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကနေဒါပြည်သူ့ကျန်းမာရေး အေဂျင်စီ (ပီအိတ်ချ်အေစီ) က အတည်ပြုပြောသည်။ ထို့အပြင် အဆိုပါ ကျန်းမာရေး အေဂျင်စီက ကူးစက်ခံရသူများအနက် အွန်တာရီယိုပြည်နယ်မှ ၄၄၉ ဦး၊ ကွီဘက်စ်ပြည်နယ်မှ ၄၀၇ ဦး၊ ဗြိတိသျှကိုလံဘီယာမှ ၈၁ ဦး၊ အယ်ဘာတာပြည်နယ်မှ ၁၆ ဦးနှင့် ဆာကက်ချီဝန်နှင့် ယူခွန်ပြည်နယ်တို့မှ နှစ်ဦးစီ စစ်ဆေးတွေ့ရှိခြင်းဖြစ်ကြောင်း ပြောသည်။

ကနေဒါအစိုးရသည် မေလတွင် မျောက်ကျောက်ရောဂါ စတင်ဖြစ်ပွားကတည်းက မျောက်ကျောက်ရောဂါကို ဦးစားပေးအဖြစ် ကုသပေးမှုပြုလုပ်ခဲ့ကြောင်း၊ Imvamune ကာကွယ်ဆေး ၈၀၀၀၀ ကို ပြည်နယ်နှင့် ဒေသအသီးသီးသို့ ဖြန့်ကြက်ပေးပို့ထားပြီးဖြစ်ကြောင်း ပြောသည်။ မျောက်ကျောက်ရောဂါသည် ပွေ့ဖက်ခြင်း၊ နမ်းခြင်း၊ နှိပ်နယ်ပေးခြင်း သို့မဟုတ် လိင်ဆက်ဆံခြင်းများအပါအဝင် ရောဂါပိုးရှိသူနှင့် အနီးကပ်ထိတွေ့မှုမှတစ်ဆင့် လူမှ လူသို့ ကူးစက်နိုင်သော ဗိုင်းရပ်စ်ရောဂါတစ်မျိုးဖြစ်သည်ဟု ကျွမ်းကျင်သူများက ဆိုသည်။

အခြားသတင်းတစ်ရပ်တွင် ကနေဒါနိုင်ငံ၌ ဇူလိုင် ၂၄ ရက်မှ ၃၀ ရက်အထိ တစ်ပတ်အတွင်း ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၂၈၅၉၆ ဦးအထိ ရှိလာကြောင်း ဖော်ပြထားသည်။ ကနေဒါနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၄၀၈၄၇၂၈ ဦးနှင့် သေဆုံးသူ စုစုပေါင်း ၄၂၉၀၁ ဦးအထိရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# တစ်နေ့တခြား ကူးစက်မှုတွေ များပြားလာတဲ့ မျောက်ကျောက်ရောဂါ



ကောင်းဇော်

**လတ်တလော ကမ္ဘောဒီးယားနိုင်ငံမှာသာမက ကမ္ဘာတစ်ဝန်းမှာရှိတဲ့ လူသားတွေကြား စိုးရိမ်မှုမြင့်တက်နေတာက မျောက်ကျောက်ရောဂါ ကူးစက်မှုပါ။ မေ ၄ ရက်မှ ဩဂုတ် ၆ ရက်အထိ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံနဲ့ ဒေသပေါင်း ၈၈ ခုမှာ မျောက်ကျောက်ရောဂါ အတည်ပြုကူးစက်ခံရသူ အရေအတွက် ၂၈၇၆၀ အထိ ရှိလာပြီလို့ နိုင်ငံတကာ သတင်းရင်းမြစ်တွေမှာ ဖော်ပြထားပါတယ်။**

## မျောက်ကျောက်ရောဂါကြောင့် ကမ္ဘာတစ်ဝန်း သေဆုံးသူ ၁၁ ဦးရှိ

လက်ရှိအချိန်အထိ အဆိုပါ ရောဂါကြောင့် သေဆုံးသူအရေအတွက်ဟာ ၁၁ ဦးရှိပြီး နိုင်ဂျီးရီးယားမှာ သုံးဦး၊ ဗဟိုအာဖရိကမှာ နှစ်ဦး၊ စပိန်မှာ နှစ်ဦး၊ ဘရာဇီးမှာ တစ်ဦး၊ ဂါနာမှာ တစ်ဦး၊ အိန္ဒိယမှာ တစ်ဦး၊ ပီရူးမှာ တစ်ဦး ရှိတယ်လို့ ဆိုပါတယ်။ အာဖရိကပြင်ပမှာ ပထမဆုံးမျောက်ကျောက်ရောဂါ ကူးစက်ခံရမှု တွေ့ရှိတဲ့ နိုင်ငံက ဗြိတိန်နိုင်ငံဖြစ်ပြီး မေ ၆ ရက်မှာ စတင်တွေ့ရှိခဲ့တယ်လို့ နိုင်ငံတကာသတင်းရင်းမြစ်တွေမှာ ဖော်ပြထားပါတယ်။

မျောက်ကျောက်ရောဂါ ကူးစက်ခံရတဲ့ လူအများစုဟာ ရက်သတ္တနှစ်ပတ်မှ လေးပတ်အတွင်း ပြန်လည်ကောင်းမွန်လာကြတယ်လို့ အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ဆိုပါတယ်။ ဥရောပဒေသဟာ လက်ရှိ ကမ္ဘာလုံးဆိုင်ရာ မျောက်ကျောက်ရောဂါ ကူးစက်မှု၏ ဗဟိုချက်အဖြစ်ရှိနေပြီး ၂၀၂၂ ခုနှစ်မှာ ကမ္ဘာတစ်ဝန်း မျောက်ကျောက်ရောဂါ အတည်ပြုကူးစက်ခံထားရတဲ့ ၈၀ ရာခိုင်နှုန်းကျော်ရှိတယ်လို့ သိရပါတယ်။

## ရောဂါကူးစက်ခံရသူ ပြန်လည်ကောင်းမွန်လာ

မျောက်ကျောက်ရောဂါ ကူးစက်ခံရထားကြောင်း စစ်ဆေးတွေ့ရှိထားသော်လည်း ထိုင်းနိုင်ငံမှ ထွက်ပြေးလာတဲ့ ကမ္ဘောဒီးယားနိုင်ငံရဲ့ ပထမဆုံးပြည်ပပြန် မျောက်ကျောက်ရောဂါ ကူးစက်ခံရသူဟာ ရက်သတ္တနှစ်ပတ်အကြာ ဆေးကုသမှု ခံယူအပြီးမှာတော့ ပြန်လည်ကောင်းမွန်လာခဲ့ပြီလို့ ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဩဂုတ် ၆ ရက်က ပြောပါတယ်။

အဆိုပါ အသက် ၂၇ နှစ်အရွယ် နိုင်ဂျီးရီးယားလူမျိုး အော့စ်မွန် ချီဟာ ဇီရင် အင်န်ဇာရင်ကို ကမ္ဘောဒီးယား အာဏာပိုင်တွေက ဇူလိုင် ၂၃ ရက်မှာ ဖနောင်ပင်မြို့ရှိ ချာကာမွန်ခရိုင်မှာ ဖမ်းဆီးရမိခဲ့ပြီး ဆေးကုသမှုခံယူရန် ဆေးရုံကို ပို့ဆောင်ခဲ့တာ ဖြစ်ပါတယ်။ မျောက်ကျောက်ရောဂါအတွက် Khmer-Soviet Friendship ဆေးရုံမှာဆေးကုသမှုခံယူနေတဲ့ နိုင်ဂျီးရီးယား အမျိုးသားဟာဩဂုတ် ၆ ရက်မှာမနက်ပိုင်းမှာတော့ ရောဂါကင်းစင်တဲ့အတွက် ဆေးရုံက ဆင်းခွင့်ရရှိပြီ ဖြစ်တယ်လို့ သတင်းရင်းမြစ်တွေမှာ ဖော်ပြထားပါတယ်။

## သက်ဆိုင်ရာ အာဏာပိုင်တွေထံ လွှဲပြောင်းအပ်နှံထား

အဲဒီနိုင်ဂျီးရီးယား အမျိုးသားဆေးရုံကနေ ဆင်းခွင့်ရရှိခြင်းဟာ ဩဂုတ် ၅ ရက်က ကမ္ဘောဒီးယားနိုင်ငံရှိ Pasteur Institute မှာ နောက်ဆုံးအကြိမ် စစ်ဆေးမှု ပြုလုပ်ပြီးနောက် မျောက်ကျောက်ရောဂါကူးစက်မှု မတွေ့ရှိတဲ့အတွက် ဆေးရုံကနေ ဆင်းခွင့်ရရှိတာလို့ ဆိုပါတယ်။ ကမ္ဘောဒီးယားနိုင်ငံမှာ အဲဒီအမျိုးသားနဲ့ တိုက်ရိုက်ထိတွေ့တဲ့ လူငါးဦးရှိပြီး ရောဂါပိုးကူးစက်ခံရခြင်း ရှိ မရှိ စစ်ဆေးရာမှာ ပိုးမတွေ့ရှိဘူးလို့ ဆိုပါတယ်။ လက်ရှိမှာ အဲဒီအမျိုးသားကို တရားဥပဒေလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ဖို့ သက်ဆိုင်ရာ အာဏာပိုင်တွေထံ လွှဲပြောင်းအပ်နှံထားတယ်လို့ သိရပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဇူလိုင် ၂၃ ရက်မှာ မျောက်ကျောက်ရောဂါဖြစ်ပွားမှုကို နိုင်ငံတကာစိုးရိမ်ဖွယ်ရာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ထုတ်ပြန်ကြေညာထားတာဖြစ်ပါတယ်။ အာဖရိကပြင်ပနိုင်ငံမှာ မျောက်ကျောက်ရောဂါကြောင့် ပထမဆုံး သေဆုံးမှုဖြစ်တဲ့ နိုင်ငံက အိန္ဒိယနိုင်ငံပါ။ မကြာသေးမီ သီတင်းပတ်တွေအတွင်း စပိန်နိုင်ငံမှာ မျောက်ကျောက်နဲ့ ဆက်စပ်တဲ့ရောဂါကြောင့် သေဆုံးသူနှစ်ဦးနဲ့ ဘရာဇီးနိုင်ငံမှာ သေဆုံးမှုတစ်ဦး ဖြစ်ပွားခဲ့တယ်လို့ နိုင်ငံတကာသတင်းရင်းမြစ်တွေ ဖော်ပြထားပါတယ်။

## သတိထား ဆင်ခြင်သင့်

မျောက်ကျောက်ရောဂါဟာ ကူးစက်ခံရပြီးနောက် ရက်သတ္တနှစ်ပတ်အတွင်းမှ လေးပတ်အတွင်း ပြန်လည်ကောင်းမွန်လာကြတယ်လို့ ဆိုသော်ငြားလည်း ကူးစက်မှုတွေ မြင့်တက်လာတာနဲ့အမျှ သေဆုံးမှုလည်း မြင့်တက်လာနိုင်တာကြောင့် သတိထား ဆင်ခြင်သင့်တယ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်ထားပါတယ်။ ထိုင်းနိုင်ငံမှာ ဩဂုတ် ၅ ရက် ထုတ်ပြန်ချက်အရ မျောက်ကျောက်ရောဂါကူးစက်ခံသူ လေးဦးအထိ ရှိလာပြီလို့ သိရပါတယ်။

မျောက်ကျောက်ရောဂါဟာ ပွေ့ဖက်ခြင်း၊ နမ်းခြင်း၊ လိင်ဆက်ဆံခြင်းတွေ အပါအဝင် ရောဂါပိုးရှိသူနဲ့ အနီးကပ်ထိတွေ့မှုမှတစ်ဆင့် လူမှ လူကို ကူးစက်နိုင်တဲ့ ဗိုင်းရပ်စ်ရောဂါတစ်မျိုးဖြစ်တယ်လို့ ကျွမ်းကျင်သူတွေက ဆိုပါတယ်။ လက်ရှိအချိန်ထိ မျောက်ကျောက်ရောဂါကူးစက်ခံရမှု အများဆုံးနိုင်ငံအဖြစ် အမေရိကန်နိုင်ငံက ထိပ်ဆုံးမှာရှိနေပြီး အတည်ပြုကူးစက်ခံရသူ စုစုပေါင်း ၇၄၉၁ ဦးအထိ ရှိလာပြီ ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီ မျောက်ကျောက်ရောဂါကြောင့် အမေရိကန်နိုင်ငံမှာ သေဆုံးသူ မရှိသေးပါဘူး။ ထို့နည်းတူ စပိန်နိုင်ငံက မျောက်ကျောက်ရောဂါ ကူးစက်ခံရမှု ဒုတိယအများဆုံးနိုင်ငံအဖြစ် ရှိနေပြီး ကူးစက်ခံရသူ စုစုပေါင်း ၅၂၁၁ ဦးအထိပြီး သေဆုံးသူ မရှိသေးဘူးလို့ သိရပါတယ်။

## နည်းနည်းတစ်ဖုံ များများတစ်လှည့် ဖြစ်ပွားနေ

မျောက်ကျောက် ကူးစက်ခံရမှုအနေနဲ့ အရှေ့တောင်အာရှနိုင်ငံတွေကို ကြည့်ရင် ကမ္ဘောဒီးယားနိုင်ငံအပြင် ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း စတဲ့ နိုင်ငံတွေမှာ ဖြစ်ပွားနေတာ တွေ့ရတယ်။ ဖိလစ်ပိုင်နိုင်ငံမှာ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူတစ်ဦးရှိပြီး ထိုင်းနိုင်ငံမှာ လေးဦးနဲ့ စင်ကာပူနိုင်ငံမှာ ၁၅ ဦးအထိ ကူးစက်မှုဖြစ်ပွားနေတာ တွေ့ရပါတယ်။ အဲဒီနိုင်ငံတွေမှာ မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားမှုအပြင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုတွေကိုလည်း နည်းနည်းတစ်ဖုံ များများတစ်လှည့် ဖြစ်ပွားနေတာတွေ့ရတယ်။

ကမ္ဘောဒီးယားနိုင်ငံမှာ ဩဂုတ် ၆ ရက်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈ ဦးရှိတယ်လို့ ဖနောင်ပင်ပို့စ်ရဲ့ ဖော်ပြချက်အရ သိရပါတယ်။ ဒါပေမယ့် ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ မရှိဘူးလို့ ကျန်းမာရေးဝန်ကြီးဌာနက ပြောပါတယ်။ ထပ်မံကူးစက်ခံရမှုကြောင့် ကမ္ဘောဒီးယားနိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၃၆၉၇၇ ဦးရှိပြီး ရောဂါကင်းစင်ပြီး ပြန်လည်ကောင်းမွန်လာသူ ၁၃၃၆၅၀ ရှိတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ကမ္ဘောဒီးယားနိုင်ငံမှာ အဲဒီရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၃၀၅၆ ဦးရှိပါတယ်။ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါအတွက် ကာကွယ်ဆေးထုတ်လုပ်မှုနဲ့ ထိုးနှံထားမှုတွေကြောင့် လူသားတွေ အသက်ရှူချောင်လာချိန်မှာ မျောက်ကျောက်ရောဂါကို ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေအဖြစ် ထုတ်ပြန်ကြေညာထားတာကြောင့် ခရီးသွားလာရေးကဏ္ဍတွေမှာ အခက်တွေ့ကြရပြန်ပါတယ်။ ကိုဗစ်-၁၉ ရောဂါ ကင်းစင်ကြောင်း အထောက်အထား စာရွက်စာတမ်းတွေကို သက်ဆိုင်ရာအား ပြသရသလို မျောက်ကျောက်ရောဂါလက္ခဏာ ရှိ မရှိလည်း ပြသရတာကြောင့် ပိုအခက်တွေ့ကြရပြန်ပါတယ်။ ။

❖ **မျောက်ကျောက်ရောဂါ ကူးစက်ခံရထားကြောင်း စစ်ဆေးတွေ့ရှိထားသော်လည်း ထိုင်းနိုင်ငံမှ ထွက်ပြေးလာတဲ့ ကမ္ဘောဒီးယားနိုင်ငံရဲ့ ပထမဆုံးပြည်ပပြန် မျောက်ကျောက်ရောဂါ ကူးစက်ခံရသူဟာ ရက်သတ္တနှစ်ပတ်အကြာ ဆေးကုသမှု ခံယူအပြီးမှာတော့ ပြန်လည်ကောင်းမွန်လာခဲ့ပြီလို့ ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဩဂုတ် ၆ ရက်က ပြောပါတယ်**

❖ **မျောက်ကျောက်ရောဂါဟာ ကူးစက်ခံရပြီးနောက် ရက်သတ္တနှစ်ပတ်အတွင်းမှ လေးပတ်အတွင်း ပြန်လည်ကောင်းမွန်လာကြတယ်လို့ ဆိုသော်ငြားလည်း ကူးစက်မှုတွေ မြင့်တက်လာတာနဲ့အမျှ သေဆုံးမှုလည်း မြင့်တက်လာနိုင်တာကြောင့် သတိထားဆင်ခြင်သင့်တယ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်ထား**

## ဩဂုတ် ၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀ တွေ့ရှိ

### ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၃၃ ရာခိုင်နှုန်းရှိ

**(၆–၈–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၅–၈–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆–၈–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၆,၁၃၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၃) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၇၁,၉၄၂)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၆၁၄,၁၉၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၅) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၉၈၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၆–၈–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၄၅) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၄) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၇၁) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၃၇) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၀၅) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၃၆၉) ခု | (၉) ဦး |
| စုစုပေါင်း | (၆,၁၃၁) ခု | (၂၀) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ ကျောင်းသားများ၊ ကျောင်းနေပြင်ပကလေးများနှင့် ပြည်သူများအားလုံးကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ခြောက်လအတွင်းရောက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၆-၈-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၃၈၆၆၆၄၁ | ၈၈၈၂၃၂၉၆ | ၁၀၅၈၆၃၇ |
| ၂။ | အိန္ဒိယ | ၄၄၁၂၆၉၉၄ | ၄၃၄၆၅၅၅၂ | ၅၂၆၆၄၉ |
| ၃။ | ပြင်သစ် | ၃၄၀၂၄၅၂၂ | ၃၂၇၉၀၃၇၃ | ၁၅၂၅၃၇ |
| ၄။ | ဘရာဇီး | ၃၃၉၉၄၄၇၀ | ၃၂၆၆၈၂၄၀ | ၆၇၉၈၀၂ |
| ၅။ | ဂျာမနီ | ၃၁၂၂၈၃၁၄ | ၂၉၄၈၃၂၀၀ | ၁၄၄၈၅၈ |
| ၆။ | ဗြိတိန် | ၂၃၃၆၈၈၉၉ | ၂၂၈၂၈၈၆၉ | ၁၈၅၀၅၂ |
| ၇။ | အီတလီ | ၂၁၂၅၁၇၇၄ | ၁၉၉၃၁၆၉၁ | ၁၇၂၉၀၄ |
| ၈။ | တောင်ကိုရီးယား | ၂၀၃၈၃၆၂၁ | ၁၈၈၃၆၄၀၂ | ၂၅၂၃၆ |
| ၉။ | ရုရှား | ၁၈၆၉၂၃၉၆ | ၁၈၀၃၀၆၂၆ | ၃၈၂၆၉၇ |
| ၁၀။ | တူရကီ | ၁၅၈၈၈၉၄၉၅ | ၁၅၄၈၇၄၆၈ | ၉၉၃၄၁ |

## ၆-၈-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၁၁၉၂၀၄၃ | ၉၉၅၇၆၅၅ | ၄၃၀၉၄ |
| အင်ဒိုနီးရှား | ၆၂၄၀၆၉၉ | ၆၀၃၂၇၂၂ | ၁၅၇၀၈၂ |
| မလေးရှား | ၄၇၀၁၁၄၀ | ၄၆၁၈၆၂၅ | ၃၆၀၀၉ |
| ထိုင်း | ၄၆၀၃၃၅၉ | ၄၅၅၀၅၄၈ | ၃၁၅၆၄ |
| ဖိလစ်ပိုင် | ၃၇၉၉၃၃၄ | ၃၇၀၁၂၀၁ | ၆၀၇၈၉ |
| စင်ကာပူ | ၁၇၄၉၁၄၄ | ၁၆၅၅၆၄၃ | ၁၅၃၄ |
| မြန်မာ | ၆၁၄၁၉၀ | ၅၉၂၉၈၅ | ၁၉၄၃၄ |
| လာအို | ၂၁၁၇၁၁ | ၂၀၈၃၄၄ | ၇၅၇ |
| ဘရူနိုင်း | ၂၁၁၁၅၇ | ၂၀၅၇၇၃ | ၂၂၅ |
| ကမ္ဘောဒီးယား | ၁၃၆၉၇၇ | ၁၃၃၆၅၀ | ၃၀၅၆ |

မျိုးရိုးဗီဇပြောင်း ကိုဗစ်–၁၉ ရောဂါပိုး အိုမီခရွန်နှင့် ၎င်း၏မျိုးစိတ်အသစ်များကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံခြင်းနှင့် ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံခြင်းဖြင့်သာ ထိရောက်စွာ ကာကွယ်နိုင်သောကြောင့် မိဘပြည်သူများအနေဖြင့် သက်ဆိုင်ရာ ကျန်းမာရေးဌာနများတွင် ထပ်ဆောင်း ကာကွယ်ဆေးကို မပျက်မကွက် ထိုးနှံမှုခံယူရန် တိုက်တွန်းအပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး စက္ကန့်(၂၀) ကြာဆေးကြောပါ။

# ကိုယ်ကျိုးစီးပွားပြိုင်ဆိုင်မှုတွေ တုံ့ပြန်နိုင်ဖို့ဆိုရင်

မျိုးငြိမ်းငယ်

**လတ်တလော ကမ္ဘာ့နိုင်ငံရေးမှာ အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပလိုစီ ထိုင်ဝမ်ကို သွားရောက်ခဲ့တာကြောင့် တရုတ်နိုင်ငံနဲ့ အမေရိကန်နိုင်ငံအကြား ဖြစ်လာတဲ့တင်းမာမှုတွေအပေါ် အားလုံးက စိုးရိမ်တကြီး စောင့်ကြည့်နေကြပါတယ်။**




အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပလိုစီနှင့်အဖွဲ့ ထိုင်ဝမ်သို့ ဩဂုတ် ၂ ရက်က ရောက်ရှိလာစဉ်။

အမေရိကန် အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပလိုစီနဲ့ လွှတ်တော်အမတ်ခြောက်ဦးပါတဲ့ ကိုယ်စားလှယ်အဖွဲ့ဟာ အာရှခရီးစဉ်အဖြစ် စင်ကာပူ၊ မလေးရှား၊ တောင်ကိုရီးယားနဲ့ ဂျပန်နိုင်ငံတို့ကို သွားရောက်ခဲ့ပါတယ်။ အဲဒီခရီးစဉ်အစမှာ ထိုင်ဝမ်ကို နန်စီပလိုစီ သွားမယ်/ မသွားဘူး မဖော်ပြခဲ့ပါဘူး။ ဒါပေမယ့် နန်စီပလိုစီအနေနဲ့ ထိုင်ဝမ်ကို သွားရောက်နိုင်တယ်လို့ သတင်းတွေ ကျယ်ကျယ်ပြန့်ပြန့်ထွက်ပေါ်ခဲ့ပြီး တရုတ်နိုင်ငံကလည်း ခရီးစဉ်ကို စောင့်ကြည့်နေခဲ့ပါတယ်။ နန်စီပလိုစီနဲ့ ကိုယ်စားလှယ်အဖွဲ့ဟာ မလေးရှားနိုင်ငံ ခရီးစဉ်ပြီးမှ ထိုင်ဝမ်ကို ဩဂုတ်လ ၂ ရက်နေ့က သွားရောက်ခဲ့ပါတယ်။

နန်စီပလိုစီ ထိုင်ဝမ်ကို ရောက်ပြီးတာနဲ့ ချက်ချင်းဆိုသလိုပဲ တရုတ်နိုင်ငံက အပြင်းအထန်ကန့်ကွက်တဲ့ ကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။ နန်စီပလိုစီရဲ့လုပ်ရပ်ကို ပြတ်ပြတ်သားသား ဆန့်ကျင်ရှုတ်ချကြောင်း၊ ကမ္ဘာပေါ်မှာ တရုတ်တစ်နိုင်ငံတည်းသာရှိပြီး ထိုင်ဝမ်ဟာ တရုတ်နိုင်ငံရဲ့ ခွဲမထွက်နိုင်တဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ တရုတ်အစိုးရဟာ တရုတ်နိုင်ငံတစ်ခုလုံးကို ကိုယ်စားပြုတဲ့ တစ်ခုတည်းသော တရားဝင်အစိုးရဖြစ်ကြောင်း ဖော်ပြထားပါတယ်။

## တရုတ်နဲ့အမေရိကန်အကြား ပွတ်တိုက်မှုတွေ

နန်စီပလိုစီရဲ့ခရီးစဉ်ဟာ ၁၉၉၇ ခုနှစ်နောက်ပိုင်း ထိုင်ဝမ်ကိုလာတဲ့ အမေရိကန်ရဲ့ အဆင့်အမြင့်ဆုံး ကိုယ်စားလှယ်အဖွဲ့ခရီးစဉ်ပါ။ တရုတ်နိုင်ငံက ဒီလိုခရီးစဉ်ဖြစ်လာနိုင်တာကို မျှော်လင့်ထားပြီး ယခင်ကတည်းက အမြဲပဲကန့်ကွက်ခဲ့ပါတယ်။ ထိုင်ဝမ်အရေးကြောင့် တရုတ်နဲ့အမေရိကန်အကြား ပွတ်တိုက်မှုတွေဖြစ်ကြတာ အခုမှမဟုတ်ပါဘူး။ ခဏခဏဆိုသလိုပါပဲ။ ထိုင်ဝမ်ဟာ တရုတ်ပြည်ကနေ ခွဲထွက်နေတဲ့ ပြည်နယ်တစ်ခုအဖြစ် တရုတ်နိုင်ငံက သတ်မှတ်ထားပါတယ်။ ဒုတိယကမ္ဘာစစ်အပြီးနောက်ပိုင်းမှာ ဖြစ်ပွားတဲ့ ပြည်တွင်းစစ်မှာ ထိုင်ဝမ်က တရုတ်ပြည်ကနေ ခွဲထွက်သွားခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ထိုင်ဝမ်ဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတဲ့ကျွန်းဖြစ်ပေမယ့် တရုတ်ပြည်မကြီးနဲ့ကင်းကွာနေတဲ့ ပြည်နယ်တစ်ခုအဖြစ် တရုတ်က သတ်မှတ်ထားပါတယ်။

၂၀၀၀ ပြည့်နှစ်မှာ ထိုင်ဝမ်မှာ ချန်ရှွိဖြန်း သမ္မတဖြစ်လာတဲ့အချိန်မှာ ထိုင်ဝမ်လွတ်လပ်ရေးကို ထောက်ခံတဲ့အပြင် ၂၀၀၄ ခုနှစ်မှာ ထပ်ပြီးအနိုင်ရခဲ့ပါတယ်။ ချန်ရှွိဖြန်း ထပ်မံအရွေးချယ်ခံရတဲ့အခါ တရုတ်နိုင်ငံအနေနဲ့ စိုးရိမ်မှုမြင့်တက်လာပြီး ၂၀၀၅ ခုနှစ်မှာ ခွဲမထွက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီဥပဒေအရ ထိုင်ဝမ်အနေနဲ့တရုတ်ပြည်မကြီးကနေခွဲထွက်ရင် ငြိမ်းချမ်းရေးနည်းလမ်းမဟုတ်တဲ့ နည်းတွေအသုံးပြုပြီး တားဆီးခွင့်ရှိတယ်လို့ ပြဋ္ဌာန်းခဲ့ပါတယ်။

## တရုတ်နိုင်ငံအတွက် အရေးပါ

ဒီသမိုင်းကြောင်းကိုကြည့်ရင် တရုတ်ပြည်နဲ့ ထိုင်ဝမ်အကြား နောက်ခံအခြေအနေကို တွေ့မြင်နိုင်ပါတယ်။ သမိုင်းကြောင်းအရ ထိုင်ဝမ်ဟာ တရုတ်ပြည်မကြီးရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ခဲ့ပြီး တရုတ်ပြည်မကြီးနဲ့လည်း မိုင် ၁၀၀ ခန့်ပဲဝေးတဲ့ ကျွန်းတစ်ကျွန်းဖြစ်တာကြောင့် တရုတ်နိုင်ငံအတွက် အရေးပါတဲ့ နယ်မြေတစ်ခုဖြစ်ပါတယ်။ တရုတ်နိုင်ငံအတွက် ထိုင်ဝမ်ဟာ အချုပ်အခြာအာဏာပိုင်ဆိုင်တဲ့ နယ်မြေကိစ္စဖြစ်သလို လုံခြုံရေးနဲ့စီးပွားရေးအရလည်း အရေးပါပါတယ်။ ဒီအတွက် တရုတ်ပြည်မကြီးနဲ့ ထိုင်ဝမ်ပေါင်းစည်းဖို့အတွက် တရုတ်နိုင်ငံက အမြဲကြိုးပမ်းနေတာ ဖြစ်ပါတယ်။ တရုတ်နိုင်ငံတော်အမိမြေကြီး အပြည့်အဝပြန်လည်ပေါင်းစည်းရေး သမိုင်းပေးတာဝန်က မဖြစ်မနေ ဖြည့်ဆည်းလာနိုင်ဖို့ သေချာတဲ့ကိစ္စတစ်ခုလည်း ဖြစ်တယ်လို့ ရှီက ပြောကြားထားပါတယ်။

အမေရိကန်အနေနဲ့က ထိုင်ဝမ်နဲ့ တရားဝင်ဆက်ဆံရေးပုံစံမရှိပေမယ့် တရားဝင်မဟုတ်တဲ့ ဆက်ဆံရေးတွေရှိနေပါတယ်။ ထိုင်ဝမ်အနေနဲ့ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့အတွက် အမေရိကန်က ကူညီရမယ်ဆိုပြီး ပြဋ္ဌာန်းထားတဲ့ ထိုင်ဝမ်ဆက်ဆံရေးအက်ဥပဒေရဲ့ တစ်စိတ်တစ်ပိုင်းအရ အမေရိကန်က ထိုင်ဝမ်ကို စစ်လက်နက်ပစ္စည်းတွေ ရောင်းချနေပါတယ်။ ဒီလိုအခြေအနေမှာ ထိုင်ဝမ်ကို အမေရိကန်က ကိုယ်စားလှယ်တွေ စေလွှတ်နေတာ၊ လက်နက်တွေရောင်းချတာနဲ့ စီးပွားရေးဆိုင်ရာတွေမှာ ထိုင်ဝမ်ကို သွယ်ဝိုက်တဲ့နည်းနဲ့ အသိအမှတ်ပြုတဲ့ပုံစံတွေကို တရုတ်နိုင်ငံက ပြင်းပြင်းထန်ထန်ကန့်ကွက်နေခဲ့တာပဲဖြစ်ပါတယ်။ အဲဒီလို တရုတ်နိုင်ငံအတွက် အရေးကြီးတဲ့ထိုင်ဝမ်ကို အမေရိကန်နိုင်ငံရဲ့ တတိယ ရာထူးအမြင့်ဆုံးဖြစ်တဲ့ အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပလိုစီ သွားရောက်တဲ့ လုပ်ရပ်ဟာ သာမန် ဆက်ဆံရေးရုပ်ပြခရီးစဉ်ဆိုတာထက် နောက်ကွယ်က ရည်ရွယ်ချက်တွေ ရှိနေမှာပါ။

## ရုရှား-ယူကရိန်းပဋိပက္ခ

အခု ထိုင်ဝမ်ကိစ္စမတိုင်မီလေးက ဖြစ်ခဲ့တဲ့ ရုရှား-ယူကရိန်းပဋိပက္ခမှာလည်း ယူကရိန်းနိုင်ငံ နေတိုးအဖွဲ့ထဲပါဝင်ဖို့ ကြိုးပမ်းတာ၊ ယူကရိန်းကို အနောက်အုပ်စု လွှမ်းမိုးလာတာကြောင့် ရုရှားနိုင်ငံက ယူကရိန်းကို တိုက်ခိုက်နေတာ ဒီကနေ့အထိ မပြီးသေးပါဘူး။ အနောက်အုပ်စုက ရုရှားနဲ့ နယ်နိမိတ်ချင်းကပ်လျက် ယူကရိန်းနိုင်ငံရဲ့ နိုင်ငံရေးကို နောက်ကွယ်ကနေ ပံ့ပိုးကူညီနေပါတယ်။ ယူကရိန်းနိုင်ငံသာ နေတိုးအဖွဲ့ဝင် ဖြစ်သွားရင် ရုရှားနိုင်ငံအပေါ် တိုက်ရိုက်ခြိမ်းခြောက်လိုက်သလိုပါပဲ။ ဒါကြောင့် ယူကရိန်းကို နေတိုးအဖွဲ့ဝင်အဖြစ် ဝင်ခွင့်မပြုဖို့ ရုရှားက တောင်းဆိုပေမယ့် မအောင်မြင်ခဲ့ပါဘူး။ သံတမန်ရေးကြိုးပမ်းမှုတွေ မအောင်မြင်တဲ့အဆုံး ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလထဲမှာ ယူကရိန်းကို ရုရှားတို့ဝင်ရောက်တိုက်ခိုက်ခဲ့ပါတယ်။

## ယူကရိန်းကို ကြားခံစစ်အဖြစ် အသုံးချ

ဒီဖြစ်စဉ်ကိုကြည့်ရင် ယူကရိန်းကို ဝင်ရောက်တိုက်ခိုက်တဲ့ ရုရှားနဲ့ ရုရှားကိုထိန်းချုပ်ဖို့ နောက်ကွယ်ကနေ ယူကရိန်းကို ကြားခံအသုံးချနေတဲ့ အနောက်အုပ်စုအကြား ဘယ်သူက ကိုယ်ကျိုးစီးပွားလုပ်ဆောင်နေတာလဲဆိုတာ ဆန်းစစ်ကြရမှာပါ။ ဒါ့အပြင် ရုရှား-ယူကရိန်းပဋိပက္ခကြောင့် ဖြစ်လာတဲ့ ဂယက်တွေကြောင့် ကမ္ဘာ့စီးပွားရေးကို ထိခိုက်နေပါတယ်။ ယူကရိန်းနိုင်ငံဟာလည်း စစ်ကြောင့် ထိခိုက်ဆုံးရှုံးမှုတွေ ခံစားနေရဆဲ ဖြစ်ပါတယ်။ အနောက်အုပ်စုကတော့ စစ်ပွဲထဲကို တိုက်ရိုက်ဝင်မပါဘဲ ငွေကြေးနဲ့စစ်လက်နက်ပစ္စည်းတွေပဲ ထောက်ပံ့နေပါတယ်။ ယူကရိန်းကို ကြားခံစစ်အဖြစ် အသုံးချနေတာလို့ ဆိုရမှာပါ။

ရုရှားက သူနဲ့နယ်နိမိတ်ချင်းကပ်လျက် ယူကရိန်းနိုင်ငံကို အနောက်အုပ်စုက လွှမ်းမိုးပြီး သူ့နိုင်ငံအပေါ် တိုက်ရိုက်ခြိမ်းခြောက်တာကို လက်မခံသလိုပဲ အမေရိကန်နိုင်ငံကလည်း လက်မခံပါဘူး။ ၁၉၆၂ ခုနှစ်က အမေရိကန်နိုင်ငံ ဖလော်ရီဒါနဲ့ မိုင် ၉၀ သာကွာဝေးတဲ့ ကျူးဘားနိုင်ငံမှာ ရုရှားဒုံးပျံတွေတပ်ဖြန့်လို့ ရုရှားနဲ့အမေရိကန်အကြား ကျူးဘားအရေးအခင်း ဖြစ်ခဲ့ပါတယ်။ အမေရိကန်နိုင်ငံက သူနဲ့နီးစပ်နေတဲ့ နိုင်ငံမှာ ရုရှားရဲ့ ဒုံးကျည်တွေ တပ်ဖြန့်ချထားတာကို လုံးဝလက်မခံပါဘူး။ စစ်ပွဲမဖြစ်ရုံတမယ်ပါပဲ။ အဲဒီ အရေးအခင်းဟာ ၁၃ ရက်သာ ကြာခဲ့ပေမယ့် ကမ္ဘာ့အင်အားကြီးနှစ်နိုင်ငံအကြား ပြင်းပြင်းထန်ထန် ထိပ်တိုက်တွေ့ဆုံမှုဖြစ်ခဲ့ပါတယ်။

အဲဒီဖြစ်စဉ်တွေကိုကြည့်ရင် ကမ္ဘာ့အင်အားကြီးနိုင်ငံတွေဟာ ပြိုင်ဘက်နိုင်ငံတွေကို လွှမ်းမိုးဖို့အတွက် နိုင်ငံရေး၊ စီးပွားရေးနဲ့ စစ်ရေးနည်းလမ်းတွေကို သိသိသာသာရော၊ မသိမသာရော အသုံးပြုကြပါတယ်။ အဲဒီနည်းလမ်းတွေထဲမှာ ပြိုင်ဘက်နိုင်ငံကို ခြိမ်းခြောက်ဖို့၊ ပိတ်ဆို့ဖို့အတွက် ပြိုင်ဘက်နိုင်ငံနဲ့ နယ်နိမိတ်ချင်းကပ်လျက် နိုင်ငံငယ်တွေကို ယနေ့တိုင် အသုံးချနေတာ တွေ့ရပါတယ်။

ထိုင်ဝမ်ကိစ္စမှာလည်း အလားတူပါပဲ။ ထိုင်ဝမ်ကိစ္စမှာဆိုရင် လိုအပ်ရင်အင်အားသုံးမယ်လို့ တရုတ်နိုင်ငံက အကြိမ်ကြိမ် သတိပေးထားပေမယ့် အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပလိုစီက သွားရောက်မယ့်ခရီးစဉ် မဖော်ပြဘဲ ထိုင်ဝမ်ကို သွားရောက်ခဲ့ပါတယ်။ နန်စီပလိုစီရဲ့ ထိုင်ဝမ်ခရီးစဉ်ဟာ ကောင်းတဲ့ခရီးစဉ်မဟုတ်ဘူးလို့ အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောတယ်ဆိုပေမယ့် ဒီခရီးစဉ်ဟာ နန်စီပလိုစီ တစ်ဦးတည်းရဲ့ သဘောထားနဲ့လုပ်ဆောင်မှုလို့ သတ်မှတ်လို့မရပါဘူး။

## အမေရိကန်ရဲ့သဘောထား မက်ဆေ့

တရုတ်က ထိုင်ဝမ်ကိုကျူးကျော်ရင် အမေရိကန်က ထိုင်ဝမ်ကို ကူညီဖို့ ဝင်စွက်ဖက်နိုင်တယ်လို့ သမ္မတဂျိုးဘိုင်ဒင် ကိုယ်တိုင်က ပြောခဲ့ဖူးပါတယ်။ တစ်ဖက်မှာ ထိုင်ဝမ်နဲ့ ပတ်သက်တဲ့ အမေရိကန်နိုင်ငံရဲ့ မူဝါဒ အပြောင်းအလဲမရှိတဲ့အကြောင်းပြောပေမယ့် လက်တွေ့မှာတော့ မကိုက်ညီပါဘူး။ နန်စီပလိုစီက ထိုင်ဝမ်သမ္မတနဲ့ တွေ့ဆုံရာမှာ ထိုင်ဝမ်ကို ပစ်ထားမှာမဟုတ်ဘူးဆိုတဲ့ ကတိကဝတ်ကို ရှင်းရှင်းလင်းလင်း ပြသတာဖြစ်ကြောင်းနဲ့ ခိုင်မာတဲ့ ချစ်ကြည်ရင်းနှီးမှုကိုလည်း ဂုဏ်ယူကြောင်း၊ အခုအချိန်မှာ အမေရိကန်ပြည်ထောင်စုက ထိုင်ဝမ်နဲ့တစ်သားတည်းရှိမှုဟာ အရေးကြီးကြောင်း ပြောဆိုခဲ့ပါတယ်။ တစ်နည်းအားဖြင့် နန်စီပလိုစီရဲ့ စကားဟာ အမေရိကန်ရဲ့သဘောထား မက်ဆေ့ပဲ ဖြစ်ပါတယ်။

*စာမျက်နှာ ၁၇ သို့*

**❂ အဲဒီလိုလုပ်ဆောင်ရင် တရုတ်နဲ့နယ်နိမိတ်ချင်းဆက်စပ်နေတဲ့ မြန်မာနိုင်ငံအတွက် သတိပြုစရာ ဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံရေးပဋိပက္ခတွေ ဖြစ်ပွားနေတဲ့ မြန်မာနိုင်ငံအတွက် အနောက်အုပ်စုတွေ စွက်ဖက်လွှမ်းမိုးဖို့ အကောင်းဆုံး ရေခံမြေခံ ဖြစ်နေပါတယ်။ နောက်ပြီး မြန်မာနိုင်ငံဟာ အင်အားကြီး တရုတ်နိုင်ငံနဲ့တင် နယ်နိမိတ်ချင်းဆက်စပ်နေတာမဟုတ်ဘဲ တစ်ဖက်မှာ နျူကလီးယားလက်နက်ပိုင်တဲ့ အိန္ဒိယနိုင်ငံလည်း ရှိနေတာကြောင့် ပထဝီနိုင်ငံရေးအရ အရေးပါတဲ့နေရာမှာ ရှိနေပါတယ်။ မြန်မာနိုင်ငံရဲ့ ပထဝီနိုင်ငံရေးအရ အရေးပါမှုဟာ အားသာချက်တွေရှိနေသလို တစ်ဖက်မှာအားနည်းချက်တွေ ရှိနေပါတယ်။ ကိုယ့်နိုင်ငံရဲ့ ပထဝီနိုင်ငံရေး အားသာချက်ကို ကိုယ်က အသုံးမချနိုင်ရင် အခြားသူတွေက အသုံးချသွားမှာပါ။ ဒီနေ့အင်အားကြီးနိုင်ငံတွေရဲ့ အသုံးချခံဖြစ်ခဲ့တဲ့ နိုင်ငံတွေမှာ နာလန်ထူဖို့ မလွယ်ပါဘူး**

# ကျုံပျော်ခရိုင်၏ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး မြို့နယ်နှင့် ထူးချွန်စွာအောင်မြင်ခဲ့သူများအား ဂုဏ်ပြုဆုချီးမြှင့်

**ကျုံပျော် ဩဂုတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင်၏ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးမြို့နယ်နှင့် ထူးချွန်စွာ အောင်မြင်ခဲ့သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ကျုံပျော်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ယမန်နေ့က ပြုလုပ်သည်။

ရှေးဦးစွာ ကျုံပျော်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးက အမှာစကားပြောကြားပြီး ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်ချက်အကောင်းဆုံး မြို့နယ်များ၊ မြန်မာတစ်နိုင်ငံလုံး ဝိဇ္ဇာဘာသာတွဲတွင် ဒုတိယဆုရရှိသည့် မစုဝတ်ရည်ဇော်၊ မြန်မာတစ်နိုင်ငံလုံး သိပ္ပံဘာသာတွဲတွင် အဆင့်(၆)ရရှိသူ မောင်ကောင်းစည်သူဟိန်းနှင့် ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်တို့တွင် ဂုဏ်ထူးရရှိ၍ ထူးချွန်စွာအောင်မြင်ခဲ့ကြသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်ဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်လွင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဒေါ်ယဉ်ဝင်းစောနှင့် ကျုံပျော်၊ ရေကြည်၊ ကျောင်းကုန်းမြို့နယ်တို့မှ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။ **(အပေါ်ပုံ)**



**လပြည့်ဦး(ပြန်/ဆက်)**

# ပခုက္ကူမြို့နယ်၌ နို့ပေါင်းစက်အခြေပြု နို့စားနွားမွေးမြူရေးစီမံကိန်း ရန်ပုံငွေပေးအပ်

**ပခုက္ကူ ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ နို့ပေါင်းစက်အခြေပြုနို့စားနွားမွေးမြူရေးစီမံကိန်း (ပထမအကြိမ်လက်ဆင့်ကမ်း ဖြန့်ဖြူးမှု) ရန်ပုံငွေပေးအပ်ပွဲကို ဩဂုတ် ၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရော(၁)ခန်းမ၌ ကျင်းပသည်။

ရန်ပုံငွေပေးအပ်ပွဲတွင် ပခုက္ကူမြို့နယ် မြစိမ်းရောင်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်မင်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်မြစိမ်းရောင်ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိုးအောင်က နို့ပေါင်းစက်အခြေပြု နို့စားနွားမွေးမြူရေးစီမံကိန်းဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြင်းချိုင့်ကျေးရွာအတွက် နို့ပေါင်းစက်အခြေပြုနို့စားနွားမွေးမြူရေးစီမံကိန်း (ပထမအကြိမ် လက်ဆင့်ကမ်းဖြန့်ဖြူးမှု) ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ကို တာဝန်ရှိသူများက ပေးအပ်သည်။

ပခုက္ကူမြို့နယ်အတွင်း နို့စားနွားမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ နို့ပေါင်းစက်အခြေပြုနို့စားနွားမွေးမြူရေး စီမံကိန်း အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအား အသိပညာပေးခြင်း၊ လက်တွေ့သရုပ်ပြခြင်း၊ နည်းပညာများ ပံ့ပိုးကူညီခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးက ပြောသည်။

**ခရိုင်(ပြန်/ဆက်)**



# ရွှေကျင်မြို့နယ်၌ ကျောင်းကျန်းမာရေးသီတင်းပတ်အထိမ်းအမှတ် စာစီစာကုံး၊ ကာတွန်း၊ ပန်းချီပြိုင်ပွဲကျင်းပ

**ရွှေကျင် ဩဂုတ် ၆**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် ကျောင်းပေါင်းစုံ ကျောင်းကျန်းမာရေး သီတင်းပတ် အထိမ်းအမှတ် စာစီစာကုံး၊ ကာတွန်း၊ ပန်းချီပြိုင်ပွဲကို အ-ထ-က(ရွှေကျင်) ကျောင်း၌ ဩဂုတ် ၅ ရက်က ကျင်းပသည်။

## ယှဉ်ပြိုင်ရမည့်အချက်များပြောကြား

ပြိုင်ပွဲတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးမြင့်သောင်းက မြို့နယ်အတွင်းရှိ ကျောင်းပေါင်းစုံမှ (ထက်-လယ်-မူ) အဆင့် ကျောင်းသားကျောင်းသူများအား ပြိုင်ပွဲတွင်ယှဉ်ပြိုင်ရာ၌ အဓိကပါဝင်ရမည့် အချက်များကို ပြောကြားပြီး အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် "ကျန်းမာရေးအဆင့်မြင့်ဖို့ကွယ် တို့ကျောင်းတွေကစကြမယ်" ခေါင်းစဉ်၊ အလယ်တန်းအဆင့် ကာတွန်းပြိုင်ပွဲတွင် "ကျန်းမာရေးနှင့်ညီညွတ်စွာ စားသောက်နေထိုင်ပြုမူပါ" ခေါင်းစဉ်၊ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် "အစာအုပ်စု စုံအောင်စား သန့်ရှင်းမှုကိုအလေးထား" ခေါင်းစဉ်များဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

## ပါဝင်ယှဉ်ပြိုင်

အဆိုပါပြိုင်ပွဲတွင် ရွှေကျင်မြို့နယ်အတွင်းရှိ ကျောင်းပေါင်းစုံမှ အထက်တန်းအဆင့်ကိုးဦး၊ အလယ်တန်းအဆင့် ၁၁ ဦး၊ မူလတန်းအဆင့် ခုနစ်ဦး စုစုပေါင်း (ထက်၊ လယ်၊ မူ) ကျောင်းသား ကျောင်းသူ ၂၇ ဦး ပါဝင်ယှဉ်ပြိုင်ကြောင်း သိရသည်။ **ထွန်းထွန်းဇော်(ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

ထိုင်ဝမ်ခရီးစဉ်ဟာ အမေရိကန်ရဲ့ ရည်ရွယ်ချက်ရှိတဲ့ ခရီးလို့လည်း ဆိုနိုင်ပါတယ်။ တရုတ်နိုင်ငံရဲ့ စီးပွားရေးနဲ့ စစ်ရေးအင်အားတွေ အမေရိကန်နဲ့ ပခုံးချင်းယှဉ်လာတာနဲ့အတူ အမေရိကန်ဘက်က တရုတ်နိုင်ငံကို ထိန်းချုပ်ဖို့လုပ်လာတာကြောင့် ကြားခံထိုင်ဝမ်ကိစ္စဟာ အရှိန်ပိုပြီးမြင့်တက်လာနေပါတယ်။ ဒါကြောင့်လည်း ထိုင်ဝမ်နဲ့ပတ်သက်လို့ အမေရိကန်ရဲ့ကတိကဝတ်တွေရှိပေမယ့် လက်တွေ့မှာ ထိုင်ဝမ်နဲ့ဆက်ဆံရေးတွေကို အဆက်မပြတ်မြှင့်တင်နေတဲ့အပြင် ဆန့်ကျင်ဘက်အင်အားစုတွေကို ထောက်ခံပေးပြီး တရုတ်ကို ထိန်းချုပ်ဖို့ ထိုင်ဝမ်ကိုအသုံးချနေတာလို့ တရုတ်က ဆိုပါတယ်။

နန်စီပလိုစီရဲ့ ထိုင်ဝမ်ခရီးပြီးတဲ့နောက်မှာတော့ တရုတ်နိုင်ငံဘက်က တုံ့ပြန်မှုတွေ ရှိလာပါတယ်။ ထိုင်ဝမ်ရဲ့လေကြောင်းရန်ကာကွယ်ရေးဇုန်အထိ တရုတ်စစ်လေယာဉ်တွေ ဖြတ်သန်းတာကအစ စီးပွားရေးဆိုင်ရာပိတ်ဆို့မှုတွေကို တရုတ်က ထိုင်ဝမ်အပေါ် ချမှတ်လိုက်ပါတယ်။ တုံ့ပြန်မှုတွေ ထပ်ပြီး ဖြစ်လာနိုင်ပါသေးတယ်။ နန်စီပလိုစီ ခရီးစဉ်ကြောင့် တရုတ်နိုင်ငံရဲ့ စစ်ရေးဆိုင်ရာ တုံ့ပြန်မှုတွေရှိလာနိုင်တာကို အိမ်ဖြူတော်က သတိပေးပြောဆိုထားပြီး ဖြစ်ပါတယ်။ ဒီလိုတုံ့ပြန်မှုတွေရှိလာမှာကို သိလျက်နဲ့ ထိုင်ဝမ်ကိုသွားရောက်ခြင်းဟာ တရုတ်နဲ့ထိုင်ဝမ်ကို စစ်ထဲဆွဲသွင်းလိုတဲ့ ရည်ရွယ်ချက်လည်း ဖြစ်နိုင်ပါတယ်။

## အင်အားချည့်နဲ့သွားစေလိုတဲ့ ရည်ရွယ်ချက်

တရုတ်က ထိုင်ဝမ်ကို စစ်ရေးအရ မတိုက်ခိုက်ရင်လည်း အမေရိကန်အတွက် အမြတ်ပါပဲ။ ထိုင်ဝမ်ကို တရုတ်နိုင်ငံက တိုက်ခိုက်ခဲ့ရင်လည်း အမေရိကန်က ဝင်မပါဘူးလို့ ပြောပြီးသားပါ။ နောက်ကွယ်ကနေ လက်နက်ရောင်းပေးရုံပဲ ဖြစ်ပါလိမ့်မယ်။ အခုဆိုရင် ရုရှားနိုင်ငံနဲ့ယူကရိန်းအကြား စစ်ပွဲဖြစ်လာတဲ့အတွက် နောက်ဆက်တွဲ စီးပွားရေးဆိုင်ရာ၊ ငွေကြေးဆိုင်ရာ အကျိုးဆက်တွေ အများကြီးရင်ဆိုင်နေရပါတယ်။ အဓိကတော့ ရုရှားနဲ့ ယူကရိန်းနိုင်ငံတို့ပဲ ဖြစ်ပါတယ်။ ရုရှားအပေါ်ကို စီးပွားရေး၊ ဘဏ္ဍာရေး၊ ကုန်သွယ်ရေး ပိတ်ဆို့မှုတွေ ချမှတ်ထားပါတယ်။ ရုရှားကို အင်အားချည့်နဲ့သွားစေလိုတဲ့ ရည်ရွယ်ချက်လို့ ခန့်မှန်းရပါတယ်။

အမေရိကန်နိုင်ငံအနေနဲ့ သူနဲ့ပြိုင်ဘက်ဖြစ်နေတဲ့ ရုရှားနဲ့တရုတ်နိုင်ငံကို အင်အားချည့်နဲ့အောင် နှောင်လည်းလုပ်နေဦးမှာပါ။ အဲဒီလိုလုပ်တဲ့အခါ အင်အားကြီးနိုင်ငံအချင်းချင်း စစ်ရေးအရ ထိပ်တိုက်ရင်ဆိုင်တာထက် ကြားခံနိုင်ငံငယ်တွေနဲ့ နယ်မြေတွေကို အသုံးချနေပါလိမ့်ဦးမယ်။ အခုဆိုရင် တရုတ်နိုင်ငံရဲ့ စီးပွားရေး၊ စစ်ရေးအင်အားဟာ အမေရိကန်နဲ့ ပခုံးချင်းယှဉ်နေပါပြီ။ နည်းပညာနဲ့အာကာသသိပ္ပံမှာလည်း အပြိုင်ဖြစ်နေပါတယ်။ တရုတ်နိုင်ငံအင်အားကြီးထွားလာတာကို အမေရိကန်အနေနဲ့ လက်ပိုက်ကြည့်နေမှာ မဟုတ်ပါဘူး။ တရုတ်နိုင်ငံကို ဝိုင်းပိတ်ဆို့တဲ့မူဝါဒလို တရုတ်နိုင်ငံကို ထိန်းချုပ်ဖို့ လုပ်ဆောင်ဦးမှာပါ။

အဲဒီလိုလုပ်ဆောင်ရင် တရုတ်နဲ့နယ်နိမိတ်ချင်းဆက်စပ်နေတဲ့ မြန်မာနိုင်ငံအတွက် သတိပြုစရာဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံရေးပဋိပက္ခတွေ ဖြစ်ပွားနေတဲ့ မြန်မာနိုင်ငံအတွက် အနောက်အုပ်စုတွေ စွက်ဖက်လွှမ်းမိုးဖို့ အကောင်းဆုံး ရေခံမြေခံဖြစ်နေပါတယ်။ နောက်ပြီး မြန်မာနိုင်ငံဟာ အင်အားကြီး တရုတ်နိုင်ငံနဲ့တင် နယ်နိမိတ်ချင်းဆက်စပ်နေတာမဟုတ်ဘဲ တစ်ဖက်မှာ နျူကလီးယားလက်နက်ပိုင်တဲ့ အိန္ဒိယနိုင်ငံလည်း ရှိနေတာကြောင့် ပထဝီနိုင်ငံရေးအရ အရေးပါတဲ့နေရာမှာ ရှိနေပါတယ်။ မြန်မာနိုင်ငံရဲ့ ပထဝီနိုင်ငံရေးအရ အရေးပါမှုဟာ အားသာချက်တွေရှိနေသလို တစ်ဖက်မှာ အားနည်းချက်တွေရှိနေပါတယ်။ ကိုယ့်နိုင်ငံရဲ့ ပထဝီနိုင်ငံရေး အားသာချက်ကို ကိုယ်က အသုံးမချနိုင်ရင် အခြားသူတွေက အသုံးချသွားမှာပါ။ ဒီနေ့ အင်အားကြီးနိုင်ငံတွေရဲ့ အသုံးချခံဖြစ်ခဲ့တဲ့ နိုင်ငံတွေမှာ နာလန်ထူဖို့ မလွယ်ပါဘူး။

**အင်အားကြီးနိုင်ငံတွေရဲ့ အင်အားပြိုင်ဆိုင်မှုမှာ အသုံးချခံမဖြစ်ဖို့ဆိုရာမှာ မိမိတို့ကိုယ်တိုင်ရဲ့ အခြေအနေ၊ သဘောထားနဲ့ ရွေးချယ်မှုတွေနဲ့ သက်ဆိုင်ပါတယ်။ မြန်မာနိုင်ငံလို နိုင်ငံရေးပဋိပက္ခတွေနဲ့ ရုန်းကန်နေရတဲ့နိုင်ငံအတွက်ဆို ပိုပြီးသတိပြုကြရမှာပါ။ ကမ္ဘာ့နိုင်ငံတိုင်းဟာ ဒီမိုကရေစီတွေ၊ လူ့အခွင့်အရေးတွေ ဟစ်ကြွေးနေကြပေမယ့် ကိုယ့်နိုင်ငံရဲ့ အကျိုးစီးပွားနဲ့ယှဉ်လာရင် ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေက အသုံးချခံ ဖြစ်သွားကြပါတယ်။ ဒီလိုပြောလို့ ဒီမိုကရေစီနဲ့လူ့အခွင့်အရေးကို မကောင်းတဲ့ သဘောလို့ မဆိုလိုပါဘူး။ ဒီမိုကရေစီစနစ်ဟာ ကမ္ဘာမှာ အကောင်းဆုံးအုပ်ချုပ်ရေးစနစ်တစ်ခုဖြစ်ပါတယ်။ လူ့အခွင့်အရေးဆိုတာကလည်း လူသားတစ်ယောက်ရဲ့အခြေခံရပိုင်ခွင့်တွေဖြစ်လို့ လိုအပ်ပါတယ်။**

## ကိုယ်ကျိုးစီးပွားအတွက်

စနစ်တွေ၊ အခြေခံရပိုင်ခွင့်တွေ ဘယ်လောက်ကောင်းကောင်း ကိုယ်ကျိုးစီးပွားအတွက်ဆို လိုချင်လိုသလို၊ မလိုချင်မလိုသလို လက်နက်တစ်ခုလို အသုံးချတာတွေရှိနေတော့ ကိုယ့်နိုင်ငံရဲ့အခြေအနေ၊ ပတ်ဝန်းကျင်ရဲ့အခြေအနေ၊ နိုင်ငံနဲ့ပြည်သူလူထုရဲ့ အကျိုးစီးပွားနဲ့ ဟန်ချက်ညီဖို့ လိုပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံမှာဖြစ်ပွားနေတဲ့ နိုင်ငံရေးပဋိပက္ခတွေဟာ အန္တရာယ်ကို လက်ယပ်ခေါ်သလိုဖြစ်မှာ စိုးရိမ်စရာဖြစ်ပါတယ်။ ကိုယ့်နိုင်ငံအတွင်း စည်းလုံးမှု၊ ညီညွတ်မှု၊ တည်ငြိမ်မှု၊ တိုးတက်မှုတွေ ရှိနေမယ်ဆိုရင် ကမ္ဘာ့နိုင်ငံရေး ဇာတ်ခုံပေါ်က အင်အားပြိုင်ဆိုင်မှုတွေကြောင့်ဖြစ်လာတဲ့ ဂယက်တွေနဲ့ ကိုယ့်နိုင်ငံအပေါ် တိုက်ရိုက်သက်ရောက်နိုင်တဲ့ အန္တရာယ်တွေကို ကာကွယ်နိုင်မှာပါ။ ။




## မြန်မာနိုင်ငံ၏ရွေးကောက်ပွဲသမိုင်းမှတ်တမ်း (၁၈၈၆ -၂၀၂၂)




ဦးစိုင်းကျော်သူ ရေးသားသော "မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲသမိုင်းမှတ်တမ်း(၁၈၈၆–၂၀၂၂)" စာအုပ်ထွက်ရှိလာသည်။ စာအုပ်တွင် မြန်မာနိုင်ငံသည် ၁၈၈၆ ခုနှစ် လွတ်လပ်ရေးဆုံးရှုံးပြီးနောက် ပထမဆုံး ရွေးကောက်ပွဲစတင် ကျင်းပခဲ့သည့် ၁၉၂၂ ခုနှစ်မှစ၍ ၂၀၂၀ ပြည့်နှစ်အထိ ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲ ၁၇ ကြိမ်၊ ကြားဖြတ်ရွေးကောက်ပွဲ သုံးကြိမ်၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ နှစ်ကြိမ်၊ ပြဋ္ဌာန်းခဲ့သောဖွဲ့စည်းပုံအခြေခံဥပဒေ သုံးမျိုးတို့နှင့် ယနေ့ မျက်မှောက်အချိန် ရွေးကောက်ပွဲအလွန်ကာလ ၂၀၂၂ ခုနှစ်အထိ ဖြစ်စဉ်ဖြစ်ရပ်များကို ရေးသားထားသည်။ ထို့ပြင် နိုင်ငံရေးပါတီများ တည်ထောင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပူးပေါင်းဖွဲ့စည်းခြင်းများနှင့် ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မှုအခြေအနေ၊ ရွေးကောက်ပွဲများတွင် ရွေးကောက်တင်မြှောက်ခံရသော နိုင်ငံရေးပါတီများ၊ အမတ်များ/လွှတ်တော်ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲများတွင်တင်သွင်းလာသော ကန့်ကွက်လွှာအမှုများနှင့် အနိုင်အရှုံးရလဒ်များ၊ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းခဲ့သော ဥပဒေ၊ နည်းဥပဒေများကို အခန်း ၈ ခန်းခွဲ၍ ရေးသားထားပါသည်။ ၁၈၈၆ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ နှစ်ပေါင်း ၁၃၆ နှစ်အတွင်း မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲများနှင့်စပ်လျဉ်း၍ ဖြစ်စဉ်၊ ဖြစ်ရပ်များ၊ အကြောင်းအရာစုံလင်စွာ ဖော်ပြထားသောစာအုပ်ဖြစ်၍ နိုင်ငံသားတိုင်း ဖတ်ရှုလေ့လာသင့်သော စာအုပ်ဖြစ်သည်။

စာအုပ်သည် စာမျက်နှာ ၅၀၅ မျက်နှာ၊ ခန့်ချုပ် (ကတ်ထူ) အဖုံး၊ ၁၉ x ၂၆.၂၅ စင်တီမီတာရှိပြီး တန်ဖိုးငွေကျပ် ၂၀၀၀၀ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရွေးကောက်ပွဲခုံရုံးဌာန၊ နေပြည်တော်၊ ဖုန်း ၀၆၇-၄၀၄၄၁၀၊ ၀၆၇-၄၀၄၄၀၈၊ ၀၉-၅၁၉၀၅၄၅ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

## စုန်ရေဆန်ရေ စီးပါလို့နှင့် အင်္ဂလန်ခရီးသွား ရသစာစုများ





စုန်ရေဆန်ရေ စီးပါလို့နှင့် အင်္ဂလန်ခရီးသွား ရသစာစုများ စာအုပ်သည် စာရေးသူ လေယာဉ်မှူးကြီး သိန်းဇော် ရေးသားသည့် ဆဋ္ဌမမြောက်စာအုပ်ဖြစ်ပြီး အင်္ဂလန်သို့ သွားရောက်လည်ပတ်ခွင့်ရသည့်အခိုက် ခရီးသွားအတွေ့အကြုံများကို စုစည်းရေးသားထားသည့် စာအုပ်ဖြစ်သည်။

အင်္ဂလန်တွင် ရောက်ရှိနေခိုက် အင်္ဂလန်ခရီးစဉ်များအပြင် စကော့တလန်နိုင်ငံခရီးစဉ်များ၊ လန်ဒန်နှင့် ကင်းဘရစ်မြို့ခရီးစဉ်များနှင့် ရောက်ရန်ခဲယဉ်းသောနေရာများသို့ ရောက်ရှိခဲ့သဖြင့် စာအုပ်တစ်အုပ်အဖြစ် ထုတ်ဝေနိုင်အောင် ရေးသားစရာအကြောင်းအရာများ ရရှိခဲ့ကြောင်း၊ ခရီးသွားမှတ်တမ်းပုံစံ ရေးသားခြင်းထက် ခရီးသွားရသဆောင်းပါးများအဖြစ် ဖန်တီးထားကြောင်း အမှာစာတွင် ဖော်ပြထားသည်။

စာအုပ်တွင် အင်္ဂလန်သို့အသွား၊ ပျော်ရွှင်ဖွယ်ရာအိမ်ဖြစ်ပါစေ (Home Sweet Home)၊ မေတ္တာရောင်ပြန်ခရီးစဉ် (၁)(၂)၊ စုန်ရေဆန်ရေစီးပါလို့၊ သူနှင့်ကျွန်တော်၊ လေယာဉ်မောင်းလိုင်စင်ကို ဘယ်လိုသက်တမ်းတိုးသလဲ စသည်တို့ အပါအဝင် လက်ရွေးစင် ခရီးသွားရသဆောင်းပါး ၁၃ ပုဒ် ပါဝင်ပြီး အင်္ဂလန်နှင့် စကော့တလန်နိုင်ငံတို့ရှိ ရောက်ရန်ခဲယဉ်းသော သဘာဝအလှအပနေရာများ၊ ရှေးဟောင်းရဲတိုက်ကြီးများ၊ ရှေးဟောင်းဘုရားကျောင်းကြီးများ၏ ဓာတ်ပုံများကိုလည်း ထည့်သွင်းဖော်ပြထားသည်။ စာအုပ်ကို ဂျူတီစာပေက ပထမအကြိမ် ထုတ်ဝေခြင်းဖြစ်ပြီး တန်ဖိုး ကျပ် ၅၀၀၀ ဖြစ်သည်။

## တစ်သက်တာ သင်္ချာဗေဒင်




လူ့သမိုင်းဇာတ်ခုံသို့ တင်သွင်းသော ... ကံကြမ္မာအစီရင်ခံစာ... "တစ်သက်တာ သင်္ချာဗေဒင်" စာအုပ်ကို သင်္ချာဘာသာကို နှစ်ပေါင်း ၅၀ နီးပါး ယနေ့တိုင် တစိုက်မတ်မတ် သင်ကြားနေသူ ဆရာဦးမောင်မောင်တီ ရေးသားထားခြင်း ဖြစ်သည်။

ကိန်းဂဏန်းများသည် လူ့ဘဝသက်တမ်း ဖြစ်စဉ်နှင့် နီးနွယ်ဆက်စပ်နေပြီး ကံကြမ္မာကို ထူးဆန်းအံ့ဩဖွယ်ရာ လွှမ်းမိုး ကြီးစိုးနေသည်ဖြစ်ရာ "မည်သူမဆို... ကံကြမ္မာဂဏန်းရှာတတ်လျှင် ... လက်ရှိရောက်ရှိနေသော အသက်အပိုင်းအခြားသည် ပန်းခင်းတဲ့ လမ်းပေါ်မှာလျှောက်လှမ်းနေရသလား ... ခရမ်းတောရဲ့ ဆူးခင်းလမ်းကို ဖြတ်သန်းနေရသလား ... ကောင်းဆိုးနှစ်သွယ်ကို သက်ရောက်ပြဋ္ဌာန်းမှာ (✓)နှင့် (✖) အမှတ်အသားသင်္ကေတကို ရှာဖွေကြည့်ရှုခြင်းဖြင့် ယေဘုယျသဘောဆုံးဖြတ်နိုင်စွမ်းရှိပါတယ်"ဟု စာရေးသူက ဆိုထားပါသည်။

ဗေဒင်ပညာရပ်မှာ ထင်ရှားကျော်ကြားသော ဆရာဒဂုန်၏သမီး "ဒေါက်တာ ဒဂုန်ခင်သဇင်" က စကားလက်ဆောင် အမှာစာရေးသားရာတွင် "ဆရာ့စာအုပ်ထဲမှာ နိုင်ငံခေါင်းဆောင်တွေ၊ အနုပညာရှင်တွေ၊ စာပေပညာရှင်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေကို သုတေသနပြုလုပ်ထားပါတယ်။ သူက ၁ ဂဏန်းသမားဖြစ်လို့၊ သူက ၉ ဂဏန်းသမားဖြစ်လို့ စသည်ဖြင့် တိကျသောမွေးသက္ကရာဇ်တွေနဲ့ တွက်ပြထားတော့မအံ့ဩဘဲ မနေနိုင်ပါဘူး"ဟု ရေးသားဖော်ပြထားသည်။

ယင်း တစ်သက်တာ သင်္ချာဗေဒင်စာအုပ်ကို ဦးစန်းဦး (စိတ်ကူးချိုချို)မှ ပုံနှိပ်ပြီး 'ဂျူတီ' စာပေက ၂၀၂၂ ခုနှစ် ဇွန်လပထမအကြိမ်ထုတ်ဝေကာ ဆရာဦးမောင်မောင်တီ (သင်္ချာ) ဖုန်း ၀၉၅၁၈၆၆၃၇ က ဖြန့်ချိပြီး တန်ဖိုးငွေကျပ် ၂၀၀၀ သတ်မှတ်ထားသည်။

## ဖားမင်းသားလေးနှင့် အခြားပုံပြင်များ




ဖားမင်းသားလေးနှင့် အခြားပုံပြင်များစာအုပ်သည် အင်္ဂလန်၊ ဂျပန်၊ ဂျာမနီ၊ နော်ဝေ၊ ဇမ်ဘီယာနှင့် ချက်ကိုဆလိုဗက်ကီးယားနိုင်ငံတို့မှ ကောင်းနိုးရာရာပုံပြင်များကို မြန်မာမှုပြုကာ နိုင်ငံ၏ အနာဂတ်မျိုးဆက်သစ်သားငယ် သမီးငယ်များအတွက် စာပေဗဟုသုတနှင့် ယဉ်ကျေးမှုတိုးပွားစေရန် ပုံပြောသည့်ပုံစံ စကားပြောဟန်ဖြင့် ဖန်တီးထားသည့် စာအုပ်ဖြစ်ကြောင်း စာရေးသူ မောင်မောင်ညွန့်လှိုင်၏ အမှာစာတွင် ဖော်ပြထားသည်။

စာအုပ်တွင် မပိုလေးနဲ့ ဘီလူးကြီး၊ ဝက်သားငယ်ကလေးသုံးကောင်၊ ဖားမင်းသားလေး၊ ဖိနပ်ချုပ်သမားနဲ့ မှင်စာလေးနှစ်ကောင်၊ ပုလဲမင်းသမီးကလေး၊ ယုန်ကလေးရဲ့ဦးချို စသည့် နိုင်ငံတကာ ပုံပြင်ပေါင်း ၁၀ ပုဒ်ကို မြန်မာမှုပြုကာ ရေးသားထားပြီး ကလေးငယ်များ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းသာမက စာပေဖန်တီးမှုရသများကိုပါ ရရှိခံစားနိုင်စေရန် ကြိုးပမ်းထားကြောင်းလည်း စာရေးသူက ဖော်ပြထားသည်။ စာအုပ်ကို ဆုပြည့်စုံထွန်းစာပေက ပထမဆုံးအကြိမ် ထုတ်ဝေခြင်းဖြစ်ပြီး တန်ဖိုး ကျပ် ၃၀၀၀ ဖြစ်သည်။

## တံတားဦးမြို့နယ်တွင် ပြန်လည်စွန့်လွှတ်မြေ ဧက ၃၀၀ ကျော် လွှဲပြောင်းပေးအပ်



**တံတားဦး ဩဂုတ် ၆**

တံတားဦးခရိုင် တံတားဦးမြို့နယ်တွင် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်မြေ ၃၁၂ ဒသမ ၂ ဧကကို တံတားဦးခရိုင် အုပ်ချုပ်ရေးမှူးထံ ဩဂုတ် ၅ ရက်တွင် လွှဲပြောင်းပေးအပ်သည်။

လွှဲပြောင်းပေးအပ်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ကိုလင်းက အမှာစကား ပြောကြားပြီး လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်မောင်နီက လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တည်ဆောက်ရေး စီမံကိန်းအတွက် သိမ်းယူခဲ့သည့် မြေဧရိယာများထဲမှ ကာကွယ်ရေးဝန်ကြီးဌာနသို့ မြေများလွှဲပြောင်းပေးအပ်ခြင်းဖြစ်ကြောင်း၊ ထို့ပြင် စွန့်လွှတ်မြေများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်အပ်နှံရေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အတွက် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့်မြေဧရိယာများကို နိုင်ငံတော်ပိုင်မြေ (State Land) အဖြစ် သတ်မှတ်ခဲ့ကြောင်း ပြောကြားပြီး ပြန်လည်စွန့်လွှတ်မြေ ၃၁၂ ဒသမ ၂ ဧကကို တံတားဦးခရိုင် အုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

ပြန်လည်စွန့်လွှတ်မြေများမှာ သားများဘကျေးရွာအုပ်စုနှင့် ကန်ချောကျေးရွာအုပ်စု ကွင်းအမှတ်(၁၄၂၁-ခ)မှ သားများဘတောင်ကွင်း၊ (၁၄၂၃)ကွင်း၊ ဘုရားကြီးကုန်းကွင်း၊ (၁၄၂၄-ခကွင်း၊ ပလ္လင်တောင် တောင်ကွင်း)တို့ဖြစ်ပြီး ဦးပိုင်ပေါင်း ၉၈ ခုရှိ မြေဧရိယာ ၃၁၂ ဒသမ ၂ ဧကဖြစ်ကြောင်း သိရသည်။ **ရဲတင့်**

## မယ်စဲ့မြို့နယ်၌ ဆီထွက်သီးနှံ မိုးနှမ်းများ အောင်မြင်ဖြစ်ထွန်း

**မယ်စဲ့ ဩဂုတ် ၆**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ယခုနှစ်မိုးရာသီကာလ၌ ဆီထွက်သီးနှံဖြစ်သည့် မိုးနှမ်းကို ဒေသခံတောင်သူများက အဓိကစိုက်ပျိုးကြရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ယခင်နှစ်က နှမ်းဈေးကောင်းမွန်သဖြင့် ယခုနှစ်တွင် မြို့နယ်အတွင်းရှိ ကျေးရွာ ၁၃ ရွာ၌ စိုက်ဧက ၂၄၃၆ ဧက စိုက်ပျိုးထားပြီး နှမ်းဖြူနှင့် စမုံနက် (နှမ်းနက်) နှစ်မျိုးကိုသာ အဓိက စိုက်ပျိုးကြောင်း၊ သီးနှံအထွက်နှုန်း ကောင်းမွန်စေရေးအတွက် စိုက်စနစ်စိုက်ပျိုးနည်းပညာများ ပံ့ပိုးပေးခြင်း၊ သဘာဝဓာတ်မြေဩဇာများ ဖြန့်ဖြူးပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မယ်စဲ့မြို့နယ်အတွင်းရှိ ကျေးရွာအားလုံးတွင် မိုးနှမ်းကို စိုက်ပျိုးကြပြီး စိုက်ပျိုးစရိတ်ကုန်ကျမှု များပြားသော်လည်း ယခုနှစ် နှမ်းဈေးကွက်တွင် ဈေးနှုန်းကောင်းမွန်သဖြင့် နှမ်းရိတ်သိမ်းချိန် အထွက်နှုန်းကောင်းမွန်ပါက တောင်သူများ တွက်ခြေကိုက်မည်ဖြစ်ကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

| ၇-၈-၂၀၂၂ | တနင်္ဂနွေနေ့ |
|---|---|

**MRTV HD**

**၀၆:၀၀** ပေမ္ဗာသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ဒီမိုကရေစီဆိုသည်မှာ
**၀၉:၁၅** တရုတ်ကာတွန်း **'ပန်းနှင်းဆီမိုးလေထဲက'** (အပိုင်း-၃)
**၁၀:၀၀** သတင်းသမားပြောတဲ့သတင်းစကား
**၁၀:၃၀** **'ဂန္ထဝင်သံစဉ်'** တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှု
**၁၂:၃၀** This Week's Special Interest
**၁၃:၀၀** အသိပညာနှင့်အမှန်တရား
**၁၃:၃၀** MRTV National News
**၁၄:၀၀** မြန်မာဂန္ထဝင်ရုပ်ရှင် **'မြဝနိုင်'** (ချစ်ရွှေ၊ မြင့်မြင့်)
**၁၆:၃၅** အတွေးအမြင်စုံစွာကျွန်တော်တို့လက်ရာ **'ညီတူညီမျှ'**
**၁၆:၄၅** Sports Diary
**၁၇:၁၀** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
**၁၇:၃၅** ရာဇဝင်ထဲကသမိုင်းအနုပညာ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတဝေဖြာသီရိဂေဟာ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့လှို့ဝှက်ချက်'** (အပိုင်း-၁၁၃)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** ဘဝနှင့်အနုပညာ
**၂၁:၁၅** ဆေးရောင်စုံရုပ်ရှင် **'တုယှဉ်နိုင်းလဲ့ပဖိပါ'** (ရန်အောင်၊ ပို့ပို့မြင့်အောင်)

**mitv**

**07:02** Evergreen Classic: Myanmar Shu Khin Myanmar Sate Yinn (Seint Nay Chi)
**07:09** Thatbyinnyu Temple
**07:22** Mote Sein Paung from Intaing Village
**07:32** Ecotourism: The Tourist Attractions of Mingun, Sagaing
**08:00** Listening Pleasure, Instrumental Music (Banjo) Ohnt Pone Chit
**08:08** Sagaing: Gold Leaf
**08:16** Today Myanmar: Migratory Birds in Moeyungyi Wildlife Sanctuary
**08:23** Bamboo Fashion in Style
**08:32** Taung Byone Nat Festival (Ep-1)
**09:01** News
**09:26** Global Partnership for Brighter Future: Tonga Pavilion at Expo 2020 Dubai
**09:34** Healthy Diet: Keto Diet
**09:43** Next Generation: Su Lin Lae

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ညီညွတ်ရေးသံစဉ်
**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
မန်ကျည်းပင်၏ကောင်းကျိုးများ
**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
မင်းတပ်မြို့ရဲ့မိုးရာသီအလှပုံရိပ်များ (အပိုင်း-၁)
**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
မှိုစိုက်ပျိုးနည်းနှင့်ဂျုတ်စိုက်ပျိုးနည်း
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ထုတ္တန်သိမ်ပုထိုးတော်ကြီးသမိုင်း
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ပအိုဝ်းရိုးရာဝတ်စုံ
**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ဝက်သားချဉ်ပြုလုပ်နည်း
**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
Bin Su Ice-Cream
**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ငှက်လိုက်ပွဲ
**ဝကော်ကရင် (၂၁:၀၀ မှ ၂၂:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ (အပိုင်း-၁၀)
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
တိုင်းရင်းသားကျေးရွာက ကရင်ရိုးရာအိမ်ကလေးသို့

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၄၅** ပြည်သူ့အကျိုးပြုထာဝစဉ်ရှေးရှု
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'လင်နဲ့မယားလျှာနဲ့သွားဆိုပေမယ့်'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၈)
**၁၁:၀၀** ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၃)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၈)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၄၅** သုတဝေစည်တောင်သူဆီ
**၀၇:၀၀** စိုက်ပျိုးရေးရာအဖြေရှာ
**၀၈:၀၀** ရေကန်အသင့်ကြာအသင့် (စိုက်ပျိုးရေးဇာတ်လမ်းတို)
**၀၈:၂၀** ပြုံးပန်းဝေဖြာတို့တောရွာ
**၀၉:၂၅** မျိုးကောင်းမျိုးသန့်မျိုးသစ်ဝေဖြာ အပင်တစ်သျှူးနည်းပညာ
**၀၉:၅၀** ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်း

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ၌ နေ့စဉ်နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၇) နာရီ (၆) ကြိမ်နှုန်း (၂၄) နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# နေပြည်တော် - တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများအတွက် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ စားအုန်းဆီများ ရောင်းချပေး

နေပြည်တော် ဩဂုတ် ၆

နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် မိသားစုများအတွက် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် စားသုံးသူရေးရာဦးစီးဌာနမှ ကြီးကြပ်ကာ အရည်အသွေးမီ စားအုန်းဆီများကို ယနေ့နံနက်ပိုင်းက လာရောက်ရောင်းချပေးသည်။



အဆိုပါ စားအုန်းဆီများကို တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ နှုန်းဖြင့် စုစုပေါင်း ဆီပိဿာ ၆၈၀ ကျော်ကို MRTV မှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအတွက် ရောင်းချပေးသကဲ့သို့ တပ်ကုန်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့လည်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် ပြည်သူများ အရည်အသွေးမီ စားအုန်းဆီများ ဈေးနှုန်းမှန်ကန် ချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၆-၈-၂၀၂၂

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၂၀၈၁၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၂၀၈၀၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၉၁ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၉၀ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၁၉၉၀ ကျပ် | ၂၀၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၄၅ ကျပ် | ၂၀၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၇၁၀ ကျပ် | ၁၇၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၇၉၀ ကျပ် | ၁၈၀၅ ကျပ် |

(ရွှေဖျိုင်းဖြူ စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၁၄၈ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၂၆ . ၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၉ . ၀၄၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၈၀ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၁ . ၂၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၁၁ . ၁၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၆ . ၅၂၂ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၁၀၀ | ၇၁၀၀ | ၁၃၀ | ၉၂၃၀၀၀ |
| MTSH | ၂၅၀၀ | ၂၅၀၀ | ၂၅၁၇ | ၆၂၉၂၅၀၀ |
| MCB | ၇၀၀၀ | ၇၀၀၀ | ၁၃ | ၉၁၀၀၀ |
| FPB | ၁၈၀၀၀ | ၁၈၀၀၀ | ၄ | ၇၂၀၀၀ |
| TMH | ၂၃၅၀ | ၂၃၅၀ | ၁၂၈ | ၃၀၀၈၀၀ |
| EFR | ၂၄၅၀ | ၂၄၅၀ | ၁၄ | ၃၄၃၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၂၀ | ၁၀၀၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# အပင်ထွက် သဘာဝပိုးသတ်ဆေးနည်းများ

ကိုကျော်စွာ (ကျိုက်ပိ)

**စာရေးသူတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး ဟင်းသီးဟင်းရွက်နှင့် အသီးအနှံပင်များကို စိုက်ပျိုးရာတွင် အဓိကအန္တရာယ်တစ်ခုမှာ ဖျက်ပိုးများဖြစ်သည်။ ယနေ့ခေတ်တွင် ထိုဖျက်ပိုးများကို နှိမ်နင်းရန် ဓာတုပိုးသတ်ဆေးအမျိုးမျိုးကို အသုံးပြုလာကြသည်။ ဓာတုပိုးသတ်ဆေးသုံးခြင်းသည် လူတို့အတွက် အန္တရာယ်ဖြစ်စေသည်။ သို့ဖြစ်၍ ကျန်းမာရေးအတွက်လည်း ကောင်းမွန်စေသော အပင်ထွက်ပိုးသတ်ဆေးများ ထုတ်လုပ်ပုံကို လက်လှမ်းမီသလောက် ရေးသားတင်ပြလိုပါသည်။**



**ချင်း(ဂျင်း)ပိုးသတ်ဆေး**

ချင်းသည် စူးရှသောရနံ့ရှိသည့် ဟင်းခတ်အမွှေးအကြိုင်တစ်မျိုးဖြစ်ကာ ချင်းတက်ကို အင်းဆက်ပိုးများကိုနှိမ်နင်းသည့် ပိုးသတ်ဆေးအဖြစ် ပြုလုပ်အသုံးပြုနိုင်သည်။ ချင်းတက်ပိုးသတ်ဆေးပြုလုပ်ရာတွင် ချင်းတက် ၂၀ ကျပ်သား၊ ငရုတ်သီးအမှည့် ၃၀ ကျပ်သား၊ ကြက်သွန်ဖြူ ၃၀ ကျပ်သား၊ ရေနံဆီ ထမင်းစားဇွန်း ၁၃ ဇွန်း၊ ရေခြောက်ဂါလန် လိုအပ်သည်။ ချင်းတက်ပိုးသတ်ဆေးပြုလုပ်ရန် လိုအပ်သောပစ္စည်းများမှာ ရှားပါးပစ္စည်းများမဟုတ်သည့်အတွက် အလွယ်တကူ ပြုလုပ်နိုင်သည်။

ပြုလုပ်နည်းမှာ ကြက်သွန်ဖြူ ၃၀ ကျပ်သားကို ထုထောင်းကာ ရေနံဆီ ၁၃ ဇွန်းဖြင့် သမအောင်မွှေ၍ တစ်ညအိပ်စိမ်ထားပါ။ ငရုတ်သီး ၃၀ ကျပ်သား ကိုလည်း ရေထမင်းစားဇွန်း ခုနစ်ဇွန်းဖြင့် ရောမွှေပါ။ ချင်း ၂၀ ကျပ်သားကို ထောင်း၍ ရေတစ်ပုလင်းဖြင့် ရောမွှေပါ။ ထို့နောက် ရေခြောက်ဂါလန်ထဲသို့ အားလုံးထည့်ကာ သမအောင်မွှေပြီး ပိတ်စဖြင့် အရည်စစ်၍ ထိုအရည်ကို ပိုးသတ်ဆေးအဖြစ် အသုံးပြုနိုင်သည်။ ချင်းတက်ပိုးသတ်ဆေးဖြင့် နှိမ်နင်းနိုင်သောပိုးများမှာ သီးလုံးဖောက်ပိုး၊ ပျပိုး၊ လေးပိုးနှင့် ယင်ဖြူပိုးတို့ဖြစ်သည်။ ချင်းတက်ပိုးသတ်ဆေးသည် စပါးရွက်ညိုရောဂါနှင့် သရက်မဲ့ပြောက်စွန်းရောဂါတို့ကိုလည်း ကာကွယ်ပေးကြောင်း သိရသည်။

**တမာပိုးသတ်ဆေး**

တမာပင်သည် စာရေးသူတို့နိုင်ငံ၌ ဒေသမရွေးပေါက်ရောက်သောအပင်ဖြစ်သည်။ အညာဒေသတွင် ပို၍ အများအပြားတွေ့ရသည်။ တမာပင်၌ ပိုးသတ်ဆေးအာနိသင်ရှိကြောင်းကို ၁၉၅၆ ခုနှစ်က ဂျာမန်စိုက်ပျိုးရေးပညာရှင် "ဆူဒန်"က စတင်တွေ့ရှိခဲ့သည်ဟု ဆိုပါသည်။ တမာပင်တွင် အင်းဆက်ပိုးများကို သေစေနိုင်သော အေဇာဒီရာ့တင်(Azadirachtin) ဟုခေါ်သည့် ဓာတ်ပစ္စည်းတစ်မျိုးပါဝင်ကြောင်း သိရသည်။

တမာပင်သာမက တမာစေ့မှလည်း ပိုးသတ်ဆေးထုတ်လုပ်နိုင်ပြီး ပြုလုပ်နည်းတွင် တမာစေ့တစ်ကျပ်ခွဲသား၊ ရေတစ်လီတာ လိုအပ်ပါသည်။ စိုက်ခင်းဧရိယာအပေါ်မူတည်၍ ပါဝင်ပစ္စည်းအချိုးအစားအနည်းအများ ရှိနိုင်ပါသည်။ တမာစေ့တစ်ကျပ်ခွဲသားကို ထုထောင်း၍ ရေတစ်လီတာဖြင့် တစ်ညအိပ်စိမ်ထားပြီး ပိတ်စိမ်းပါးဖြင့် ရေစစ်ယူကာ ထိုရေကို ဆပ်ပြာရည်လက်ဖက်စားဇွန်းတစ်ဇွန်းရော၍ အသုံးပြုနိုင်သည်။ တမာစေ့ပိုးသတ်ဆေးသည် ဂေါ်ဖီထုပ်တွင် ကျရောက်သောပိုးများနှင့် ဥမျှင်ရှည်နှံကောင်များကို နှိမ်နင်းနိုင်သည်။

**နနွင်းပိုးသတ်ဆေး**

နနွင်းသည် မီးဖိုချောင်သုံး ဟင်းခတ်တစ်မျိုးဖြစ်ပြီး ဆေးဖက်ဝင်အပင်တစ်မျိုးလည်းဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံများတွင် အများအပြားစိုက်ပျိုးပြီး နနွင်း၏အစွမ်းသတ္တိမှာ ဆေးဘက်တွင် အသုံးဝင်သလို သီးနှံဖျက်ပိုးများကိုလည်း နှိမ်နင်းပေးနိုင်စွမ်းရှိသည်။ နနွင်းတက်များကိုအခြောက်ခံ၍ အမှုန့်ပြုကာ နွားကျင်ငယ်ရည် (၁ အချိုး ၂) သို့မဟုတ် ( ၁ အချိုး ၆ )ရောစပ်ပြီး ဖျန်းပေးခြင်းအားဖြင့် ခူကောင်များကို နှိမ်နင်းပေးနိုင်သည်။ ထို့ပြင် လျှော်ကြိုးကို နနွင်းနှစ်ထဲတွင်စိမ်၍ စိုက်ခင်းများပေါ်တွင် ကြိုးတန်းပေးခြင်းအားဖြင့်လည်း ဖျက်ပိုးများကို တွန်းလှန်သည့် အာနိသင်ရှိကြောင်း သိရသည်။

ထို့ပြင် နနွင်းမှုန့်ကို Acetone နှင့် ဖျော်စပ်ပြီး ဖျော်ရည်တစ်ဆ ရေငါးဆရော၍ ဖျန်းပေးခြင်းဖြင့်လည်း ငမြောင်တောင်ပိုးများကို ရာနှုန်းပြည့်နှိမ်နင်းပေးနိုင်ကြောင်း ဆောင်းပါးတစ်ပုဒ်တွင် ဖော်ပြထားသည်ကို တွေ့ရသည်။

**ကြောင်ပန်းပင်ပိုးသတ်ဆေး**

ကြောင်ပန်းပင်ကို မြန်မာနိုင်ငံ ကျေးလက်ဒေသများတွင် အများအပြားတွေ့ရတတ်ပြီး အပင်သည် အမြင့်ပေခြောက်ပေမှ ၁၅ ပေအထိရှိတတ်ကာ အပွင့်အရောင်အသွေးမှာ ဖြူ နီ ပြာ စသည်ဖြင့် အမျိုးမျိုးရှိကြောင်း ဆေးကျမ်းများ၌ ဖော်ပြထားသည်။ ကြောင်ပန်းပင် ပိုးသတ်ဆေး ပြုလုပ်နည်းမှာ ကြောင်ပန်းရွက် ၁၂၀ ကျပ်သား၊ ရေခြောက်ပုလင်း၊ ဆပ်ပြာရည် ထမင်းစားဇွန်းနှစ်ဇွန်းတို့ လိုအပ်ပြီး ကြောင်ပန်းရွက်ကိုထောင်း၍ ရေခြောက်ပုလင်းဖြင့် ရောကာ တစ်ညအိပ်ထားရသည်။ တစ်ညအိပ်ပြီးနောက် မီးပြင်းဖြင့် မိနစ် ၃၀ ခန့် အပူပေးပါ။ ထို့နောက် ပိတ်စိမ်းစဖြင့် အရည်စစ်ယူကာ ထိုစစ်ယူထားသော အရည်ကို ရေနှစ်ဂါလန်ထပ်ရောပြီး ဆပ်ပြာနှစ်ဇွန်းဖြင့် ထပ်ရောကာ အသုံးပြုနိုင်သည်။

ကြောင်ပန်းပိုးသတ်ဆေးသည် ဥသေဆေး၊ ဗက်တီးရီးယားပိုးသတ်ဆေးနှင့် ထိသေဆေးအဖြစ် အသုံးပြုနိုင်သော အစွမ်းရှိသည်။ ကြက်ဆူခူကောင်၊ ဖျက်ပိုး၊ ခူမွှေးရှည်၊ စပါးပင်စည်ထိုးပိုး၊ ဆန်စေ့ထိုးပိုး၊ ပဲစေ့ထိုးပိုးနှင့် ပြောင်းစေ့ထိုးပိုးတို့ကို နှိမ်နင်းနိုင်ကြောင်း သိရသည်။

**ငရုတ်ပိုးသတ်ဆေး**

ငရုတ်ပိုးသတ်ဆေးသည်လည်း အလွယ်တကူ ပြုလုပ်သုံးစွဲနိုင်သော ပိုးသတ်ဆေးတစ်မျိုးဖြစ်သည်။ ငရုတ်သီးပိုးသတ်ဆေးပြုလုပ်ရာတွင် ငရုတ်သီးအစိုသို့မဟုတ် ငရုတ်သီးအခြောက် မိမိနှစ်သက်ရာတစ်မျိုးဖြင့် ပြုလုပ်နိုင်သည်။ ပြုလုပ်နည်းမှာ ငရုတ်သီးစိုသို့မဟုတ် အခြောက်ကို မိနစ် ၂၀ ခန့် ရေနွေးဖြင့် ဆူအောင်ပြုတ်ပါ။ ထို့နောက် ငရုတ်သီးပြုတ်ရည်ကို အအေးခံ၍ ပိတ်စိမ်းပါးဖြင့်စစ်ကာ အသုံးပြုနိုင်သည်။ ငရုတ်သီးပိုးသတ်ဆေးရည်ဖြင့် ပုရွက်ဆိတ်၊ ပေါက်ဖတ်၊ ပိုးတုံးလုံးအပါအဝင် အခြားသော သီးနှံဖျက်အင်းဆက်ပိုးများကို နှိမ်နင်းနိုင်သည်။

**ဆေးရွက်ကြီးပိုးသတ်ဆေး**

ကွမ်းစားရာတွင်လည်းကောင်း၊ စီးကရက်နှင့် ဆေးပေါ့လိပ်များတွင်လည်းကောင်း ထည့်သွင်းအသုံးပြုသည့် ဆေးရွက်ကြီးသည် လူတို့အတွက် ရောဂါအမျိုးမျိုးကို ဖြစ်စေသော်လည်း အသုံးပြုတတ်ပါက ပိုးသတ်ဆေးအဖြစ် အကျိုးပြုနိုင်သည်။ မြန်မာနိုင်ငံ၌ ဆေးရွက်ကြီးကို နုန်းတင်မြေနုကျွန်းများတွင် အများအပြား စိုက်ပျိုးကြပြီး ဆေးရွက်ကြီးပိုးသတ်ဆေးပြုလုပ်ရန် ဆေးရွက်ကြီး အရိုးနှင့်အရွက် ၆၀ ကျပ်သား၊ ရေ ၁၅ ပုလင်းနှင့် ဆပ်ပြာအနည်းငယ် လိုအပ်ပါသည်။

ပြုလုပ်နည်းမှာ ဆေးရွက်ကြီး အရိုးနှင့်အရွက်များကို နုပ်နုပ်စဉ်းပြီး ရေ ၁၅ ပုလင်းထည့်၍ ရောမွှေကာ ၂၄ နာရီကြာ စိမ်ထားရပါမည်။ ထို့နောက် အရည်များကို ပိတ်စိမ်းပါးဖြင့်စစ်ကာ ဆပ်ပြာအနည်းငယ်ထည့်ပြီး ဆပ်ပြာပျော်သွားသည်အထိ မွှေပေးရပါမည်။ ဆပ်ပြာပျော်သွားပြီဆိုလျှင် ချက်ချင်း အသုံးပြုပေးရပါမည်။ ဆေးရွက်ကြီး ပိုးသတ်ဆေးသည် ထိရောက်သောအစွမ်းရှိပြီး ဂေါ်ဖီထုပ်စားပိုး၊ ခူကောင်များ၊ ကျိုင်းကောင်များ၊ ရွက်ထွင်းပိုးနှင့် ပင်စည်ထိုးပိုးများကို နှိမ်နင်းပေးနိုင်သလို အာလူးမှိုရောဂါနှင့် ဗိုင်းရပ်စ်ရွက်တွန့်ရောဂါတို့ကိုလည်း ကာကွယ်ပေးနိုင်ကြောင်း သိရသည်။ ။

**✳ ကြောင်ပန်းပင်ကို မြန်မာနိုင်ငံ ကျေးလက်ဒေသများတွင် အများအပြားတွေ့ရတတ်ပြီး အပင်သည် အမြင့်ပေခြောက်ပေမှ ၁၅ ပေအထိရှိတတ်ကာ အပွင့်အရောင်အသွေးမှာ ဖြူ နီ ပြာ စသည်ဖြင့် အမျိုးမျိုးရှိကြောင်း ဆေးကျမ်းများ၌ ဖော်ပြထားသည်။**

**✳ ကြောင်ပန်းပိုးသတ်ဆေးသည် ဥသေဆေး၊ ဗက်တီးရီးယားပိုးသတ်ဆေးနှင့် ထိသေဆေးအဖြစ် အသုံးပြုနိုင်သော အစွမ်းရှိသည်။ ကြက်ဆူခူကောင်၊ ဖျက်ပိုး၊ ခူမွှေးရှည်၊ စပါးပင်စည်ထိုးပိုး၊ ဆန်စေ့ထိုးပိုး၊ ပဲစေ့ထိုးပိုးနှင့် ပြောင်းစေ့ထိုးပိုးတို့ကို နှိမ်နင်းနိုင်ကြောင်း သိရသည်။**

# မုဒုံမြို့နယ်၌ ကျွဲကောပင် စီးပွားဖြစ်စိုက်ပျိုးသူများလာပြီး ဈေးကောင်းရရှိနေ



**မုဒုံ ဩဂုတ် ၆**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ သဘာဝရာသီဥတုနှင့် ရေခံမြေခံကောင်းမွန်မှုကြောင့် ကျွဲကောပင် စိုက်ပျိုးမှုအောင်မြင်ဖြစ်ထွန်းပြီး ဒေသခံပြည်သူများ၏ ဥယျာဉ်ခြံမြေများတွင် မိသားစု တစ်ပိုင်တစ်နိုင် စိုက်ပျိုးရာမှ အပိုဝင်ငွေများရရှိကာ စီးပွားဖြစ် စိုက်ပျိုးသူ များလာကြောင်း သိရသည်။

ကျွဲကောပင်များကို ပျိုးပင်တစ်ပင်လျှင် ငွေကျပ် ၅၀၀၀ ခန့်ဖြင့် စိုက်ပျိုးသူများက သီးနှံပျိုးထောင်ရောင်းချသူများထံမှ ဝယ်ယူ၍ ပြန်လည်စိုက်ပျိုးကြပြီး တောင်သူများကိုယ်တိုင် ကိုင်းဆက်ကိုင်းကူးနည်းများပြုလုပ်၍လည်း စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီး ခြောက်နှစ်ခန့်အကြာတွင် အသီးလှိုင်လှိုင်ထွက်ရှိကြောင်း၊ ကျွဲကောပင် ၁၅ ပင် စိုက်ပျိုးရုံဖြင့် တစ်နှစ်ဝင်ငွေကျပ်သိန်း ၃၀ ကျော် ရရှိနိုင်ကြောင်း၊ မြေသြဇာများ ထည့်သွင်းပြီး နွေရာသီတွင် ရေသွင်း၍ စနစ်တကျ ပြုစုပျိုးထောင်စိုက်ပျိုးရကြောင်း မုဒုံမြို့နယ် ဘဲရမ်းကျေးရွာရှိ ကျွဲကောပင်စိုက်တောင်သူတစ်ဦးထံမှ သိရသည်။ ကျွဲကောသီးများကို မုဒုံမြို့နယ်တွင် အနီ၊ အဖြူ နှစ်မျိုးလုံးကို အများဆုံး စိုက်ပျိုးကြပြီး ဈေးကွက်တွင် အသီးအရွယ်အစားအလိုက် တစ်လုံးလျှင် ငွေကျပ် ၁၀၀၀ မှ ၂၅၀၀ ခန့်အထိ ရောင်းချလျက်ရှိသည်။

မွန်ပြည်နယ်သည် လယ်ယာသီးနှံ ၊ ဥယျာဉ်ခြံသီးနှံနှင့် ရော်ဘာစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းသည့် ပြည်နယ်ဖြစ်သည့်အတွက် ပြည်နယ်အတွင်း ကျွဲကောပင်စိုက်မြေ ၃၃၉၃ ဧကခန့်ရှိရာ တစ်ဧကလျှင် ကျွဲကောသီးအလုံးရေ ၄၈၀၀ ကျော် ထွက်ရှိကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ကိန်းဂဏန်းအရ သိရှိရပြီး အကျိုးအမြတ်များသော နှစ်ရှည်သီးနှံပင်တစ်မျိုးဖြစ်ကြောင်း သိရသည်။ **သားငယ် (မုဒုံ)**

# ပြည်ပဈေးကွက်ရှိလာ၍ ပလောမြို့နယ်၌ ဝဥကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်သူ ပိုမိုများပြားလာ

ပုလော ဩဂုတ် ၆

**ဝဥများ ပြည်ပဈေးကွက်ရှိလာသောကြောင့် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်အတွင်း ပလောက်မြို့နှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံတောင်သူများအနေဖြင့် ဝဥကို ကြားသီးနှံအဖြစ် စီးပွားဖြစ်စိုက်ပျိုးမှု ပိုမိုများပြားလာကြောင်း ပလောက်မြို့ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။**



ပုလောမြို့နယ်မှ ဝဥစိုက်တောင်သူတစ်ဦးနှင့် တူးဖော်ထားသော ဝဥများ။

ယခင်က ပြည်တွင်း၌သာ စားသုံးသည့် အနေအထား လောက်သာ ဈေးကွက်ရှိသည့် အတွက် ဝဥစိုက်ပျိုးသူ နည်းပါးခဲ့သော်လည်း ယခုအခါ ပြည်ပ ဈေးကွက်ရှိလာပြီး ဝယ်ယူလာသည့်အတွက် ဒေသခံတောင်သူများက မိမိတို့ဥယျာဉ်ခြံနှင့် ရော်ဘာစိုက်ခင်းများတွင် ကြားသီးနှံအဖြစ် ဝဥစိုက်ပျိုးခြင်း လုပ်ငန်းကို စီးပွားဖြစ် မိသားစု ဝင်ငွေ တိုးပွားရရှိရေး လုပ်ငန်းတစ်ခုအနေဖြင့် စိုက်ပျိုးလုပ်ကိုင်လာကြကြောင်း သိရသည်။

"ကျွန်တော်တို့မြို့က ရွာတွေမှာ လွန်ခဲ့တဲ့နှစ်နှစ်ခန့်က ဝဥကို စတင် စိုက်ပျိုးလာခဲ့ပါတယ်။ ပြည်တွင်း ဈေးကွက်အတွင်းမှာပဲ ရောင်းချခဲ့ရာကနေ ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းကစတင်ပြီး ပြည်ပကနေ ဈေးကောင်းပေးဝယ်ယူလာတော့ တောင်သူတွေ စိတ်ဝင်စားမှု များပြားလာပါတယ်။ ဒါကြောင့် အခုနှစ်မှာ ကြားသီးနှံအနေနဲ့ စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးလုပ်ကိုင်လာကြပါတယ်။ ဒီလိုတိုးချဲ့ စိုက်ပျိုးတာကြောင့် အလုပ်အကိုင်အခွင့်အလမ်း ပိုပေးနိုင်ပြီး၊ ခြံတွေမှာ ကြားသီးနှံစိုက်ပြီး ပေါင်းမြက်တွေကိုလည်း ရှင်းစေပါတယ်"ဟု ပလောက်မြို့ စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးသော်ဇင်ထွန်းက ပြောသည်။

မြန်မာနိုင်ငံ၌ ဝဥကို လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ကျော်ကပင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ပြည်တွင်းစားကုန်တစ်ခုအနေဖြင့် စိုက်ပျိုးလုပ်ကိုင်လျက်ရှိပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ၂၀၂၀ – ၂၀၂၁ ခုနှစ်မှ စတင်စိုက်ပျိုးလာခဲ့ရာ ယခုအခါ ဝဥစိုက်ပျိုးခြင်းကို တောင်သူများက စီးပွားဖြစ် ဝင်ငွေတိုးပွားစေရေး လုပ်ငန်းတစ်ခုအနေဖြင့် မိမိတို့ဥယျာဉ်ခြံမြေနှင့် ရော်ဘာစိုက်ခင်းများတွင် ကြားသီးနှံအဖြစ် တိုးချဲ့လုပ်ကိုင်လာကြကြောင်း သိရသည်။

"ဝဥ ကို မေ၊ ဇွန်လတွေမှာ စတင်စိုက်ပျိုးပြီး နိုဝင်ဘာ၊ ဒီဇင်ဘာလတွေမှာ ရိတ်သိမ်းရပါတယ်။ စိုက်တဲ့အခါမှာ ကျင်း၊ ပေါင်၊ အိတ် စတဲ့စနစ်တွေနဲ့ စိုက်ပျိုးလို့ရပါတယ်။ တစ်ဧကကုန်ကျစရိတ်က ငွေကျပ်သိန်း ၅၀ ခန့် ရှိပါတယ်။ ရိတ်သိမ်းရောင်းချပြီးရင်တော့ တစ်ဧကကို ငွေကျပ်သိန်း ၈၀ ကနေ ၁၀၀ ခန့် ရရှိပါတယ်။ ပြည်ပဈေးကွက်က တစ်ပိဿာ ကျပ် ၂၀၀၀ ကျော်ခန့် ရှိပါတယ်။ ပြည်တွင်းဈေးကွက်တွင်းမှာတော့ တစ်ပိဿာ အစိုဈေးက ငွေကျပ် ၁၈၀၀ ကနေ ၂၀၀၀ ရှိပါတယ်" ဟု ၎င်းက ဆက်ပြောသည်။



ဝဥစိုက်ပျိုးမှုတိုးတက်စေရန် စိုက်ပျိုးရေးဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

တနင်္သာရီ တိုင်းဒေသကြီးအတွင်း ဝဥ စိုက်ဧကမှာ ယခင်နှစ်က ၃၇၁ ဧက စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ၄၁၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် ရေဖြူ၊ ထားဝယ်၊ သရက်ချောင်း၊ ပုလော၊ မြိတ်၊ ကျွန်းစု၊ တနင်္သာရီ၊ ဘုတ်ပြင်း စသည့်မြို့နယ်များနှင့် ကလိန်အောင်၊ ပလောက်မြို့တို့မှ ဒေသခံတောင်သူများက ဝဥ စိုက်ပျိုးခြင်းကို ကြားသီးနှံအဖြစ် တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ဝဥ စိုက်တာ အရင်းအနှီးများပေမယ့် အကျိုးအမြတ်များတယ်။ ပြည်ပဈေးကွက်ရှိလာတာကြောင့် တောင်သူတွေ ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ပါတယ်။ စိုက်ဧကများလာစေချင်တာက ထုတ်ကုန်များရင် ကုန်ချောထုတ်လုပ်ဖို့ ပိုအဆင်ပြေလာမှာ ဖြစ်ပါတယ်" ဟု ပလောက်မြို့ အမှတ်(၂) ရပ်ကွက်နေ တောင်သူ ဦးတွတ်နီက ပြောသည်။

ဝဥမှ စားသုံးကုန်ပစ္စည်းအမျိုးမျိုး၊ ဆေးဝါးအမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုးနှင့် တိရစ္ဆာန်အစာအမျိုးမျိုးတို့ကို ထုတ်လုပ်လျက်ရှိကြောင်းနှင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဝဥ မျိုးကွဲ ၈၀ ခန့် ရှိပြီး တောင်အမေရိကတိုက်၊ အာဖရိက၊ အရှေ့တောင်အာရှနှင့် အင်ဒိုချိုင်းနားကျွန်းဆွယ်တို့တွင် ဝဥကို စီးပွားဖြစ် စိုက်ပျိုးလျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် ဝဥကို ပြည်တွင်းစားသုံးမှုအပြင် ပြည်ပပို့ကုန်အနေဖြင့် ပါးပါးလှီး အခြောက်ခံ၍ဖြစ်စေ၊ အမှုန့်ကြိတ်ပြီးဖြစ်စေ တရုတ်၊ ဂျပန်၊ ထိုင်းနိုင်ငံများသို့ အဓိကတင်ပို့နေသည့်အပြင် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား စသည့်နိုင်ငံများသို့တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ **သတင်းဆောင်းပါး**

**မြင့်ဦး(မြိတ်)**

# ယခုနှစ် ခရမ်းချဉ်သီး စိုက်ပျိုးတင်ပို့ရောင်းချသည့်ဈေးကွက် ခန့်မှန်းရခက်ခဲနေ

**ရန်ကုန် ဩဂုတ် ၆**

၂၀၂၂ ခုနှစ် ရာသီချိန်အတွင်း ခရမ်းချဉ်သီး စိုက်ပျိုးတင်ပို့ရောင်းချသည့် ဈေးကွက်မှာ ဈေးနှုန်းအတက်အကျ ခန့်မှန်းရခက်ခဲနေကြောင်း မြန်မာနိုင်ငံအထက်ပိုင်း ခရမ်းချဉ်သီးဈေးကွက်မှ သိရသည်။

"ဒီနှစ်အတွက် ခရမ်းချဉ်သီးဈေးကွက်နဲ့ ပတ်သက်တဲ့ အခက်အခဲကတော့ ဈေးကွက်က အရင်နှစ်ကထက် ကျဆင်းနေတာပါ။ ပုံမှန်ဆိုရင် ပင်းတယ၊ ရပ်စောက်၊ ရွှာင်တို့ဘက်က စိုက်ပျိုးတောင်သူတွေ စုံလာတဲ့အချိန် အသီးထွက်နှုန်းများပြီး ဈေးကျတတ်တယ်။ အသီးမညီတဲ့အချိန် မတ်လကနေ မေလအတွင်းမှာဆိုရင်တော့ နွေသီးဆိုတော့ ဈေးပုံမှန်ရတတ်ပါတယ်။ ဒီနှစ်မှာတော့ ရှမ်းပြည်နယ်ဘက်က ထွက်နေတဲ့ အသီးတစ်ခုတည်းနဲ့တင် ဈေးကောင်းမရဘူးဆိုတော့ တခြားဒေသက အသီးတွေသာ ပြိုင်ထွက်လာမယ်ဆိုရင် ဒီနှစ်ဈေးကွက်က တကယ့်ကို မှန်းဆရခက်နေပါပြီ "ဟု ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့မှ ခရမ်းချဉ်သီး စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်သူ ကိုစိုင်းက ပြောသည်။

မြန်မာနိုင်ငံတွင် ခရမ်းချဉ်သီးကို ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်း စသည့် နေရာတော်တော်များများတွင် စိုက်ပျိုးလေ့ရှိကြပြီး ဒေသတစ်ခုနှင့်တစ်ခု စိုက်ပျိုးချိန်များ မတူညီကြပေ။ ရှမ်းပြည်နယ်မှ ထွက်ရှိသည့် ခရမ်းချဉ်သီးများမှာ ခရမ်းချဉ်သီးအစိမ်းဈေးကွက်ကိုသာ အများဆုံး အားထားနေရပြီး ခရမ်းချဉ်သီးအမှည့်ဈေးကွက်မရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ရှမ်းပြည်ဘက်မှာက ခရမ်းချဉ်သီးအမှည့် ဈေးကွက်မရှိဘူး။ အစိမ်းသီးပဲ ခူးရောင်းကြတာပါ။ ဘာဖြစ်လို့လဲဆိုတော့ အင်းလေးဒေသရဲ့ ရေပေါ်/ကုန်းပေါ် နေရာတော်တော်များများက ခရမ်းချဉ်စိုက်ပျိုးကြတဲ့အတွက် အထွက်များတယ်။ ရှမ်းတောင်အတွင်းက တခြားဒေသတွေရဲ့ စိုက်ပျိုးမှုလည်း ရှိသေးတယ်။ ဒါ့ကြောင့် ပွဲစားတွေက အသီးစိမ်းတွေကို ဝယ်လှောင်ထားပြီး မှည့်ခါနီးတဲ့ အသီးတွေကိုမှ ခွဲခွဲရောင်းချကြတယ်။ အသီးစိမ်းတွေဆိုတော့ ဈေးကွက်ကိုချိန်ဆရောင်းချလို့ရတာပေါ့။ အသီးအမှည့်ကျတော့ ညောင်ရွှေဘက်က ပွဲစားတွေက မယူဘူး။ မိတ္ထီလာတို့ မန္တလေးဘက်က ပွဲစားတချို့တော့ ကားနဲ့ လာဝယ်တာမျိုး ရှိတတ်တယ်"ဟု ၎င်းက ဆက်ပြောသည်။ ပုံမှန်အားဖြင့် နှစ်စဉ် မေလမှ စက်တင်ဘာလအတွင်း ကာလများသည် ခရမ်းချဉ်သီး ဈေးကောင်းရရှိသည့် ကာလများဖြစ်ကြပြီး ယခုနှစ်သည် ခရမ်းချဉ်သီး ဈေးကွက် မတည်ငြိမ်သည့် နှစ်တစ်နှစ်ဖြစ်ကြောင်း ခရမ်းချဉ်သီးပွဲရုံများထံမှ သိရသည်။ **နန်းထက်ထက်ချစ်**





# မျိုးစေ့ထုတ်စံပြစိုက်ခင်းများ စိုက်နည်းစနစ်မှန်ကန်ရေးနှင့် သွင်းအားစုများ အချိုးညီညီ သုံးစွဲရေး အသိပညာပေး

**သီပေါ ဩဂုတ် ၆**

သီပေါမြို့နယ်၌ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဒေသဝမ်းစာဖူလုံရေး၊ တောင်သူလယ်သမားများ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်နိုင်ရေး၊ မျိုးစေ့ထုတ်လုပ်ပြီး တောင်သူများ ဝင်ငွေတိုးပွားစေရေး၊ လယ်ယာထွက်ကုန်များ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေးတို့ကို ရည်ရွယ်၍ မျိုးကောင်းမျိုးသန့် မျိုးသန့်ပွားစိုက်ခင်းများ ထူထောင်ဆောင်ရွက်လျက်ရှိသည်။

ပေါ်ကြိုကျေးရွာအုပ်စု မော်ကေဆားတွင်းကျေးရွာမှ မိုးစပါး မော်ဘီ–၂ မျိုးစေ့ ထုတ်ဧက ၂၀ စံပြစိုက်ခင်းသို့လည်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထွန်းမင်းဦးနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ ကွင်းတာဝန်ခံများက ဩဂုတ် ၅ ရက်က ကွင်းဆင်းပြီး စိုက်နည်းစနစ် မှန်ကန်ရေး၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်း၊ သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာစသည့် သွင်းအားစုများ အချိန်ကိုက် အချိုးညီညီ သုံးစွဲနိုင်ရေး၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို လိုက်နာရေး တောင်သူများအား အသိပညာပေးခဲ့သည်။ **စိုင်း(သီပေါ)**

# ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုဒုတိယနေ့ ယနေ့ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၆**

ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို ဩဂုတ် ၇ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စုဒုတိယနေ့အဖြစ် ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ထိုင်းနှင့် မြန်မာ၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် ဗီယက်နမ်နှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဩဂုတ် ၅ ရက်က ကစားသည့် အုပ်စုပထမနေ့တွင် ထိုင်းနှင့် မလေးရှား ဂိုးမရှိသရေကျပြီး အိမ်ရှင်ဗီယက်နမ်က မြန်မာအသင်းကို နှစ်ဂိုးပြတ်အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အဖွင့်ပွဲတွင် အရေးနိမ့်ထားသဖြင့် ယခုပွဲတွင် ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ မြန်မာနှင့် ထိုင်းအသင်းသည် ဇူလိုင်လကကျင်းပသည့် အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲအုပ်စုအဆင့်တွင် တွေ့ဆုံဖူးပြီး ထိုင်းအသင်းက အနိုင်ရရှိထားသည်။

ပြိုင်ပွဲကို လေးသင်းပတ်လည်စနစ်ဖြင့် ကျင်းပနေခြင်းဖြစ်ပြီး အရှေ့တောင်အာရှအသင်းများဖြစ်သည့် မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်လျက်ရှိသည်။

**ရဲရင့်လွင်**



## မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ် အသက် (၂၅) နှစ်အောက် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုပေး

**မော်လမြိုင် ဩဂုတ် ၆**

မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်အားကစားခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ် အမျိုးသား/ အမျိုးသမီး အသက် (၂၅) နှစ်အောက် စားပွဲတင်တင်းနစ် ပြိုင်ပွဲဆုပေးပွဲကို ဩဂုတ် ၆ ရက်က ကျင်းပရာ ပြည်နယ်ဝန်ကြီးများက ဗိုလ်လုပွဲပြိုင်ပွဲအား ကြည့်ရှုအားပေးသည်။ ဂျပန်နိုင်ငံ တိုကျိုမြို့တွင်ကျင်းပမည့် အာရှသက်ငယ်တန်းပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မွန်ပြည်နယ်မှ အားကစားသမားသုံးဦးကို ပြည်နယ်စားပွဲတင် တင်းနစ်ဆပ်ကော်မတီနှင့် ပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ပြုငွေကျပ် တစ်သိန်းစီကို တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ပြီး **(အပေါ်ပုံ)** အမျိုးသား/အမျိုးသမီး အသင်းလိုက် တတိယဆုရသူများအား ပြည်နယ်လူမှုရေးဝန်ကြီး ဦးမြတ်သွင်၊ အမျိုးသား/ အမျိုးသမီးဒုတိယဆုရရှိသူများအား သယံဇာတရေးရာဝန်ကြီး ဦးအောင်ကြည်သိန်းနှင့် စီးပွားရေးရာဝန်ကြီး နိုင်လယိတမတို့၊ အမျိုးသား/အမျိုးသမီး ပထမဆုရရှိသူများအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေထွဋ်ဦးနှင့် တရားသူကြီးချုပ် ဦးညီညီစိုးတို့က ဆုများချီးမြှင့်ကြကြောင်း သိရှိရသည်။

**ခင်စန်းမြင့် (ပြန်/ဆက်)**

○ *ကျောဖုံးမှ*

ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ အဆိုပါ ချေပဂိုးကို ဆာလာ၏ ဖန်တီးမှုမှ လူစားဝင်ကစားသမား နူနက်ဇ်က သွင်းယူပေးခဲ့သည်။ သို့သော်လည်း ပွဲချိန် ၇၂ မိနစ်တွင် ဖူလ်ဟမ်အသင်း ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့ပြီး မီထရိုဗစ်က အမှားအယွင်းမရှိ အဆုံးသတ်နိုင်ခဲ့ရာ နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ပွဲချိန် ၈၂ မိနစ်တွင် နူနက်ဇ်၏ ဖန်တီးမှုမှ ဆာလာက လီဗာပူးအသင်းအတွက် ဒုတိယချေပဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ထို့နောက် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ထိုးဖောက်မှုများကို မြင်တွေ့ခဲ့ရသော်လည်း တစ်ဖက်နှစ်ဂိုးစီဖြင့်သာ ပွဲပြီးဆုံးခဲ့သည်။

### အခြားသောပွဲစဉ်ရလဒ်များ

အခြားသောပွဲစဉ်ရလဒ်များတွင် ဘုန်းမောက်အသင်းက အက်စ်တွန်ဗီလာအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ လိဒ်စ်အသင်းက ဝုဖ်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ နယူးကာဆယ်အသင်းက တန်းတက်နော်တင်ဟမ်ဖောရက်စ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ စပါးအသင်းက ဆောက်သမ်တန်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**



## ခံစစ်ကစားသမား မားကို့စ်အလွန်ဆိုကို ဘာစီလိုနာ ခေါ်ယူလို

ဘာစီလိုနာအသင်းသည် ချယ်ဆီးအသင်းမှ စပိန်ဘယ်ခံစစ်ကစားသမား မားကို့စ်အလွန်ဆိုကိုခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်လျက်ရှိပြီး အသက် ၃၁ နှစ်အရွယ်အလွန်ဆိုကို နူးကမ့်သို့ခေါ်ယူနိုင်မည်ဟု ယုံကြည်နေသည်။ အလွန်ဆိုသည် ချယ်ဆီးအသင်းသို့ ၂၀၁၆ ခုနှစ်တွင် ရောက်ရှိလာသူဖြစ်ပြီး အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၂၁၂ ပွဲ ပါဝင်ကစားထားကာ ၂၉ ဂိုးသွင်းယူပေးထားသည်။ ချယ်ဆီးအသင်းသည် ဘာရိုက်တန်အသင်းမှ ခံစစ်ကစားသမား ကူကူရယ်လာကို စာချုပ်ခေါ်ယူထားသည့်အတွက် အလွန်ဆိုကို ရောင်းထုတ်သွားဖွယ်ရှိနေသည်။

**အောင်ဇော်**



အာဆင်နယ်အသင်းအတွက် မာတင်နယ်လီ ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။

# ပဲလေ့စ်ကို အနိုင်ယူပြီး အဖွင့်မျက်နှာပန်းလှခဲ့သည့် အာဆင်နယ်

ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် အာဆင်နယ်အသင်းတို့ ပရီမီယာလိဂ်အဖွင့်ပွဲစဉ်ကို ဩဂုတ် ၆ ရက် နံနက်ပိုင်းက ပဲလေ့စ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါပွဲစဉ်တွင် ပဲလေ့စ်အသင်းသည် ဂိုးကန်သွင်းမှုအပိုင်း၊ ဘောလုံးပိုင်ဆိုင်မှုအပိုင်း၊ ဂိုးပေါက်တည့်မတ်မှုအပိုင်းတို့တွင် အာဆင်နယ်အသင်းနှင့် သိသိသာသာ ကွာခြားလှခြင်းမရှိသော်လည်း အဆုံးသတ်သေချာသည့် အာဆင်နယ်အသင်းက အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ပွဲချိန် မိနစ် ၂၀ တွင် အာဆင်နယ်အသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သော မာတင်နယ်လီသည် ပရီမီယာလိဂ်ရာသီအစ ပထမဆုံးဂိုးသွင်းယူနိုင်သည့် ဘရာဇီးကစားသမားဖြစ်လာခဲ့သည်။ မာတင်နယ်လီ၏ အဆိုပါသွင်းဂိုးကို ယခုနှစ်တွင် မန်စီးတီးအသင်းမှ ခေါ်ယူထားသည့် ဇင်ချန်ကိုက ဖန်တီးပေးခဲ့ခြင်းဖြစ်သည်။ ၈၅ မိနစ်တွင် ပဲလေ့စ်အသင်းမှ ဂူဟီ ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့၍ အာဆင်နယ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် ဩဂုတ် ၁၃ ရက်တွင် လက်စတာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပဲလေ့စ်အသင်းက ဩဂုတ် ၁၆ ရက်တွင် လီဗာပူးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

## နယ်သာလန်အသင်းခေါင်းဆောင် ဝီလ်ဂျနေဒမ်ကို ရိုးမားအသင်းခေါ်ယူ

အီတလီစီးရီးအေကလပ် ရိုးမားအသင်းသည် ပီအက်စ်ဗွီအသင်းမှ နယ်သာလန်ကွင်းလယ်ကစားသမား ဝီလ်ဂျနေဒမ်ကို ဝယ်ယူခွင့်နှင့်အတူ တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။ ၎င်းသည် ပြီးခဲ့သည့် နွေရာသီတွင် လီဗာပူးအသင်းမှ ပီအက်စ်ဗွီအသင်းသို့ ပြောင်းရွှေ့ပြီးနောက် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၃၇ ပွဲ ပါဝင်ကစားထားသည်။

# ဘိုင်ယန်နှင့်ပွဲဦးထွက်တွင် ဂိုးသွင်းယူနိုင်ခဲ့သည့် မာနေး

တိုက်စစ်ကစားသမား မာနေးသည် ဘွန်ဒက်စ်လီဂါပွဲစဉ် (၁) အဖြစ် ဘိုင်ယန်မြူးနစ်အသင်းက ဖရန့်ဖတ်အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့ပြီ ဖြစ်သည်။ အသက် ၃၀ အရွယ် ဆီနီဂေါတိုက်စစ်ကစားသမား မာနေးသည် ပွဲချိန် ၂၉ မိနစ်တွင် ဂနာဘရီ၏ ဖြတ်တင်ဘောမှ တစ်ဆင့် သွင်းဂိုးရယူနိုင်ခဲ့ခြင်း ဖြစ်သည်။ မာနေးသည် ဇွန်လက လီဗာပူးအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းထံသို့ ပေါင် ၃၅ သန်းဖြင့် ပြောင်းရွှေ့ရောက်ရှိလာသူ ဖြစ်သည်။

ထို့အပြင် မာနေးသည် ပြီးခဲ့သည့် သီတင်းပတ်က လိုက်ပ်ဇစ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ဂျာမန်စူပါဖလားပြိုင်ပွဲတွင်လည်း အသင်းအတွက် ဂိုးသွင်းယူနိုင်ခဲ့သည်။ ဖရန့်ဖတ်အသင်းသည် ပြီးခဲ့သည့်နှစ်တွင် ယူရိုပါလိဂ်ဖလားဆွတ်ခူးရရှိခဲ့သောကြောင့် လာမည့်ဗုဒ္ဓဟူးနေ့တွင် ချန်ပီယံလိဂ်ချန်ပီယံ ရီးရဲမက်ဒရစ်အသင်းနှင့် ယူအီးအက်ဖ်အေစူပါဖလား ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။



ဘိုင်ယန်မြူးနစ်အသင်းအတွက် ဂိုးသွင်း ယူရန် ကြိုးပမ်းနေသည့် မာနေး။

## ကူကူရယ်လာကို ချယ်ဆီးအသင်း ခေါ်ယူ

ချယ်ဆီးအသင်းသည် ဘရိုက်တန်အသင်းမှ ခံစစ်ကစားသမား ကူကူရယ်လာကို စာချုပ်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။ အသက် ၂၄ နှစ်အရွယ် အဆိုပါ ခံစစ်ကစားသမား ကူကူရယ်လာသည် စတန်းဖို့ဒ်ဘရစ်၌ ခြောက်နှစ်သက်တမ်းရှိစာချုပ်ကို ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

## ဘန်လေအသင်းမှ ကော်နက်ကို ဝက်စ်ဟမ်းအသင်း ခေါ်ယူ

ဝက်စ်ဟမ်းအသင်းသည် ဘန်လေအသင်းမှ အိုင်ဗရီကို့စ် တောင်ပံကစားသမား ကော်နက်ကို ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူစာချုပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။ အသက် ၂၅ နှစ်အရွယ် ကော်နက်သည် ပြီးခဲ့နှစ်တွင် လိုင်ယွန်အသင်းမှ ဘန်လေအသင်းသို့ ရောက်ရှိခဲ့သူဖြစ်သည်။ ၎င်းသည် လိုင်ယွန်အသင်းတွင် ခုနစ်နှစ်ခွဲကြာ ကစားခဲ့ပြီး ၂၅၂ ပွဲတွင် ၅၁ ဂိုး သွင်းယူပေးထားနိုင်သည်။ ထို့အပြင် ပြီးခဲ့သည့်ရာသီကလည်း ဘန်လေအသင်း၏ သွင်းဂိုးအများဆုံး ကစားသမားဖြစ်သည်။

■ အောင်ဇော် - စုစည်းသည်

# ချင်းပြည်နယ်အတွင်း ကလေးအလုပ်သမားပပျောက်ရေး ညှိနှိုင်းဆွေးနွေး

**ဟားခါး ဩဂုတ် ၆**

ချင်းပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၄ ရက်က ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးသန့်ဇင်က ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး၏ ၂၉-၁၂-၂၀၂၁ ရက် ရုံးမိန့်အမှတ် (၃၉/၂၀၂၁)ဖြင့် ချင်းပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီရှစ်ခုအား ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ချင်းပြည်နယ်အတွင်း ကလေးအလုပ်သမားပပျောက်ရေးအတွက် ဒေသနှင့် ကိုက်ညီမှုရှိသည့် ပြည်နယ်စီမံချက်နှင့် လုပ်ငန်းဆပ်ကော်မတီတစ်ခုချင်းအလိုက် စီမံချက်များ ရေးဆွဲထားရှိပြီးဖြစ်ကြောင်း၊ ခရိုင်၊မြို့နယ်အဆင့် ကလေးအလုပ်သမားပပျောက်ရေး လုပ်ငန်းဆပ်ကော်မတီများ ဖွဲ့စည်း၍ လုပ်ငန်း အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန် လျာထားပါကြောင်း၊ ထို့ကြောင့် ကလေးအလုပ်သမားပပျောက်ရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် ပြည်နယ်အတွင်း၌ အသေးစားစက်မှုလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ စက်ရုံ၊အလုပ်ရုံများ ပိုမိုဖွင့်လှစ်နိုင်ရန်လိုကြောင်း အမှာစကားပြောကြားသည်။ (ယာပုံ)

ထို့နောက် ကော်မတီ အတွင်းရေးမှူး ပြည်နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဟုန်းကီးက ကလေးလုပ်သားအဓိပ္ပာယ်သတ်မှတ်ချက်၊ ပြည်နယ်ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များ၊ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြီး ဆပ်ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက ကဏ္ဍအလိုက်ဆောင်ရွက်မည့်အစီအမံများကို ဆွေးနွေး၍ ဆွေးနွေးချက်များအပေါ် ဆုံးဖြတ်ချက်ခုနစ်ရပ်ကို ချမှတ်ခဲ့သည်။

ခရိုင်(ပြန်/ဆက်)



# ပေါင်းတည်မြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေး အသိပညာပေး

**ပေါင်းတည် ဩဂုတ် ၆**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများနှင့် ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးဆောင်သည့် ဌာနဆိုင်ရာများက ဩဂုတ် ၄ ရက်တွင် ကိုယ်ဝန်ဆောင်ကျေးရွာအုပ်စု စပါးကွြယ်ကျေးရွာ၌ အသိပညာပေးဟောပြောမှုများ ကွင်းဆင်းဆောင်ရွက်သည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသန့်က ဒေသခံတောင်သူများအား ဒေသတွင်း၌ ဆီထွက်သီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ မွေးမြူရေးလုပ်ငန်းများကို ယခုထက် ပိုမိုဆောင်ရွက်နိုင်ရေး၊ ဒေသနှင့်ကိုက်ညီမည့် အခြားစိုက်ပျိုးသီးနှံများကို ရာသီအလိုက် ပိုမိုစိုက်ပျိုးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာ၊ ပေါင်းသတ်ဆေး စနစ်တကျသုံးစွဲရေး၊ သစ်ရွက်စိမ်းမြေဩဇာ ပိုမိုတိုးချဲ့စိုက်ပျိုးရေး၊ နေကြာ၊ မတ်ပဲ၊ မြေပဲ သီးထပ်သီးညှပ်စိုက်ပျိုးရေးတို့ကို ဆွေးနွေးပြီးနောက် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာ၊ ဆည်မြောင်းဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့မှ တာဝန်ရှိသူများက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် သက်ဆိုင်ရာ ဌာနတစ်ခုချင်းစီ၏ ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြပြီး ဒေသခံတောင်သူများ၏ လုပ်ငန်းတင်ပြချက်များနှင့် ပတ်သက်၍ သက်ဆိုင်သည့် ဌာနဆိုင်ရာများ ပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။




အေးအေးဆင့်
(ပြန်/ဆက်)

# ကျောက်ဆည်မြို့နယ်၌ နွားတက်(ခွဲ)မြောင်းမှ ရေကျအဆောက်အအုံတစ်ခု ပြန်လည်ပြုပြင်မည်

**ကျောက်ဆည် ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် စိုက်ပျိုးသီးနှံများ အောင်မြင်စေရေး လိုအပ်လျက်ရှိသည့် ရေပေးပွြန်များနှင့် ရေကျအဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်း၊ ရေစီးရေလာကောင်းမွန်ရေး မြောင်းကြမ်းပြင်နှင့် မြောင်းနှုတ်ခမ်းများကို ပြန်လည်ပြုပြင်ပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးမြေ ဧက ၅၀၀ ရေပြည့်ဝစွာ ပေးဝေနိုင်ရေးအတွက် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေ ကျပ် ၂၄ သန်းဖြင့် နွားတက်(ခွဲ)မြောင်းမှ ရေကျအဆောက်အအုံတစ်ခုကို ပြန်လည်ပြုပြင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေကျအဆောက်အအုံသည် နွားတက်(ခွဲ)မြောင်း လယ်ကြီးကျေးရွာအနီးရေကျအမြင့် ခြောက်ပေရှိကာ ပျက်စီးနေသည့် ရေကျ အဆောက်အအုံအထက်ပိုင်းနှင့် အောက်ပိုင်း ရေကျကြမ်းခင်းများ၊ မြောင်းပေါင်နှုတ်ခမ်း ကျောက်စီခြင်းလုပ်ငန်းများ ပြန်လည်ပြုပြင်ပေးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေကျအဆောက်အအုံ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးပါက သီးနှံမျိုးစုံစိုက်ဧက ၅၀၀ အတွက် စိုက်ပျိုးသီးနှံများ အောင်မြင်သည်အထိ လိုအပ်သည့် ရေပမာဏ ပြည့်ဝစွာ ပေးဝေနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

သက်မောင်(ကျောက်ဆည်)

# မင်းလှမြို့နယ်၌ ကျေးရွာရေရရှိရေးနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်

**မင်းလှ ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ဆောင့်ညောင်ကျေးရွာ၌ ရေရရှိရေးနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများက ဩဂုတ် ၅ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းမောင်နှင့် မြို့နယ်တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီ အဖွဲ့ဝင်များက သက်ဆိုင်ရာ ကျေးရွာကော်မတီဝင်များနှင့်အတူ ဆောင့်ညောင်ကျေးရွာ ရေရရှိရေးနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခြင်းဖြစ်သည်။

အဆိုပါကျေးရွာ၌ လက်တူးတွင်းကျယ်တူးဖော်ခြင်းနှင့် အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေ ရေစက်ရုံတည်ဆောက်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေအုတ်ကန်တည်ဆောက်ခြင်း၊ ရေပိုက်လိုင်း ပေ ၅၁၀၀ သွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၂၃ ဒသမ ၂၆၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေပြီး အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၂၂ အိမ်မှ လူဦးရေ ၄၀၀ ကျော်နှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သောက်သုံးရေဖူလုံစွာ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

စိုးမိုးကျော်



# ချောင်းဆုံမြို့နယ်တွင် မိုးစပါးလျာထားဧက၏ ၉၅ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီး

**ချောင်းဆုံ ဩဂုတ် ၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရန် ၆၅၀၀၅ လျာထားဧကအနက် ဇူလိုင် ၃၁ ရက်အထိ လျာထားမှု၏ ၉၅ ရာခိုင်နှုန်းကို စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ချောင်းဆုံမြို့နယ်၌ ဒေသခံများ စားနပ်ရိက္ခာဖူလုံ၍ ဝင်ငွေတိုးပွားလာစေရန်အတွက် စိုက်ပျိုးထုတ်လုပ်မှု အရည်အသွေးကောင်းမွန်ပြီး ပြည်တွင်းပြည်ပ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ကုန်ကြမ်းသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး မျှော်မှန်း၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မိုးစပါးများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၆ စုတွင် စိုက်ပျိုးလျက်ရှိသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ယခုနှစ်အတွင်း မိုးစပါးဧက ၆၅၀၀၅ ဧက စိုက်ပျိုးနိုင်ရန် လျာထားပြီး လက်ရှိအချိန်အထိ မိုးစပါးစိုက်ပျိုးပြီးစီးမှုမှာ ၆၁၇၈၃ ဧကရှိပြီးဖြစ်သည့်အတွက် ယခုနှစ် လျာထားဧက၏ ၉၅ ရာခိုင်နှုန်းကို စိုက်ပျိုးနိုင်ပြီး ဖြစ်ကြောင်း၊ ကျန်ရှိသည့် စိုက်ဧက ၃၃၂၂ ဧကကို အချိန်မီစိုက်ပျိုးနိုင်ရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သူဇာ(ချောင်းဆုံ)

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၆

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေး တိုင်းဒေသကြီး မြိုင်မြို့နယ် ဆားလင်းကန်ကျေးရွာနေ စိုးနိုင်ဦးသည် ၎င်းအသုံးပြုသည့် “Soe Naing Oo” Facebook အကောင့်၊ မန္တလေး တိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရွှေကုန်းကျေးရွာနေ အောင်ကျော်မျိုးသည် ၎င်းအသုံးပြုသည့် “Aung Kyaw Myo” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက်နေ သင်းသင်းကြည်သည် ၎င်းအသုံးပြုသည့် “Thin Thin Kyi” Facebook အကောင့်နှင့် မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက်နေ အေးမြသံစဉ်ဦး(ခ) ဘေဘေးသည် ၎င်းအသုံးပြုသည့် “Bay Bae” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❂ *ကျောဖုံးမှ*

ပြိုင်ပွဲတွင် မန္တလာတက္ကသိုလ် ကျောင်းသူ မမြတ်နိုးအိမ် ဝင်ရောက်ယှဉ်ပြိုင်ရာ ရမှတ် ၉ ဒသမ ၅၃ ဖြင့် ဒုတိယ ငွေတံဆိပ်ဆုကို ရရှိခဲ့ပြီး ပွဲစဉ်(၂) ဖြစ်သည့် အမျိုးသမီး နန်းသောင်း ပြိုင်ပွဲတွင်ဒဂုံတက္ကသိုလ်ကျောင်းသူ မအေးသစ္စာမြင့် ဝင်ရောက် ယှဉ်ပြိုင်ရာ ရမှတ် ၉ ဒသမ ၆၉ ဖြင့် ပထမရွှေတံဆိပ်ဆုကို ရရှိခဲ့သည်။



အမျိုးသမီးထိုက်ချီကျန့်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိသည့် မမြတ်နိုးအိမ်(ဝဲ)၊ ရွှေတံဆိပ်ဆုရှင်နှင့် ကြေးတံဆိပ်ဆုရှင်။

မြန်မာဝူရှူး အားကစားအဖွဲ့တွင် အားကစားသမား သုံးဦးက ဝူရှူး အားကစားနည်း လေးမျိုး ပြိုင်ပွဲခြောက်ခု ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် တစ်ခုဖြင့် ဆုတံဆိပ် ငါးခုအထိ အောင်မြင်စွာဆွတ်ခူး နိုင်ခဲ့သည်။ အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ် အားကစား ပြိုင်ပွဲတွင် မြန်မာနိုင်ငံ အားကစား အဖွဲ့အနေဖြင့် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ မြားပစ်နှင့် ဝူရှူး အားကစားနည်း လေးမျိုး ပါဝင် ယှဉ်ပြိုင်ခဲ့ရာ စုစုပေါင်း ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေး တံဆိပ် နှစ်ခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## MNL-2 (ပထမတန်း) ပြိုင်ပွဲတွင် ကချင်ယူနိုက်တက်နှင့် ဒဂုံစတား သရေကျ

**ရန်ကုန် ဩဂုတ် ၆**

၂၀၂၂ ရာသီ MNL–2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁) ပထမနေ့အဖြစ် ကချင်ယူနိုက်တက်နှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ ဩဂုတ် ၆ ရက်က သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၁ ၌ ယှဉ်ပြိုင်ကစားရာ နှစ်ဂိုးစီသရေကျခဲ့သည်။

ကချင်ယူနိုက်တက်အသင်းအနေဖြင့် နှစ်ဂိုးပြတ် ဦးဆောင်နိုင်ခဲ့သော်လည်း ချေပဂိုးပြန်ပေးရပြီး သရေကျခဲ့သဖြင့် နှစ်နာခဲ့ရသည်။

ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၃၁ မိနစ်တွင် ဇော်မွန်အောင်က ကချင်ယူနိုက်တက်အတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ကချင်ယူနိုက်တက်အသင်း ပိုဖိကစားနိုင်ခဲ့ပြီး ၄၃ မိနစ်တွင် ဇော်မွန်အောင်က ဒုတိယဂိုးထပ်သွင်းခဲ့သဖြင့် ပထမပိုင်း အပြီးတွင် ကချင်ယူနိုက်တက်အသင်းက နှစ်ဂိုးပြတ် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် ဒဂုံစတားအသင်းက ချေပဂိုးရရန် ကြိုးပမ်းလာပြီး ၇၁ မိနစ်တွင် ဖိုးချစ်က ပယ်နယ်တီမှတစ်ဆင့် ပထမဂိုးပြန်သွင်းခဲ့သည်။ တစ်မိနစ်အကြာမှာပင် ဒဂုံစတားအသင်း ဒုတိယချေပဂိုးရခဲ့ပြီး အောင်နိုင်ဦးက သွင်းယူခဲ့ခြင်းဖြစ်သည်။

ပွဲစဉ် (၂) ပထမနေ့ကို ဩဂုတ် ၁၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဒဂုံစတားယူနိုက်တက်နှင့် တက္ကသိုလ်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

## ရန်ကုန်ကို အနိုင်ယူပြီး ရှမ်းယူနိုက်တက် ရာနှုန်းပြည့်နိုင်ပွဲဆက်

**ရန်ကုန် ဩဂုတ် ၆**

၂၀၂၂ ရာသီ MNL ပြိုင်ပွဲ ပွဲစဉ် (၇) ပထမနေ့အဖြစ် ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်းတို့ ဩဂုတ် ၆ ရက်က သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ခုနစ်ပွဲဆက် အနိုင်ရရှိခဲ့သည်။

လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ရာနှုန်းပြည့် ခုနစ်ပွဲဆက် အနိုင်ရလဒ်နှင့်အတူ ဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ရန်ကုန်အသင်းမှာမူ ရလဒ်ကောင်းရန် ကြိုးပမ်းခဲ့သော်လည်း အရေးနိမ့်ခဲ့သဖြင့် ရှစ်မှတ်အထိ ကွာဟသွားပြီဖြစ်သည်။ ယခုပွဲတွင် ရန်ကုန်အသင်းမှ နှစ်ဦး၊ ရှမ်းယူနိုက်တက်အသင်းမှ တစ်ဦး အနီကတ်ဖြင့် ထုတ်ခံရပြီး ၁၁ ဦးချင်း ယှဉ်ပြိုင်ရပါက ပွဲအဖြေပြောင်းလဲသွားနိုင်ကာ ယခုကဲ့သို့ ပွဲမျိုးတွင် ဒိုင်လူကြီး၏ ပွဲထိန်းသိမ်းနိုင်မှုပညာမှာလည်း အရေးပါလှသည်။

ရှမ်းယူနိုက်တက်အသင်းတွင် ကျော်ဇင်ဖြိုး (ဂိုး)၊ ရဲမင်းသူ၊ ဟိန်းသီဟဇော်၊ နန္ဒကျော်၊ ကျော်ဇင်လွင် အပါအဝင် နိုင်ငံခြားသားကစားသမားနှစ်ဦးဖြင့် ပွဲထွက်ခဲ့ပြီး ရန်ကုန်အသင်းတွင်လည်း ကျော်မင်းဦး၊ မောင်မောင်ဝင်း၊ ထက်ဖြိုးဝေ၊ ရန်နိုင်ဦး၊ သီဟထက်အောင်တို့ဖြင့် ပွဲထွက်ခဲ့ကာ တိုက်စစ်မှူး ဝင်းနိုင်ထွန်းမှာ ပထမဆုံး ပါဝင်ကစားခဲ့သည်။ အသင်းကြီးနှစ်သင်း တွေ့ဆုံသည့်ပွဲဖြစ်သောကြောင့် ပွဲစကတည်းက အပြန်အလှန်ကစားနိုင်ခဲ့ပြီး ၁၂ မိနစ်တွင် ရန်ကုန်တိုက်စစ်မှူး ဝင်းနိုင်ထွန်း အနီကတ်ဖြင့် ထုတ်ပယ်ခံရသည်။ ပွဲအစ ၁၂ မိနစ်မှာပင် တစ်ယောက်လျော့သွားသည့် ရန်ကုန်အသင်းသည် အနည်းငယ်ရုန်းကန်ခဲ့ရသော်လည်း အကောင်းဆုံး တုံ့ပြန်ခဲ့သည်။ သို့သော် ၄၁ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်း အနိုင်ဂိုးရခဲ့ပြီး ဇင်မင်းထွန်းက သွင်းယူခဲ့သည်။ ဒုတိယပိုင်းအစတွင် ရှမ်းယူနိုက်တက်အသင်းမှ ဇင်မင်းထွန်းနှင့် ရန်ကုန်အသင်းမှ ဇာနည်ထက်တို့ အချင်းများရာမှ ကွင်းလယ်ဒိုင်က နှစ်ဦးစလုံးကို အနီကတ်ဖြင့် ထုတ်ပယ်ခဲ့သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်ရရန် ကြိုးပမ်းခဲ့သော်လည်း ဂိုးထပ်မသွင်းနိုင်သဖြင့် ပထမပိုင်းရလဒ်အတိုင်း ပြီးဆုံးခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ခုနစ်ပွဲဆက် အနိုင်ရလဒ်ဖြင့် ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်လျက်ရှိပြီး ရန်ကုန်အသင်းက ခုနစ်ပွဲကစား ၁၃ မှတ် ရရှိထားသည်။



ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်း ယှဉ်ပြိုင်နေစဉ်။

ပွဲစဉ် (၇) ဒုတိယနေ့ကို ဩဂုတ် ၇ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရတနာပုံအသင်းနှင့် ရောဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

# ကလောဘူတာ၌ သမိုင်းအမွေအနှစ်ဖြစ်သည့် မီးရထားစက်ခေါင်းနှင့် လူစီးတွဲတစ်တွဲရောက်ရှိပြသ

**ကလော ဩဂုတ် ၆**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်၌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မြန်မာ့မီးရထားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတစ်ခုသည်လည်း အပါအဝင်ဖြစ်သည်။



သက်တမ်း ၇၅ နှစ်ရှိ မီးရထား စက်ခေါင်း။

ကလောဘူတာသည် နှစ်ပေါင်းတစ်ရာကျော် သက်တမ်းရှိ အဆောက်အအုံတစ်ခု ဖြစ်သည့်အပြင် သမိုင်းအမွေအနှစ်တစ်ခုလည်းဖြစ်ရာ ယနေ့တွင် ခရီးသွားပြည်သူများ လာရောက်လေ့လာနိုင်ရန်အတွက် သက်တမ်း ၇၅ နှစ်ရှိ မီးရထားစက်ခေါင်းနှင့် သက်တမ်း နှစ် ၇၀ ခန့်ရှိ လူစီးတွဲတစ်တွဲကိုလည်း ပြသထားမည်ဖြစ်ကြောင်း သိရသည်။

၎င်းမီးရထားစက်ခေါင်းနှင့် လူစီးတွဲကို သာစည်မြို့နယ်မှ ဩဂုတ် ၅ ရက် နံနက် ၈ နာရီက သယ်ဆောင်လာရာ ကလောဘူတာသို့ ညနေ ၅ နာရီခန့်က ရောက်ရှိခဲ့သည်။

အဆိုပါမီးရထားစက်ခေါင်းသည် ဘွိုင်လာဖိအား ပေါင် ၁၈၀၊ ဆလင်ဒါအချင်း ၁၅ လက်မ၊ Stroke ၂၂ လက်မ၊ ကျောက်မီးသွေးဝင်ဆံ့နိုင်မှု ပမာဏ ၃ တန်၊ ရေဝင်ဆံ့နိုင်မှုပမာဏ ဂါလန် ၁၅၅၀၊ စက်ခေါင်းအလျား ၃၆ ပေ တစ်လက်မခွဲ၊ စက်အလေးချိန် (ကျောက်မီးသွေးနှင့်ရေအပြည့်) ၅၅ ဒသမ ၇တန် စက်ခေါင်းအလေးချိန် ၄၂ ဒသမ ၆ တန်ရှိပြီး အင်္ဂလန်နိုင်ငံ Robert Stephenson& Hawthorns Ltd. ကုမ္ပဏီက ၁၉၄၈ ခုနှစ်တွင် ထုတ်လုပ်ခဲ့သည်။ ယင်းစက်ခေါင်းကို တွဲရွှေ့တွဲပြောင်းရာတွင် အသုံးပြုခဲ့သည်ဟု သိရသည်။

အဆိုပါ လူစီးတွဲကိုမူ မြစ်ငယ်လူစီးတွဲနှင့် ကုန်တွဲစက်ရုံက ၁၉၅၅ ခုနှစ်က ထုတ်လုပ်အသုံးပြုခဲ့သည်။ ယင်းလူစီးတွဲအသုံးပြုသည့် ဘိုဂီအမျိုးအစားမှာ 4Wheeler ၊ တွဲလွတ်အလေးချိန် ၉ တန်၊ တွဲအလျား၂၂ ပေ၊ တွဲအကျယ် ၈ ပေ၂ လက်မ၊ တွဲအမြင့် ၁၀ ပေ ၁၀ လက်မရှိသည်။ ၎င်းမီးရထားစက်ခေါင်းနှင့်လူစီးတွဲများကို ကလောဘူတာ၏ လက်ယာဘက်တွင် ပြသထားမည်ဖြစ်ကြောင်းနှင့် နယ်မြေဗဟုသုတ ရှာမှီးလိုသူများအတွက် အပျော်စီးလူ ၂၀ ဆံ့ ရထားတွဲကိုလည်း ကလော – မြင်းဒိုက်–အောင်ပန်းဘူတာအထိ မကြာမီဖွင့်လှစ် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ကလောဘူတာရုံပိုင်ကြီးထံမှ သိရသည်။

**အေးခိုင်(ကလော)**

# တရားမဝင် သစ်မျိုးစုံ၊ ကန့်သတ်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၆**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၄ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘီးလင်းမြို့နယ် ဒေါက်ရပ်ကျေးရွာ ရွှေသံလွင်တိုးဂိတ်တွင် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် အမိုနီယမ်နိုက်ထရိတ် ၂၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀) အား ဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက် ရှိသည်။

အလားတူ ဩဂုတ် ၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဥက္ကံတောင်း(၂)နယ်မြေ၊ ဥက္ကံကြိုးဝိုင်း၊ အကွက်အမှတ်(၅၀)၌ တရားမဝင် မအူသစ်နှင့် မျောက်ငိုသစ် ၆ ဒသမ ၁၂၃၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၁၈၂၂) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက် ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဩဂုတ် ၄ ရက်တွင် ပူးပေါင်းအဖွဲ့များက ပဲခူးခရိုင် ပြည်ခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင် ကျွန်းသစ်၊ ပျဉ်းကတိုးသစ်၊ မျောက်ငိုသစ်နှင့် တောင်ပိန်းသစ် ၁၇ ဒသမ ၈၂၈ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၅၆၆၃၇၂) ကို သစ်တောဥပဒေအရ လည်းကောင်း၊ ဩဂုတ် ၆ ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ပေါင်းတလည်မြို့၊ ပြည်–ပေါက်ခေါင်းကားလမ်း၌ လိုင်စင်မဲ့ HONDA AIR WAVE အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀) ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၆၆၃၇၂) ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်–မန္တလေး လမ်းဟောင်းထုံးဘို လမ်းခွဲအနီးတွင် သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားခြင်းမရှိသော အကောက်ခွန်မဲ့ အနွေးထည် အင်္ကျီများနှင့် ABC တံဆိပ်ပါ ရေမွှေးဆပ်ပြာမှုန့်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၂၆၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော နောက်တွဲယာဉ်ပါ Nissan Diesel Tractor Head အမျိုးအစား ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀) စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၂၆၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့် အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ်၄ ရက်၊ ၅ ရက်နှင့် ၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ကိုးမှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၁၂၃၈၁၉၄) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**



## ချောင်းဆုံမြို့နယ် ညောင်လမ်းကျေးရွာအုပ်စုတွင် မိုးရွာသွန်းမှုကြောင့် တောင်မြေပြိုကျကာ နေအိမ်တစ်လုံးပျက်စီး

**ချောင်းဆုံ ဩဂုတ် ၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ညောင်လမ်းကျေးရွာ၌ ဩဂုတ် ၆ ရက် နံနက် ၆ နာရီ ၄၅ မိနစ်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်မြေပြိုကျကာ ညောင်လမ်းကျေးရွာအုပ်စု အကွက်အမှတ် (၈) ရှိ နေအိမ်တစ်လုံးပျက်စီးပြီး(**အပေါ်ပုံ**) လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

အဆိုပါအိမ်မှာ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး နေအိမ်(လူနေထိုင်ခြင်းမရှိ) ဒေါ်ရီစိန်ပိုင်ဆိုင်သည့် နေအိမ်ဖြစ်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ကွင်းဆင်းပြီး ပြိုကျပျက်စီးသွားသည့်နေအိမ်ကို ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နေအိမ်ပျက်စီး ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် နှစ်သိန်းခန့်ရှိကြောင်း မြို့နယ်သဘာဝဘေး စီမံခန့်ခွဲရေးကော်မတီမှ သိရသည်။

**ချောင်းဆုံ(ပြန်/ဆက်)**

# သာစည်မြို့နယ်၌ ငွေကျပ်သိန်း ၁၅၈၀ ကျော်တန်ဖိုးရှိ ဘိန်းစိမ်း ၁၇၆ ဒသမ ၄ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ငွေကျပ်သိန်း ၁၅၈၀ ကျော်တန်ဖိုးရှိ ဘိန်းစိမ်း ၁၇၆ ဒသမ ၄ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂ ရက် နံနက် ၅ နာရီတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျွဲတပ်ဆုံ စစ်ဆေးရေးစခန်း၌ ကလောမှ သာစည်ဘက်သို့ ပြည့်ဖြိုးထွန်း မောင်းနှင်ပြီး မျိုးကျော်သူနှင့် သန့်ဇင်ကိုတို့လိုက်ပါလာသည့် MITSUBISHI FUSO ၁၂ ဘီး မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၁၅၈၀ ကျော် တန်ဖိုးရှိ ဘိန်းစိမ်း ၁၇၆ ဒသမ ၄ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဘိန်းစိမ်းများကို ရှမ်းပြည်နယ် တောင်ပိုင်းမှ စစ်ကိုင်းတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။ **သတင်းစဉ်**




ပြည့်ဖြိုးထွန်း၊ မျိုးကျော်သူနှင့် သန့်ဇင်ကိုတို့ကို သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၃၃ ဆူ | ၃၈၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၆ တိုင် | ၁၄ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၂၂ တိုင် | ၅၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၈ ကျင်း | ၂၀၈၁. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၈ ကျင်း | ၂၀၀. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၅ ကျင်း | ၅၈၉၅. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၂ ကျင်း | ၁၆၁၄. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 64W/44411 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/97610 Honda Scoopyi M/C ယာဉ်လက်ဝယ်ရှိသူ Thai Fashion Fortwear Co., Ltd က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (မုံရွာ)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ဇော်ဝင်း ၅/ယမပ(နိုင်)၁၁၇၃၁၃ ၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၅၈၁၀၉၀၉၀**

## ပျောက်ဆုံးကြောင်း

ကျွန်မ မနုနုခင် ၅/ယမပ(နိုင်) ၀၇၀၀၉၂ ၏ နိုင်ငံကူးလက်မှတ် နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၅၈၁၀၉၀၉၀**

## တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းမြို့၊ ဇေယျာရပ်ကွက်၊ အိမ်အမှတ် (၃၁၇)နေ ဦးကျော်သူခိုင်၏သမီး မအိမ့်မှူးကျော်(ခ)မအိမ့်ရွှေစင်သွန်း ၅/စကန(နိုင်)၃၂၈၅၃၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး ၈၊ ကွင်း/အကွက်အမှတ် ၇/ပဒေသာ၊ ဦးပိုင်အမှတ် ၁၃၀၊ မြေရိယာ ၀ ဒသမ ၀၅၅ဧကရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်)လျှောက်ထားနိုင်ရေးဒေါ်ခင်စန်းဝေ ၅/စကန(နိုင်) ၀၂၈၂၀၄ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်းမြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## အမည်ပြောင်း

ကျောက်ဆည်မြို့နယ်၊ အမက သင်တောင်း Grade-5 မှ ဒေါ်နေသူဇာသိန်း၏သား မောင်အောင်ကောင်း ပြည့်စုံသိန်းအား မောင်ကောင်းကောင်း ဟုပြောင်းလဲခေါ်ပါရန်။

**မောင်ကောင်းကောင်း**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄စ/၂၂၅၈ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်သန်းထိုက် ၈/ရနခ(နိုင်)၁၅၃၄၈၈ ၏ နိုင်ငံကူးလက်မှတ် အမှတ် MD 938017 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၈၅၀၃၉၀၆**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/7262 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖခင်အမည်မှန်

လယ်ဝေးမြို့၊ အထက(ခွဲ) ရှားချောင်း Grade-11 မှ မအိဖြူဖြူစင်၏ ဖခင်အမည်မှန်မှာ ဦးစန်းယု ၉/လဝန(နိုင်)၀၁၈၉၆၉ ဖြစ်ပါကြောင်း။

**ဦးစန်းယု**

## အမည်ပြောင်း

လယ်ဝေးမြို့၊ အထက(ခွဲ) ရှားချောင်း Grade-11 မှ မပြည့်သဇင်နှင်းအား ယနေ့မှစ၍ မသန့်ရှင်းထက်စံဟု ပြောင်းလဲခေါ်ပါရန်။

**မသန့်ရှင်းထက်စံ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် -၅ ၊ နည်းဥပဒေ-၂၀)**

**ပဲခူးမြို့နယ်တရားရုံး**

**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၈**

ဦးရဲထွန်း နှင့် ၁။ ဦးသန်းဦး
၂။ ဦးလှမြင့်

**တရားလို** **တရားပြိုင်များ**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၁)၊ (၂)လမ်း၊ အမှတ်(၆၀)နေ အမှတ်(၁) တရားပြိုင် ဦးသန်းဦး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ရေးချုပ်ပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဩဂုတ်၂၆ ရက် (၁၃၈၄ ခုနှစ် တော်သလင်းလဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဩဂုတ် ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

( ပိုင်စိုးကျော် )
**တွဲဖက်မြို့နယ်တရားသူကြီး(၄)**
**ပဲခူးမြို့နယ်တရားရုံး**

## ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် -၂၁ ၊ နည်းဥပဒေ-၂၂)**

**တောင်ကြီးမြို့နယ် တရားရုံးတော်၌**

**၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၂၀ နှင့် ဆက်နွှယ်သည့်**

**၂၀၂၂ ခုနှစ် တရားမဇာရီမှုအမှတ်-၃၇**

ဦးခင်မောင်သိန်း နှင့် ဦးအေညွှာ

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ သုခလမ်းသွယ်နေ ဦးအေညွှာ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် ၂၀ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးခင်မောင်သိန်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ (သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဩဂုတ် ၁၂ရက် (၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၂ ခုနှစ်၊ ဩဂုတ် ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခိုင်ခိုင်မိုး)**
**မြို့နယ်တရားသူကြီး**
**တောင်ကြီးမြို့နယ်တရားရုံး**

## အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဒ-၆၃)၊ မြေကွက်အမှတ်(၇၅၈)၊ ဧရိယာ(၄၀ပေx၆၀ပေ)အကျယ်အဝန်းရှိ ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ကတိစာချုပ် အဆက်စပ်ဖြင့် လက်ရှိထားပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုလာသူ ဦးအောင်တိုးဝင်း ၇/လပတ(နိုင်)၁၁၂၁၆၄ က ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေ၏တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသဖြင့် ဤအရောင်းအဝယ်နှင့်ပတ်သတ်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ် အပြီးသတ်စာချုပ်ချုပ်ဆိုပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဇော်မျိုးသက်** | **ဦးဒါယူစီ** |
| ၇/နတလ(နိုင်)၁၃၅၀၄၇ | အထက်တန်းရှေ့နေ (စဉ်-၅၃၀၉၇) |

အမှတ်(၅၄/၅၆)၊ မာလာမြိုင်(၅)လမ်း၊ လှိုင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၆၀၀၀၅၁၈၃

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ သစ္စာရိပ်သာလမ်းသွယ်၊ အမှတ်(၂၂)၊ မြေညီ(ညာ)၊ အကျယ်အဝန်း (၁၄ပေ x ၄၅ ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် လက်ရှိလက်ဝယ်နေထိုင်ပိုင်ဆိုင်ထားပြီး အရောင်းအဝယ်ပြုလုပ်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သန်းသန်းအေး၏ GP (9342) ရသူ ဦးတင်မောင်ဝင်း ၁၂/ရကန(နိုင်)၀၄၁၆၃၅ ထံမှ ကျွန်မ ဒေါ်ဟေမာန်ကျော်ဦးမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာချုပ်စာတမ်း ပိုင်ဆိုင်မှု အထောက်အထား မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဟေမာန်ကျော်ဦး**
**၁၂/အလန(နိုင်)၀၄၃၇၃၄**
**ဖုန်း-၀၉- ၇၇၈၁၈၈၁၈၉၊ ၀၉-၂၅၁၀၉၄၇၁၁**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4Q/3423 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4E/2069 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 81W/22393 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/8752 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1I/8283 Lifan LF၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/7375 SKAT ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5L/8144 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီရီဝင်း ၇/ပခန(နိုင်) ၁၄၆၃၁၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 7M/3481 ယာဉ်လက်ဝယ်ရှိသူ ဦးသီဟ ၉/မတန(နိုင်)၁၄၆၄၃၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး(ကျောက်ဆည်)သို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကတ-၁၀)၊ မြေကွက်အမှတ်-၅၂၉ ၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ မြေကွက်တည်နေရာအမှတ်(၅၂၉)၊ ဆိပ်ကမ်းသာလမ်း၊ နိုင်စုရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဒေါ်ထွေးအေး ၆/ကသန(နိုင်) ၀၀၃၇၁၃ အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ထွေးအေးထံမှ အရောင်းအဝယ်စာချုပ်မှတ်ပုံတင်အမှတ်-၁၀၉၉/၂၁(၉-၂-၂၀၂၁) ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်ကျော်ထွန်း ၈/ရနခ(နိုင်)၀၅၄၈၃၇) (ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်အေးမူ ၈/ရနခ(နိုင်)၁၁၀၆၉၈ မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်းနှင့် ၎င်းမှလွဲ၍ အခြားသောဇနီးမယား တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ၎င်းမှသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် အခြားသောအမွေဆက်ခံပိုင်ခွင့်မည်သူတစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အမည်ပေါက်သေဆုံးမှုလက်မှတ်၊ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်နှင့် နှစ် (၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းတို့အားတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁၊ မြေကွက်အမှတ်-၂၁၀၀/ခ၊ မြေကွက်တည်နေရာ-အမှတ်(၂၁၀၀/ခ)၊ ရတနာသီရိလမ်း၊ အုတ်ဖိုကျေးရွာအုပ်စု၊ ရွှေပြည်သာမြို့နယ်၊ ဦးစံမင်းထွန်းအမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးစံမင်းထွန်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ဝမ်လင်ဖုန်း ၁၃/လရန(နိုင်)၁၂၀၇၆၄ မှ ပါမစ်မူရင်းတွင် မိသားစုဓာတ်ပုံ၊ ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်နှင့် အိမ်ရာဆောက်လုပ်နေထိုင်ခွင့်တို့သာ တင်ပြနိုင်ပြီး၊ မြေနေရာချထားပေးရေးခံရသူများ၏ မှီခိုသူများစာရင်းတို့တင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်(မစုံ)ဖြင့် နှစ်(၆၀)မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ကိုယ်စား)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မုံရွာမြို့၊ ဆူးလေကုန်းရပ်၊ ဈေးလမ်းနေ ဦးမျိုးမြင့် ၅/မရန(နိုင်) ၀၃၅၆၈၉ ၏ သမီးအလတ်ဖြစ်သူ မခိုင်ဇာအောင်(ခ)မချောစု ၅/မရန(နိုင်)၂၂၂၁၇၀ (၂၆-၇-၁၉၉၃)သည် မိဘ၏ဆိုဆုံးမမှုအားလုံးကို လုံး၀(လုံး၀) နားမထောင်ဘဲ ရန်သူသဖွယ်ပြုမူဆက်ဆံနေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ (၎င်းနှင့်ပတ်သက်သမျှကိစ္စအားလုံး မိမိနှင့် လုံး၀မသက်ဆိုင်ပါကြောင်း)

**ဖခင် - ဦးမျိုးမြင့်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/44411 Pulsar NS 200 M/Cယာဉ်လက်ဝယ်ရှိသူ ဦးအေးထွန်း ၅/စတန(နိုင်)၁၈၀၇၆၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ် (RA III)၊ ဦးပိုင်အမှတ် (၁၂၆-က)၊ မြေဧရိယာ ၀ ဒသမ ၄၁ ဧကရှိ ဂရန်အမှုတွဲအမှတ် (၂၆၉/၂၀၂၀-၂၀၂၁)အရ ဒေါ်ငွေငွေ ၉/မမန(နိုင်)၀၁၆၄၁၂ အမည်ပေါက် ဂရန်မြေမှခွဲ၍ အကွက်အမှတ် ( AM-5)၊ အကျယ်အဝန်း အရှေ့ ၁၀၇ ပေ၊ အနောက် ၁၀၇ ပေ၊ တောင် ၅၇ ပေ၊ မြောက် ၄၀ ပေရှိ မြေကွက်အား ဦးအောင်ချမ်းသာထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက မြေနှင့် အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြဖြူဖြူမင်း (စဉ်-၄၁၁၉၄)**
**(အထက်တန်းရှေ့နေ)**
**ရပ်ကွက်ကြီး (၁၀)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉ -၅၀၉၃၃၃၀**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/အကွက်အမှတ်(၃/ပဒေသာရပ်)၊ ဦးပိုင်အမှတ် (၁၇၃)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အား ဦးသောင်းညွန့်အမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး အဆိုပါမြေကွက်ရှိ အဆောက်အဦအားဖျက်သိမ်း၍ အသစ်ပြန်လည်ဆောက်လုပ်ခြင်း ဆောက်ရွက်နိုင်ရေး ဒေါ်ခင်ထွေးမော် ၉/မထလ(နိုင်) ၀၇၀၂၇၇ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးရုံး အင်ဂျင်နီယာဌာနသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်ထွေးမော် ၉/မထလ (နိုင်)၀၇၀၂၇၇**
**အိမ်အမှတ်(၁၅၅)၊ မန္တလေး - လားရှိုးလမ်း၊ ကျောက်တောင်**
**ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့**

## အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ

**(အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့ အက်ဥပဒေပုဒ်မ-၁၁)**

**မန္တလေးခရိုင်တရားရုံးတော်**

**၂၀၂၂ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် -၁၂၆**

ဦးသိန်းဇော် နှင့် ဒေါ်လှမေ

**(လျှောက်ထားသူ)** **(လျှောက်ထားခံရသူ)**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၆)၊ ဦးပိုင်အမှတ်(၁၈)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဂရန်မြေကွက်၊ အရွယ်မရောက်သေးသူ ၁။ မောင်ပိုင်ဟိန်းကျော်၊ ၂။ မောင်ဟိန်းထက်အောင်၊ ၃။ မောင်ဝေယံဟိန်း (သို့မဟုတ်) ၎င်းတို့ပိုင်သော ပစ္စည်းအကြောင်း မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၂၈ လမ်း၊ ၇၆ လမ်းနှင့် ၇၇ လမ်း၊ အကွက် အမှတ်(၆၁၇)၊ ဟေမာဇလရပ်ကွက်နေ ဦးသိန်းဇော်က အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ ၁။ မောင်ပိုင်ဟိန်းကျော်၊ ၂။ မောင်ဟိန်းထက်အောင်၊ ၃။ မောင်ဝေယံဟိန်းတို့၏ ဖခင်အရင်းဖြစ်သည်ဟူ၍ ၎င်းတို့၏ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုသို့လျှောက်ထားခြင်းကို လူအများသိရှိစေရန်အလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၁၇ ရက် (၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်)တွင် ဆိုင်ဆိုရန် ချိန်းဆိုသည်။

၂၀၂၂ ခုနှစ်၊ ဩဂုတ် ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ငွေးအောင်)**
**ခရိုင်တရားသူကြီး**
**မန္တလေးခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/57564 TVS (DAZZ) 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးခန့်ကျော် ၁၂/တတန(နိုင်)၁၁၁၁၁၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2F/9620 Mitsubishi Canter FE70DB Light Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင် ၉/မရတ(နိုင်)၀၅၉၅၄၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၄၇၄၃၇ Loncin 110ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းစုစုလှိုင် ၁/မကတ(နိုင်)၀၁၂၄၅၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3F/5634 Toyota Hiace KDH220 MiniBus (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မိုး ၅/မရန(နိုင်)၁၆၄၄၀၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ယ/၆၃၆၅၆ Honda Draem 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမြင့်မြင့်ဆွေ ၉/မရတ(နိုင်)၁၁၅၀၇၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/22393 HONDA Scoopyi 110M/C ယာဉ်လက်ဝယ်ရှိသူ EVER OK Co., Ltdက(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့
## ရန်ကုန်မြို့
## UPS စက်နှင့်တွဲလျက် Batteryတို့ကို ဝယ်ယူရန် ဈေးပြိုင်တင်ဒါကြော်ငြာ

၁။ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံးတွင် အသုံးပြုရန်အတွက် UPS 20 KVA /18000w (PF 0.9)(LB) (၂)လုံးနှင့်တွဲလျက် Batteryတို့ကို ဝယ်ရန်ရှိပါသည်။

၂။ ရောင်းချလိုသူများအနေဖြင့် ဈေးနှုန်းအဆိုပြုလွှာပုံစံနှင့်စည်းကမ်းချက်တစ်စုံလျှင်ငွေကျပ် ၁၀,၀၀၀/-နှုန်းဖြင့် ဂေါပကအဖွဲ့ရုံး၌ ဝယ်ယူပြီး ၁၈-၈-၂၀၂၂ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂:၀၀နာရီ နောက်ဆုံးထား၍ ဈေးပြိုင်(တင်ဒါ)တင်သွင်းနိုင်ကြောင်းကြော်ငြာအပ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကိုဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**(ဆက်သွယ်ရန်ဖုန်း-၀၁-၃၇၅၇၆၇၊ ၀၁-၃၇၁၀၈၉)**

**ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ မြို့မဈေးကြီး၊ (စီ)ရုံ၊ ဆိုင်ခန်းအမှတ်(၂၂၊ ၂၃)၊ ဒေါ်ပြုံး ၉/မမန(နိုင်)၀၂၄၂၄၄၏ ဈေးဆိုင်ခန်းပိုင်ဆိုင်မှုစာအုပ်သည် ပျောက်ဆုံးသွားပါ၍ ပိုင်ရှင်မှ ဆိုင်ခန်းစာအုပ်အသစ် ပြန်လည်ထုတ်ယူခွင့်နှင့်ပတ်သက်၍ ကန့်ကွက်တင်ပြလိုသူများရှိပါက ယနေ့ကြော်ငြာသည့်ရက်မှစ၍ရက်ပေါင်း(၃၀)အတွင်း ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ခိုင်လုံသောအထောက်အထားနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ မြို့မဈေးကြီး၊ ($A_{12}$)ရုံ၊ ဆိုင်ခန်းအမှတ်(၂၂၃)၊ ဦးလိုက်ဗဟားဒူ(ခ)ဝင်းနိုင် ၉/မမန(နိုင်)၀၈၆၇၁၈ ၏ ဈေးဆိုင်ခန်းပိုင်ဆိုင်မှုစာအုပ်သည် ပျောက်ဆုံးသွားပါ၍ ပိုင်ရှင်မှ ဆိုင်ခန်းစာအုပ်အသစ် ပြန်လည်ထုတ်ယူခွင့်နှင့်ပတ်သက်၍ ကန့်ကွက်တင်ပြလိုသူများရှိပါက ယနေ့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ခိုင်လုံသောအထောက်အထားနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီးမုံရွာမြို့၊ မြေနဲအုပ်စု၊ မိုးညှင်းသမ္မုဒ္ဒေတွင် ကိုအောင်နိုင်မျိုးသည် "Great One"အမည်ဖြင့် သောက်ရေသန့်ထုတ်လုပ်မည်ဖြစ်ပြီး အဆိုပါနာမည်အား အမှတ်တံဆိပ် မှတ်ပုံတင်ရုံးတွင် အမည်တင်သွင်းသွားမည်ဖြစ်ပါသဖြင့် အများသိစေရန်ကြေညာအပ်ပါသည်။

ကန့်ကွက်လိုသူများ သတင်းစာပါရက်မှတစ်ပတ်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ကိုအောင်နိုင်မျိုး**
**၅/မရန(နိုင်)၀၀၆၂၈၄**
**ဖုန်း-၀၉-၂၁၃၀၉၀၅**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ အောင်ပင်လယ်၊ ၁၀၆ အေလမ်း၊ အမှတ်(၆၁-က)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးစိုင်းအောင်ထွန်း (ဘ)ဦးရှန်ထိုင်း ၁၃/ကတန(နိုင်)၀၆၃၆၀၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေသည် ဇနီးဖြစ်သူဒေါ်ကေခိုင်ဝင်းတို့သည် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၇)၊ ဈေးကုန်း၊ ကွင်းအမှတ် (၆၆၁) အတွင်းမှ အရှေ့-လမ်း၊ အနောက်-ဦးစိန်လှ၊ တောင်-အကွက်အမှတ် (၁)၊ မြောက်-အကွက်အမှတ်(၃)နယ် လေးရပ်အတွင်းရှိ အကွက်အမှတ်(၂)ဟုသတ်မှတ်ထားသော (၄၀x၆၀)ပေအကျယ်ရှိ မြေကွက်ကို (၂၀၁၃)ခုနှစ်တွင် ဒေါ်နန်ဆိုင်းထံမှ ဒေါ်ကေခိုင်ဝင်းအမည်ဖြင့် အရပ်ကတိ စာချုပ်ချုပ်ဆိုကာ ဝယ်ယူပိုင်ဆိုင်ထားခဲ့ပြီး ယနေ့အချိန်အထိ လက်ရှိထား ပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါသည်။ယခုအခါ အဆိုပါမြေကွက်အား ပြန်လည်ရောင်းချရန်အတွက် ဆောင်ရွက်ရာတွင် ကျွန်ုပ်မိတ်ဆွေ၏ ဇနီးဖြစ်သူနှင့် ဒေါ်နန်ဆိုင်းတို့ချုပ်ဆိုထားသော အရပ်ကတိစာချုပ်သည် ပျောက်ဆုံးနေပြီး ဒေါ်နန်ဆိုင်းမှ ပေးအပ်ထားသော ဆက်စပ်စာချုပ်မိတ္တူမှန်များသာ ကျွန်ုပ်၏မိတ်ဆွေထံတွင် ကျန်ရှိနေခဲ့ပါသည်။ ဒေါ်နန်ဆိုင်းနှင့် ကျွန်ုပ်မိတ်ဆွေ၏ဇနီး ဒေါ်ကေခိုင်ဝင်းတို့ နှစ်ဦးသဘောတူချုပ်ဆိုခဲ့သော အရပ်ကတိစာချုပ်မူရင်းသည် ပျောက်ဆုံးသွားပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အထက်ပါမြေကွက်များအား ကျွန်ုပ်၏မိတ်ဆွေနှင့်ဇနီးဖြစ်သူမှ ယနေ့အချိန်အထိ မည်သူတစ်ဦး တစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းတို့ (လုံး၀)လုံး၀မရှိပါကြောင်းနှင့် အထက်ပါမြေကွက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ မြေကွက်နှင့် သက်ဆိုင်သည့်စာရွက်စာတမ်းများ ယူဆောင်လာ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် လာရောက်ကန့်ကွက်ခြင်း မရှိပါက ကျွန်ုပ်၏မိတ်ဆွေမှ အထက်ပါမြေကွက်အား ရောင်းချသည့်ကိစ္စကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဇေယျာ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၃၆၁)**
**နှယ်နင်းရပ်၊ ရပ်ကွက်ကြီး(၁၇)၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၇၉၇၆၁၃၇၁၀**

## လမ်းဦးစီးဌာန၊ သရက်ခရိုင်
## လုပ်ငန်းသုံးပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## (တတိယအကြိမ်)

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် လမ်းဦးစီးဌာန၊ သရက်ခရိုင်မှဆောင်ရွက်မည့် လမ်းလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်၊အချိန်** - ၁၅-၈-၂၀၂၂ ရက်၊ ၀၉:၃၀ နာရီ

**တင်ဒါလျှောက်လွှာပုံစံ အရောင်းပိတ်မည့်ရက်၊အချိန်** - ၁၉-၈-၂၀၂၂ ရက်၊ ၁၆:၃၀ နာရီ

**တင်ဒါစိစစ်ရွေးချယ်မည့်ရက်၊ အချိန်၊ နေရာ** - ၂၄-၈-၂၀၂၂ ရက်၊ (၁၀:၀၀)နာရီ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ သရက်ခရိုင်၊ သရက်မြို့။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ သရက်မြို့၊ ဖုန်း-၀၆၈-၂၁၀၈၉သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၁၁ယ/၃၁၄၆၇ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်ဆုမွန် ၉/ခအဇ(နိုင်)၀၂၅၂၅၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်6N/5975 Hino Ranger FC7JJY Truck(4x2)R ယာဉ်လက်ဝယ်ရှိသူ Chan Thar Win Co., Ltdက(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် -၈၀

ဒေါ်ရန်ရီးလန် နှင့် ဦးထွန်းရ
**တရားလို** **တရားပြိုင်**

ဦးထွန်းရ စက်မှုလက်မှုအထက်တန်းကျောင်း၊ ပြင်ဦးလွင်မြို့ (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်၌ ဒေါ်ရန်ရီးလန်က ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့မဟုတ်)၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၁၈ရက် (၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာအထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ရုံးတော်မှ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်အတွင်း တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဩဂုတ် ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိမိသန်း)**
**ခရိုင်တရားသူကြီး**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ ကွင်း/အကွက်အမှတ်နှင့် အမည်-၂/ဟော်ကုန်းရပ်၊ ဦးပိုင်အမှတ် (၃၄-ဆ/၁)၊ မြေယာအမှတ် (9-E-1)၊ မြေဧရိယာ ၀ ဒသမ ၁၀၁ ဧကရှိ မြေကွက်သည် ဦးစိုင်းမောင်ရွှေအမည်ဖြင့် နှစ်(၃၀)မြေငှားဂရန် ရရှိထားသည်။ အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူထားသူ ဦးကိုကိုလှိုင် ၇/ပခန(နိုင်)၀၀၁၈၉၄မှ မိမိသာလျှင် တရားဝင်ပိုင်ဆိုင်သူဖြစ်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆို၍ ရောင်းချလိုကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးမြင့်နိုင် ၉/မရမ(နိုင်)၀၅၆၀၁ မှ အပိုင်ဝယ်ယူရန် အတွက် စရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်မြေကွက် အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါရှိသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၁၇)**
**အမှတ်(၅၀)၊ (၅)ကွက်၊ ဂေါ်ရခါးလမ်း၊ ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၄၅၀၀၃၇၂၈၉**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာရပ်ကွက်၊ မြင်စိုင်းလမ်းနေ ကျွန်မ ဒေါ်ယဉ်ယဉ်စိုး ၉/ရမသ(နိုင်)၀၀၁၈၃၈၏ သားဖြစ်သူ မောင်မင်းဟိန်းခန့် ၉/ပသက(နိုင်)၁၁၄၁၀၇ သည် မိဘအဘိုးအဘွားများ၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း။ နောက်နောင်၎င်းနှင့်ပတ်သက်သော ငွေကြေးကိစ္စ၊ အခြားသော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင်-ဒေါ်ယဉ်ယဉ်စိုး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ် - ၁/၂၀၂၂
## ၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်
## (၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော (လစာနှုန်း ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) တောအုပ်ကြီး (၁၁) နေရာအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) သိပ္ပံ (သစ်တောပညာ) ဘွဲ့ (သို့မဟုတ်) မဟာသိပ္ပံ (သစ်တောပညာ) ဘွဲ့ ရရှိပြီးသူဖြစ်ရမည်၊

(ဂ) (၃၁-၁၀-၂၀၂၂) ရက်နေ့တွင် အသက် (၃၅) နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၈) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်၊

(ဃ) အနည်းဆုံး လုပ်သက်တစ်ဆက်စပ်တည်း (၅) နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊

(င) မဟာဘွဲ့ရပြီးသူများအတွက် အသက် (၃၈) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်၊

(စ) ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ အောက်ပါအထောက်အထားများပူးတွဲလျက် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ မန္တလေး တိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့ (သို့မဟုတ်) ညွှန်ကြားရေးမှူးချုပ်ရုံး၊ နေပြည်တော်(ရုံးခွဲ) သို့ (၃၁-၁၀-၂၀၂၂) ရက်နေ့ နောက်ဆုံးထား၍ ရုံးချိန်အတွင်း ပေးပို့လျှောက်ထားရမည်-

(က) ဘွဲ့လက်မှတ်မိတ္တူ (စာမေးပွဲဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်း တင်ပြရန်)၊

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

(ဂ) အသက် အထောက်အထားအတွက် အခြေခံပညာအထက်တန်းစာမေးပွဲ အောင်လက်မှတ်မိတ္တူမှန် (စစ်ဆေးသည့်အခါ အောင်လက်မှတ်မူရင်း တင်ပြနိုင်ရမည်)၊

(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၆) လအတွင်း ရိုက်ကူးထားသော ရောင်စုံလိုင်စင် ဓာတ်ပုံ (၂) ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်အသား ဖော်ပြရန်)၊

(င) ပြင်ပမှ လျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူမှန်၊

(စ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်း။

၄။ အခြားစုံစမ်းမေးမြန်းလိုပါက အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ တယ်လီဖုန်းအမှတ် (၀၂-၄၀၅၇၉၈၂ နှင့် ၀၂-၄၀၅၇၉၈၃) သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး လျှောက်လွှာများကို www.dryzonegreening.gov.mm တွင် download ရယူနိုင်ပါသည်။

**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅ ၊ နည်းဥပဒေ ၂၀)
## မန္တလေးခရိုင်တရားရုံး
## ၂၀၂၁ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄

Advantage Trade Co.,Ltd နှင့် ဦးမျိုးညွန့်
(၎င်းကိုယ်စား တာဝန်ပေးအပ်ခြင်း ခံရသူ ဒေါ်ဟန်သူသူအောင်)
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊(၇၈)လမ်း၊ဘီ-၄ ဆောက်လုပ်ရေးတိုက်တန်း၊ Sun Sea Star နေ ဦးမျိုးညွန့်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက စိုက်ထုတ်ပေးခဲ့ရသောငွေများနှင့် ဝန်ဆောင်ခများရယူလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၅ ရက် (၁၃၈၄ ခုနှစ် တော်သလင်းလဆန်း ၁၁ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဩဂုတ် ၄ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်ဝင်းထူး)**
**ဒုတိယခရိုင်တရားသူကြီး (၆)**
**မန္တလေးခရိုင်တရားရုံး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ (၁၁) ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ Royal Maung Bamar Condo နေ ဦးအေးကျော်မင်း ၁၂/လမန(နိုင်)၀၁၉၈၄၉ နှင့် ဒေါ်ခင်မာဝေ ၁၂/လမန(နိုင်) ၀၁၉၅၂၁ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးအေးကျော်မင်းနှင့် ဒေါ်ခင်မာဝေတို့၏ သားမောင်ဥက္ကာမင်း ၁၂/လမန(နိုင်)၁၄၄၇၃၁ သည် မိဘများ၏ ဆိုဆုံးမမှုများကိုမနာခံဘဲ မိဘများစိတ်ဆင်းရဲသော ကိစ္စရပ်များအား အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့ပါသဖြင့် သွာနုတ္တသားအဖြစ် သတ်မှတ်ပြီး ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့် ပတ်သက်သောကိစ္စအဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုအောင် (LL.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ (စဉ်-၃၅၅၀၉/၁၆-၁၂-၂၀၁၀)**
**တိုက်(၂၁)၊ ပထမထပ်၊ ဇေယျာမင်္ဂလာ(၁)လမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၃၁၀၆၆၄၉၈၊ ၀၉-၇၆၉၁၄၇၇၉၄**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ အလက(၂)၊Grade-9(စနစ်ဟောင်း)မှ ဦးဒံယေလ ၁၃/ကလတ(နိုင်)၀၁၇၅၁၃၏သားဖြစ်သူ မောင်နိုင်လင်းဦးအား ယနေ့မှစ၍ မောင်မင်းထက်ခိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်မင်းထက်ခိုင်**

## မွေးသက္ကရာဇ်အမှန်

ကျိုက်မရောမြို့နယ်၊ အံကရဲကျေးရွာအုပ်စု၊ ဒေါင်းကုန်းကျေးရွာနေ ဦးဌေးရုံ(ခ)ဦးဒေးယုံ-ဒေါ်သန်းဝင်းတို့၏သမီး မနွယ်နွယ်ဝင်း ၁၀/ကမရ(နိုင်)၁၂၅၈၄၃၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်အရ ၂၂-၃-၁၉၉၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကျိုက်မရောမြို့နယ်၊ မိကသစ်ကျေးရွာ၊ အထက(ခွဲ)မိကသစ်၊ ဒသမတန်း(သင်ရိုးသစ်)မှ မကြည်ကြည်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးဌေးရုံ(ခ)ဦးဒေးယုံ ၁၀/ကမရ(နိုင်)၀၃၇၁၆၅ ဖြစ်ပါကြောင်း။

**ဦးဌေးရုံ(ခ)ဦးဒေးယုံ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်3N/6104 Daihatsu Hijet S210P,P/U(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုးအောင် ၅/ကလတ(နိုင်)၁၉၄၈၉၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်73W/70298 Dayang 125M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်မိုး ၈/ခမန(နိုင်)၀၀၃၄၈၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/1425 ZNA Rich ယာဉ်လက်ဝယ်ရှိသူ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့်ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**တို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် စုစည်းနေထိုင်တဲ့ ပြည်ထောင်စုကြီးဖြစ်တဲ့အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးဟာ တို့တပ်မတော်သားတွေ အမြဲတမ်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမယ့် အမျိုးသားရေးတာဝန်ပဲဖြစ်တယ်။ အမျိုးသားရေးဆိုတာ တစ်မျိုးသားလုံးရဲ့ အကျိုးစီးပွားနဲ့ ဘာသာ၊ သာသနာ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာတို့ကို ကာကွယ်စောင့်ရှောက်ခြင်းကို ဆိုလိုတယ်။ နိုင်ငံတော်မှာ မည်သည့်နိုင်ငံရေးစနစ်၊ မည်သည့်အစိုးရ ဦးဆောင်သည်ဖြစ်စေ တပ်မတော်အနေနဲ့ တစ်မျိုးသားလုံးနဲ့သက်ဆိုင်တဲ့ အမျိုးသားရေးမူဝါဒဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို ဆက်လက်ထိန်းသိမ်းသွားရမှာ ဖြစ်တယ်။ တပ်မတော်ရဲ့ အမျိုးသားနိုင်ငံရေးကို အကောင်အထည်ဖော်ရာမှာ ပြည်သူပြည်သားများနဲ့အတူ လက်တွဲညီညီ အစွမ်းကုန်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၈) သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှကောက်နုတ်ချက်)

၂၂-၁၂-၂၀၂၁

## ယနေ့ သတင်းအညွှန်း

### ကယ်လီဖိုးနီးယားပြည်နယ် မရဏတောင်ကြား၌ ရှားရှားပါးပါးရေကြီးမှုဖြစ်ကာ လူ ၁၀၀၀ ခန့်ပိတ်မိနေ



နိုင်ငံတကာသတင်း စာ - ၁၃

.............................

### ဩဂုတ် ၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀ တွေ့ရှိ

ပြည်တွင်းသတင်း စာ - ၁၅

## အကြိမ်(၂၀) မြောက် အာဆီယံတက္ကသိုလ်များအားကစားပြိုင်ပွဲ တက္ကသိုလ်ဝူရှူးအားကစားအဖွဲ့မှ မအေးသစ္စာမြင့် ရွှေတံဆိပ်ဆွတ်ခူး



နေပြည်တော် ဩဂုတ် ၆

အကြိမ် (၂၀)မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲများကို ထိုင်းနိုင်ငံ အူဘွန်ရတ်ချဌာနီမြို့တွင် ဆက်လက်ကျင်းပလျက်ရှိရာ ယနေ့နံနက် ၁၀ နာရီက Sunee Tower ၌ ကျင်းပသည့် ဝူရှူးအားကစားပြိုင်ပွဲ နောက်ဆုံးပွဲစဉ်များဖြစ်သည့် အမျိုးသမီး ထိုက်ချီကျန့်ပြိုင်ပွဲ၊ အမျိုးသမီး နန်းသောင်းပြိုင်ပွဲ၊ အမျိုးသား အတွဲအတိုက်၊ အမျိုးသမီးအတွဲ အတိုက်ပွဲစဉ်များ၌ တက္ကသိုလ်ဝူရှူးအားကစားအဖွဲ့မှ မအေးသစ္စာမြင့် က ရွှေတံဆိပ် (ယာပုံ)နှင့် မမြတ်နိုးအိမ်က ငွေတံဆိပ်ဆုများကို ထပ်မံဆွတ်ခူးရရှိသည်။

ယနေ့ကျင်းပသည့် ဝူရှူးပြိုင်ပွဲ ပွဲစဉ် (၁) ဖြစ်သည့် အမျိုးသမီး ထိုက်ချီကျန့်

စာမျက်နှာ ၂၄ ကော်လံ ၁ ❂



## ပရီမီယာလိဂ်ဘောလုံးပွဲများ စတင် အဖွင့်ပွဲ ဖူလ်ဟမ်နှင့် လီဗာပူး သရေပွဲဖြစ်

ပရီမီယာလိဂ်အဖွင့်ပွဲစဉ်မှ အစောဆုံးပွဲစဉ်အဖြစ် တန်းတက်ဖူလ်ဟမ်အသင်းနှင့် လီဗာပူးအသင်းတို့ ပွဲစဉ်ကို ဩဂုတ် ၆ ရက် ညပိုင်းက ဖူလ်ဟမ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုး-နှစ်ဂိုးဖြင့် သရေကျခဲ့သည်။

အနိုင်ရရှိရေးအတွက် နှစ်သင်းစလုံး အင်အားအတောင့်တင်းဆုံးပုံစံဖြင့် ပွဲထွက်လာခဲ့သည့်အတွက် ပရိသတ်အကြိုက်ပွဲကောင်းတစ်ပွဲ ဖြစ်ခဲ့သည်။ လီဗာပူးအသင်းသည် ဖူလ်ဟမ်အသင်းကို ဖိအားပေးကစားနိုင်ခဲ့သည်ဆိုသော်လည်း အသင်းတိုက်စစ်ကစားသမားများ အဆုံးသတ်လိုအပ်ချက်ရှိနေသည့်အတွက် သွင်းဂိုးများနှင့် ဝေးကွာခဲ့ရသည်။ ဦးဆောင်ဂိုးကို ဖူလ်ဟမ်အသင်းက ပွဲချိန် ၃၂ မိနစ်တွင် ရရှိခဲ့ပြီး မီထရိုဗစ်က သွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင် လီဗာပူးအသင်းသည် ကစားအားကျလာသည့် ဖာမီနို၏ နေရာကို အသစ်ခေါ်ယူထားသည့် နူနက်ဇ်ဖြင့် အစားထိုးခဲ့သည်။ ထို့နောက် လီဗာပူးအသင်း၏ တိုက်စစ်ထက်မြက်လာခဲ့ပြီး

စာမျက်နှာ ၂၂ ကော်လံ ၃ ❍